ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်၊ သောကြာနေ့၊ (30-10-2015) (၈၃၆၉)

## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည်ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)

# နိုင်ငံတော်အစိုးရအနေဖြင့် ကတိအလိုက်ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့

နေပြည်တော် အောက်တိုဘာ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးအုန်းမြင့်၊ ဒေါက်တာသန်းအောင်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ရောက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုး၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့ရှိ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (ဓာတ်ပုံ-ဦးအုန်းမြင့်-facebook)

ECONOMY Green GROWTH

obm0 t ajccabm*aA'
(ob'[ w)
t pr;a&mip;ym;a&;

အရှိုင်းပန်း၏ ဆောင်းပါး စာမျက်နှာ » ၆

မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍ ကြေညာချက်ထုတ်ပြန် စာမျက်နှာ - ၅

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ အစည်းအဝေး ပထမနေ့ စတင် စာမျက်နှာ - ၉



ကြေးမုံစာတည်းရှုထောင့် ၃၀-၁၀-၂၀၁၅၊ သောကြာနေ့

# နေထိုင်စားသောက်မှုပုံစံကိုပြုပြင်

မျက်မှောက်ကာလတွင် အများပြည်သူစားသောက်ရန်အတွက် ရောင်းချကြသော အစားအစာများမှာ ကျန်းမာရေးနှင့်ညီညွတ်မှုမရှိသည့် အနေအထားများကို မြင်တွေ့ကြားသိလာရပါသည်။ စားသုံးသူများမှာ အပြစ်ကင်းစင်သော၊ မသိနားမလည်သောသူများ ဖြစ်ကြပါသည်။ ရောင်းချသူများမှာ သိသိနှင့်သော်လည်းကောင်း၊ မသိလိုက်၍သော်လည်းကောင်း ရောင်းချကြသူများဖြစ်ပါသည်။ အကျိုးဆက်မှာ စားသုံးသူများ ကျန်းမာရေး တစ်စတစ်စထိခိုက်လာခြင်းဖြစ်ပါသည်။

စားသုံးသူများအနေဖြင့် မိမိ၏ဝမ်းမီးအတွက် အစာစားရာတွင် သင့်၏၊ မသင့်၏ မဆင်ခြင်နိုင်ဘဲ တော်သင့်သောအရသာ၊ သက်သာသော ဈေးနှုန်းတို့ရှိမည်ဆိုပါက အချိန်မရွေး၊ နေရာမရွေး ဝယ်ယူစားသောက်တတ်ပါသည်။ ကျန်းမာရေးနှင့်ညီညွတ်ကြောင်း၊ သန့်ရှင်းသော အစားအစာဖြစ်ကြောင်း ဆင်ခြေကန်မနေတတ်ပါ။ ထိုစားသုံးသူတို့၏ အားနည်းချက်ကြောင့် အစားအစာအရည်အသွေးစစ်ဆေးရေးကို လုပ်မပေးလည်း အကြောင်းမဟုတ်သည့် အခြေအနေဖြစ်လာပါသည်။

ယခုအခါ အစားအသောက်များမှ ဘေးထွက်ဆိုးကျိုးများ စားသုံးသူများအား ရိုက်ခတ်လာသဖြင့် တာဝန်ရှိသူများက အလေးထားဆောင်ရွက်မှုများရှိလာပါသည်။ မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန အစားအသောက်လုံခြုံစိတ်ချမှုဆိုင်ရာ လုပ်ငန်းအဖွဲ့က နိုဝင်ဘာလတွင် ဈေးကွက်အတွင်း ရောင်းချနေသည့် သောက်ရေသန့်များနှင့်စားသုံးဆီများကို ရှောင်တခင်စစ်ဆေးသွားမည်ဟု ကြားသိလိုက်ရသောကြောင့် စားသုံးသူများဘက်မှ အားတက်မိပါသည်။

အစားအသောက်လုံခြုံစိတ်ချမှုရှိရေးသည် ပြည်သူများကျန်းမာစွာ နေထိုင်နိုင်ရေးအတွက် အလွန်အရေးကြီးသောအချက်ဖြစ်ပါသည်။ အစားအသောက်နှင့်ပတ်သက်၍ ပြည်သူများသတိမမူတတ်လျှင်လည်း သတိမူတတ်အောင်၊ ဘေးကင်းစွာဖြင့် စားသောက်နိုင်အောင် ဆောင်ရွက်ပေးရမည်မှာ သက်ဆိုင်ရာတို့၏ အလုပ်ဖြစ်ပါသည်။ ပြည်သူများမှာ ၎င်းတို့၏အလုပ်မဟုတ်သဖြင့် စားမြဲစား၊ သောက်မြဲသောက်နေကြမည်သာဖြစ်သည်။

သက်ဆိုင်ရာက ပြည်သူများအား ရောင်းချသော အစားအသောက်များကို စဉ်ဆက်မပြတ် ကြပ်မတ်စစ်ဆေးပေးနေပါက ရောင်းချသူများအနေဖြင့် ဘေးကင်းသောအစားအစာများကိုသာ ရောင်းချကြမည်ဖြစ်သလို ပြည်သူများကလည်း စိတ်ချယုံကြည်စွာဖြင့် စားသောက်ကြပြီး ကျန်းမာသောလူမှုဘဝ ရှင်သန်မှုကို ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်ပါသည်။

ယခုအခါ စားသုံးသူပြည်သူများအနေဖြင့် မိမိတို့၏ မအားလပ်သော အခြေအနေများကို အကြောင်းပြု၍ ပြင်ပအစားအစာများကို အားထားစားသောက်နေရသည်ကို တွေ့ရပါသည်။ တစ်ချိန်သောကာလက ပြည်သူများအနေဖြင့် ပြင်ပမှ အစားအစာများကို စားသောက်ခဲ့ကြပါသည်။ နံနက်စာဖြစ်စေ၊ အားလပ်ချိန်အစာဖြစ်စေ မိမိတို့နေအိမ်တွင်ပင် မိမိတို့စိတ်ကြိုက် ချက်ပြုတ်စားသောက်တတ်ကြပါသည်။ ထိုအခါ ရောဂါဘယဖြစ်ပွားမှု နည်းပါးခဲ့ကြပါသည်။

ယခုအခါ နံနက်စာ၊ နေ့လယ်စာ၊ ညနေစာ၊ ညစာသာမက အားလပ်ချိန်အစာများအတွက်ပါ ပြင်ပသို့ထွက်၍ စားသောက်တတ်သည့် အစားအသောက်ယဉ်ကျေးမှုတစ်ရပ် ဖြစ်လာပါသည်။ ထိုသို့စားသောက်ခြင်းဖြင့် ကျန်းမာရေးနှင့်မညီညွတ်သည့် အစားအသောက်များနှင့် ကြုံတွေ့နိုင်သလို ဝင်ငွေနှင့်ထွက်ငွေ မညီမျှဘဲ စီးပွားရေးယိုပေါက်တစ်ခုလည်း ဖြစ်လာနိုင်ပါသည်။

မိမိတို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်အောင် ထူထောင်နေသောအခါဝယ် တစ်ဦးချင်းဝင်ငွေမြင့်မားရေးနှင့် ကျန်းမာစွာနေထိုင်နိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ခြိုးခြံချွေတာရေး မူဝါဒကို ကျင့်သုံးသင့်ပါသည်။ ထိုသို့ ကျင့်သုံးသောအားဖြင့် ဝင်ငွေယိုဖိတ်မှုမရှိသည့်အပြင် ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်စားသောက်မှုဘဝကို ရရှိလာနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ရောဂါဘယကင်းစင်ပြီး ကျန်းမာစွာနေထိုင်နိုင်ရေးနှင့် ချွေတာစုဆောင်းရေး အလေ့အကျင့်ကောင်းများကို ရရှိပိုင်ဆိုင်နိုင်ရန်အတွက် မိမိတို့၏ နေ့စဉ်စားသောက်မှုပုံစံများကို ပြင်ဆင်ဆောင်ရွက်တတ်စေရန် တိုက်တွန်းအပ်ပါသည်။ ။



# ကျောက်မျက်ရတနာအချောထည်လုပ်ငန်းနှင့် သင်တန်းဖွင့်

**မြစ်ကြီးနား အောက်တိုဘာ ၂၉**

ကျောက်မျက်ရတနာအချောထည်လုပ်ငန်းနှင့် သင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ ရက်က မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ တော်ဝင်ကျောက်စိမ်းကုမ္ပဏီလီမိတက်ရုံး၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းနှင့် ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးကရိုင်လဆန်တို့က အလုပ်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး ဒေါ်ကံဆီးဆိုင်းလုံ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဘိုရှိန်နှင့် တက်ရောက်လာကြသူများအား အလုပ်ရုံအတွင်းရှိ စက်ကိရိယာများဖြင့် ကျောက်အကြမ်းထည်များ ဖြတ်တောက်သည့်လုပ်ငန်း၊ ကျောက်စိမ်းလက်ကောက်၊ ကျောက်စိမ်းပုတီးအချောထည်များအဖြစ် ခေတ်မီစက်ကိရိယာများဖြင့် ပြုလုပ်ပုံအဆင့်ဆင့်နှင့် ကျောက်စိမ်းပန်းပုလုပ်ငန်းများအား စာတွေ့လက်တွေ့ သင်ကြားပြသမှုတို့ကို ကျောက်မျက်အချောထည်ပြုလုပ်နည်းသင်တန်းအတွက် သင်ကြားပို့ချပေးမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်မှ ကျောက်မျက်အသင်း ဥက္ကဋ္ဌ ကျောက်စိမ်းပန်းပုပညာရှင် Mr.Man San နှင့် အဖွဲ့ဝင်များက လိုက်လံရှင်းလင်းပြသပေးကြသည်။**(ဓာတ်ပုံ)**

အဆိုပါ ကျောက်မျက်အချောထည်သင်တန်းကို တစ်ပတ်လျှင်သင်တန်းသား ၂၀ ဖြင့် နှစ်နှစ်အတွင်း ကျောက်မျက်အချောထည်ပြုလုပ်ခြင်း အတတ်ပညာကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ်ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၂၉**

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၉၃၅၀၀ - | ၇၉၄၅၀၀ |
| မန္တလေး | ရွှေဈေး | ၇၉၃၅၀၀ - | ၇၉၄၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၆၉၀/၇၀၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၇၈. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၉၅. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၀. ၉၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၅. ၈၇၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၇. ၂၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၆၇၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၅၉. ၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၁. ၉၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၇. ၆၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၁၀. ၈၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

# ကယားပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောက်လုပ်သည့် ပွန်ချောင်းတံတား(ရှားတော)ဖွင့်

**လွိုင်ကော် အောက်တိုဘာ ၂၉**


ကယားပြည်နယ် ရှားတောမြို့နယ် ပွန်ချောင်းကျေးရွာ၌ ယနေ့နံနက်ပိုင်းက ကယားပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောက်လုပ်သည့် ပွန်ချောင်းတံတားအား ဖွင့်လှစ်ခဲ့သည်။

အဆိုပါတံတားသည် သံကူကွန်ကရစ်နှင့် ကွန်ကရစ်ကြမ်းခင်း အမျိုးအစားဖြစ်ပြီး တံတားအရှည် ပေ ၃၀၀၊ ယာဉ်သွားလမ်း ၂၄ ပေ၊ နှစ်လမ်းသွားလူသွားလမ်း တစ်ဖက်သုံးပေစီပါရှိကာ ရေလမ်းကင်းလွတ်အကျယ် ပေ ၉၀၊ အမြင့် ခုနစ်ပေ၊ တံတားခံနိုင်ဝန် တစ်စီးချင်း တန် ၆၀ ဖြစ်ကြောင်း သိရသည်။

ပွန်ချောင်းတံတား (ရှားတော) သည် ယခင်က တစ်လမ်းသွားဖြစ်၍ ဝန်လေးယာဉ်များ ဖြတ်သန်းနိုင်ခြင်းမရှိဘဲ လူစီးယာဉ်ငယ်များ၊ ဆိုင်ကယ်များနှင့် စက်ဘီးများ ဖြတ်သန်းရာတွင် စောင့်ဆိုင်းဖြတ်သန်းရသဖြင့် အချိန်နှောင့်နှေး ကြန့်ကြာခဲ့ရကြောင်း၊ လွိုင်ကော်-ရှားတော-တာတမော့ ကားလမ်းပေါ်ရှိ ပွန်ချောင်းတံတားမှာ လွိုင်ကော်မြို့နယ်နှင့် ရှားတောမြို့နယ် အစပ်တွင် တည်ရှိပြီး ပင်မတံတားနှင့် ချဉ်းကပ်လမ်းတံတား အရှည်ပေ ၂၀၀ ရှိကြောင်း၊ အဆိုပါတံတားအား ပြည်နယ်ရန်ပုံငွေကျပ်သန်း ၆၂၀ ဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး ၁၅-၉-၂၀၁၄ ရက်နေ့တွင် စတင်ဆောက်လုပ်ခဲ့ပြီး တည်ဆောက်ရေးကာလ တစ်နှစ်နီးပါးကြာခဲ့ကြောင်း သိရသည်။

တံတားဖွင့်ပွဲ အခမ်းအနားကို ကယားပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးမောင်၊ လူမှုရေးဝန်ကြီး ဦးကိုးရယ်နှင့် တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**




ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြို့စန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးသွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ၊ သီရိ

## ပြည်တွင်းရေးရာ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ပုသိမ်လေဆိပ်၌ ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အုပ်ရှစ်ကွင်း-သဇင်ကွင်း-ပုသိမ်-မော်တင် ကျေးလက်လမ်းသစ် ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

☆ရှေ့ဖုံးမှ

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မော်တော်ယာဉ်များဖြင့် ငပုတောမြို့သို့ ဆက်လက်ထွက်ခွာရာ ဒေသခံပြည်သူများက လမ်းတစ်လျှောက်မှ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ငပုတောမြို့သို့ ရောက်ရှိကြရာ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ ဒေသခံပြည်သူများက လမ်းဘေးဝဲယာမှ ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိရာ တာဝန်ရှိသူများက မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ငပုတောမြို့ရှိ ရွှေမြင်တင်ဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ရေယာဉ်ဖြင့် အုပ်ရှစ်ကွင်းကျေးရွာသို့ ရောက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ငပုတောမြို့ တစ်ဖက်ကမ်း အုပ်ရှစ်ကွင်းကျေးရွာမှ ပုသိမ်-မော်တင်လမ်း မိုင်တိုင်အမှတ်(၃၈)သို့ ဆက်သွယ်သည့် အရှည် ၁၂ မိုင်ရှိ အုပ်ရှစ်ကွင်း-သဇင်ကွင်း-ပုသိမ်-မော်တင် ကျောက်ချောလမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အုပ်ရှစ်ကွင်းကျေးရွာ၌ လာရောက်ကြိုဆိုနှုတ်ဆက်ကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ငပုတောမြို့နယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားနှင့် ဆက်သွယ်ရေးကဏ္ဍများ၊ လျှပ်စစ်မီးရရှိရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်ပေးမည့် အစီအစဉ်များ၊ နိုင်ငံတော်အစိုးရအနေဖြင့် ကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့မှုများနှင့် ရရှိခဲ့သည့် အောင်မြင်မှုရလဒ်များကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများအနေဖြင့်လည်း မိမိတို့ဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးဆက်သစ်များကို ပညာတတ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန်နှင့် မိမိတို့ရရှိပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ရလဒ်ကောင်းများကို ဆက်လက်ရှင်သန်တိုးတက်စေရေး နိုင်ငံတော်အစိုးရနှင့်အတူ တက်ညီလက်ညီဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပုသိမ်မြို့သို့ ပြန်လည်ရောက်ရှိကြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြကျွန်းသာအိမ်ရာစီမံကိန်းလုပ်ငန်းခွင်၌ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့ရှိ ရွှေမြင်တင်ဘုရား၌ ကြိုဆိုနှုတ်ဆက်ကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အုပ်ရှစ်ကွင်းကျေးရွာ၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



## ပြည်တွင်းလုပ်အဏုမြူဓာတ်ပေါင်းဖိုများကို တရုတ်နိုင်ငံ၌ စမ်းသပ်မှုစတင်ပြုလုပ်

**ပေကျင်း အောက်တိုဘာ ၂၉**

တရုတ်နိုင်ငံက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၀၀၀ ထုတ်လုပ်နိုင်သည့် အဏုမြူဓာတ်ပေါင်းဖိုများကို တည်ဆောက်ခဲ့ပြီးနောက် စမ်းသပ်မှု စတင်ပြုလုပ်လျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို မြှင့်တင်နိုင်ရေးနှင့် ရုပ်ကြွင်းလောင်စာသုံးစွဲမှုလျှော့ချရေးဟူသော ရည်မှန်းချက်ကြီးမားလှသည့်အစီအစဉ်အရ တရုတ်နိုင်ငံက ပြည်တွင်း၌ အဏုမြူဓာတ်ပေါင်းဖိုများကို ထုတ်လုပ်သွားမည်ဖြစ်သည်။

တရုတ်နိုင်ငံ ကွမ်စီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဖန်ချမ်းကန်မြို့၌ နျူကလီးယားဓာတ်ပေါင်းဖိုများကို စမ်းသပ်မှုစတင်ပြုလုပ်ကြောင်း၊ တရုတ်နိုင်ငံ အရှေ့ဘက်ပင်လယ်ကမ်းရိုးတန်းဒေသ၏ ပြင်ပတွင် ပထမဆုံးတည်ဆောက်သည့် အဏုမြူစွမ်းအင် ဓာတ်အားပေးစက်ရုံ၌ စမ်းသပ်ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

တရုတ်နည်းပညာဖြင့် အဏုမြူဓာတ်ပေါင်းဖိုများ တည်ဆောက်ရန် စီမံကိန်းတစ်ရပ်ကို ၂၀၁၀ ပြည့်နှစ်တွင် စတင်ခဲ့သည်။ ယခုအခါ အဏုမြူလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံမှ စွမ်းအားပြည့် ထုတ်လုပ်နိုင်ခြင်းရှိ/မရှိ ၁၆၈ နာရီကြာ စမ်းသပ်လည်ပတ်မှုပြုလုပ်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တရုတ်အဏုမြူဓာတ်အားပေးရေးအုပ်စု(စီဂျီအင်န်)သည် ကွမ်စီးရင်းနှီးမြှုပ်နှံရေးအုပ်စု ကုမ္ပဏီလီမိတက်နှင့် ပူးပေါင်းကာ အဏုမြူလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံကို ပူးတွဲထူထောင်ခဲ့သည်။

တရုတ်နိုင်ငံသည် ပြည်ပဈေးကွက်များ၌ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၀၀၀ ထုတ်လုပ်နိုင်စွမ်းရှိသော ဓာတ်ပေါင်းဖိုများကို ရောင်းချနိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိသည်။

**ပီတီအိုင်။**




## ကမ္ဘာ့ဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့သည့် အမေရိကန်အသင်းအား သမ္မတ အိုဘားမား ဂုဏ်ပြု

**ဝါရှင်တန် အောက်တိုဘာ ၂၉**

၂၀၁၅ ခုနှစ် ဖီဖာ၏ ကမ္ဘာ့ဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲ၌ အောင်ပွဲရ အမေရိကန်အမျိုးသမီးဘောလုံးအသင်းကို အိမ်ဖြူတော်၌ အောက်တိုဘာ ၂၇ ရက်တွင် သမ္မတ အိုဘားမားက ကြိုဆိုဂုဏ်ပြုခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အမေရိကန်အမျိုးသမီးဘောလုံးအသင်းအနေဖြင့် အစွမ်းကုန်ကြိုးပမ်းခဲ့ခြင်းကြောင့် ချန်ပီယံဆုကို ထိုက်တန်စွာ ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ၁၆ နှစ်ကြာမျှ စိတ်နှလုံးကြေကွဲမှုများ ခံစားရပြီးနောက် ၎င်းတို့က ချန်ပီယံဆုဖလားကို ကနေဒါနိုင်ငံမှ အမေရိကသို့ သယ်ယူပျံသန်းလာခဲ့ကြောင်း သမ္မတ အိုဘားမားက ပြောကြားသည်။

အထူးချုပ်လုပ်ထားသည့် နံပါတ် ၄၄ ဂဏန်း ရိုက်နှိပ်ထားသော အားကစားဝတ်စုံတစ်စုံကို အမေရိကန်အမျိုးသမီးဘောလုံးအသင်း၏ နည်းပြခေါင်းဆောင် ဂျေးလ်အီးလစ်က သမ္မတ အိုဘားမားအား ပေးအပ်ခဲ့သည်။ သမ္မတ အိုဘားမားသည် ၄၄ ဦးမြောက်သမ္မတဖြစ်သည်။

ကနေဒါနိုင်ငံ ဗင်ကူးဗားမြို့တွင် ယခုနှစ်ဇူလိုင် ၅ရက်က ကျင်းပသော ကမ္ဘာ့ဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ၌ အမေရိကန်က ဂျပန်ကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရကာ ဗိုလ်စွဲခြင်းဖြစ်သည်။ အမေရိကန်အမျိုးသမီးဘောလုံးအသင်းသည် ၁၆ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ကမ္ဘာ့ဖလားကို ဆွတ်ခူးနိုင်ခြင်းဖြစ်သည်။ **ဆင်ဟွာ။**

## နီပေါ၌ စက်သုံးဆီရှားပါးပြတ်လပ်မှုကြောင့် ဝန်ကြီးချုပ်၏ယာဉ်တန်းမော်တော်ယာဉ်စီးရေ လျှော့ချ

**ခတ္တမန္ဒူ အောက်တိုဘာ ၂၉**

နီပေါနိုင်ငံ၌ စက်သုံးဆီရှားပါးပြတ်လပ်လာမှုကြောင့် ဝန်ကြီးချုပ် ကေပီရှားမားအိုလီ၏ လုံခြုံရေးမော်တော်ယာဉ်တန်းပါ မော်တော်ယာဉ်စီးရေကို လျှော့ချရန်နှင့် ယာဉ်တန်းနှင့်အတူ လိုက်ပါသည့် လုံခြုံရေးတပ်ဖွဲ့ဝင် ဦးရေကိုလည်း လျှော့ချရန် ညွှန်ကြားလိုက်ကြောင်း ပီတီအိုင်သတင်းတွင် ဖော်ပြသည်။

ဝန်ကြီးချုပ်သစ် အိုလီသည် ၎င်းကိုယ်တိုင် စက်သုံးဆီသုံးစွဲမှုကို လျှော့ချလိုက်ပြီး ပြည်သူများအနေဖြင့်လည်း မော်တော်ယာဉ်များအတွက် စက်သုံးဆီသုံးစွဲမှုလျှော့ချရန် တိုက်တွန်းခဲ့သည်။

ဝန်ကြီးချုပ်၏ ညွှန်ကြားချက်အရ ဝန်ကြီးချုပ်၏ မော်တော်ယာဉ်တန်းလုံခြုံရေးအတွက် အစောင့်အကြပ်အဖြစ်လိုက်ပါသည့် မော်တော်ယာဉ်စီးရေနှင့် သက်တော်စောင့်အင်အားကို လျှော့ချမည်ဖြစ်သည်။ အလားတူပင် ပြည်ထဲရေးဝန်ကြီး ရှတ်တီဗဟာဒူး ဘာစနက်ကလည်း ၎င်း၏ လုံခြုံရေးယာဉ်တန်းပါကားစီးရေကိုလျှော့ချမည်ဖြစ်သည်။

နီပေါနိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ အုပ်ချုပ်ရေးနယ်မြေပြင်ဆင်သတ်မှတ်ခြင်းနှင့်ပတ်သက်၍ မကျေမနပ်ဖြစ်နေကြသည့် တိုင်းရင်းသားများက အိန္ဒိယနိုင်ငံနှင့်ထိစပ်နေသော ကုန်သွယ်ရေးလမ်းကြောင်းကို ပိတ်ဆို့ကာ ဆန္ဒပြလာကြသည်မှာ ယခုအခါ တစ်လနီးပါးမျှ ကြာမြင့်ခဲ့ပြီဖြစ်သည်။ အကျိုးရလဒ်အားဖြင့် အိန္ဒိယနိုင်ငံမှ နီပေါနိုင်ငံသို့ စက်သုံးဆီတင်ပို့မှု ရပ်ဆိုင်းသွားကာ လောင်စာဆီရှားပါးပြတ်လပ်မှုအခြေအနေ ဖြစ်ပေါ်ရသည်။ **ပီတီအိုင်။**

## ဂျပန်-တရုတ်-တောင်ကိုရီးယား သုံးပွင့်ဆိုင်အစည်းအဝေး နိုဝင်ဘာ ၁ ရက်တွင် ကျင်းပမည်

**တိုကျို အောက်တိုဘာ ၂၉**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် နိုဝင်ဘာ ၁ ရက်တွင် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ကျင်းပမည့် တရုတ်-ဂျပန်-တောင်ကိုရီးယား သုံးပွင့်ဆိုင်ထိပ်သီးအစည်းအဝေးတက်ရောက်ရန်အတွက် တောင်ကိုရီးယားနိုင်ငံသို့ နှစ်ရက်ကြာခရီးသွားရောက်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးနှင့် တရုတ်ဝန်ကြီးချုပ် လီကွမ်းရီတို့ နိုဝင်ဘာ ၁ ရက်တွင် သီးခြားတွေ့ဆုံနိုင်ရန်နှင့် ဝန်ကြီးချုပ်အာဘေးနှင့် တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးတို့ နိုဝင်ဘာ ၂ ရက်တွင် သီးခြားတွေ့ဆုံနိုင်ရန်အတွက် ဂျပန်အစိုးရအဖွဲ့အနေဖြင့် စီမံဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း ဂျပန်အစိုးရအဖွဲ့အတွင်းရေးမှူး ဟိုရှိဟိုက်ဆူဂါက မီဒီယာသို့ပြောကြားခဲ့သည်။

ယင်းသုံးပွင့်ဆိုင်ဆွေးနွေးပွဲတွင် ခေါင်းဆောင်များက နိုင်ငံအချင်းချင်း ဆက်ဆံရေးတိုးမြှင့်မှုများနှင့် ပတ်သက်ပြီး ဆွေးနွေးဖွယ်ရှိကြောင်း ဆူဂါက ခန့်မှန်းပြောကြားခဲ့သည်။

တရုတ်နှင့်ဂျပန်နိုင်ငံတို့သည် ကမ္ဘာ့စီးပွားရေးဒုတိယနှင့် တတိယ အကောင်းဆုံးနိုင်ငံများဖြစ်ကြပြီး တောင်ကိုရီးယားနိုင်ငံသည်လည်း စီးပွားရေးမြင့်မားလျက်ရှိသောနိုင်ငံဖြစ်ကြောင်း ဆူဂါက မှတ်ချက်ပေးပြီး ယင်းနိုင်ငံများအနေဖြင့် ဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်းတည်ငြိမ်အေးချမ်းရေးအတွက် အကျိုးသက်ရောက်စေမည့်ကိစ္စရပ်များကို ဆွေးနွေးဖွယ်ရှိကြောင်းပြောသည်။

နိုဝင်ဘာ ၁ ရက်တွင် ကျင်းပမည့် ဂျပန်နှင့် တောင်ကိုရီးယားခေါင်းဆောင်နှစ်ဦးတို့၏ တွေ့ဆုံဆွေးနွေးပွဲသည် ၂၀၁၂ ခုနှစ် မေလကစပြီး ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်သည်။ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် သမ္မတ ပတ်ဂွန်ဟေး တို့အနေဖြင့်လည်း ပထမဆုံးအကြိမ် သီးခြားတွေ့ဆုံခြင်းပင်ဖြစ်ကြောင်းသိရသည်။

**အင်န်အိတ်ချ်ကေ။**

## တရုတ်နိုင်ငံတွင် ကလေးတစ်ယောက်သာမွေးဖွားရမည့်မူဝါဒ ဖျက်သိမ်းလိုက်ပြီ

**ပေကျင်း အောက်တိုဘာ ၂၉**

တရုတ်နိုင်ငံတွင် ဆယ်စုနှစ်ပေါင်းများစွာ ချမှတ်ထားသည့် ဇနီးမောင်နှံစုံတွဲတစ်တွဲလျှင် ကလေးတစ်ယောက်သာ မွေးဖွားရမည့်မူဝါဒကို ယခုအချိန်တွင် ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း နိုင်ငံပိုင်ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြထားသည်။



ဇနီးမောင်နှံစုံတွဲများကို ယခင်ကကဲ့သို့ ကလေးတစ်ဦးတည်းသာမွေးရန် တားမြစ်ထားခြင်းမပြုတော့ဘဲ ကလေးနှစ်ယောက်မွေးဖွားနိုင်ပြီဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက တရုတ်ကွန်မြူနစ်ပါတီ၏ ထုတ်ပြန်ကြေညာချက်ကို ကိုးကားပြီး ဖော်ပြထားသည်။

အဆိုပါမူဝါဒချမှတ်ထားခဲ့ခြင်း၏အကျိုးဆက်မှာ နိုင်ငံအတွင်း သက်ကြီးရွယ်အိုဦးရေများပြားလာသော်လည်း ကလေးမွေးဖွားမှုနှုန်း သန်း ၄၀၀ ခန့်ကို တားမြစ်ခဲ့ကြောင်းသိရသည်။ ကလေးတစ်ယောက်မူဝါဒကို ဖောက်ဖျက်သောဇနီးမောင်နှံတို့အား ဒဏ်ကြေးငွေပေးဆောင်ခြင်း၊ အလုပ်ထုတ်ပယ်ခြင်းတို့မှစပြီး အတင်းအဓမ္မ သန္ဓေသားဖျက်ချခြင်းထိ အမျိုးမျိုးသော အပြစ်ဒဏ်များပေးခဲ့ကြောင်း သိရသည်။

လူဦးရေစစ်တမ်းကောက်ယူသူများနှင့် လူမှုဗေဒပညာရှင်များက အလုပ်သမားလုပ်အား ကျဆင်းလာခြင်းနှင့် လူမှုစရိတ်များမြင့်တက်ခြင်းတို့ ဖြစ်ပေါ်လာသည်ကို ထောက်ပြကြသည့်အတွက် အချို့သောစီရင်စုများတွင် ယင်းမူဝါဒကို ဖြေလျှော့ပေးခဲ့သည်။ တရုတ်ကွန်မြူနစ်ပါတီက ၂၀၁၃ ခုနှစ်ကစပြီး အမျိုးသားစည်းမျဉ်းများကို တရားဝင်ဖြေလျှော့ပေးခဲ့ရာ ဇနီးမောင်နှံစုံတွဲတစ်တွဲတွင် တစ်ဦးက တစ်ဦးတည်းသောသား သို့မဟုတ် သမီးဖြစ်နေပါက ကလေးနှစ်ဦးထိ မွေးဖွားခွင့်ပြုထားကြောင်းသိရသည်။ **ရိုက်တာ။**

# ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး



**နေပြည်တော် အောက်တိုဘာ ၂၉**

ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၃/၂၀၁၅)ကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ (၇)ပါတီမှတာဝန်ရှိသူများ၊ ကော်မရှင်အတွင်းရေးမှူးနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ကျေးသီးမြို့နယ်၊ မိုင်းရှူးမြို့နယ်နှင့် နယ်မြေဒေသအချို့တွင် ရွေးကောက်ပွဲရွှေ့ဆိုင်းခဲ့ခြင်းနှင့်စပ်လျဉ်း၍ ကော်မရှင်တစ်ခုတည်းက ဆုံးဖြတ်ဆောင်ရွက်ခဲ့ခြင်း မဟုတ်ကြောင်း၊ သီပေါမြို့နယ် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့များက ၎င်းဒေသများတွင် လုံခြုံရေးအခြေအနေအရ ရွှေ့ဆိုင်းပေးရန် တင်ပြခဲ့ကြောင်း၊ ကော်မရှင်အနေဖြင့်လည်း ဆန္ဒမဲလက်မှတ်များအား ၎င်းဒေသများသို့ ပေးပို့နိုင်ခြင်းမရှိသေး၍ ရွှေ့ဆိုင်းခြင်းဖြစ်ကြောင်း၊ မဲလက်မှတ်များအား ကျေးသီးမြို့နယ်အတွက် ခိုလန်ရဲစခန်း၊ မိုင်းရှူးမြို့နယ်အတွက် ကွန်ဟိန်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ငွေတိုက်တို့တွင် လုံခြုံစွာ ထိန်းသိမ်းထားကြောင်း။

ရွေးကောက်ပွဲနီးလာသည်နှင့်အမျှ မဲဆွယ်စည်းရုံးဟောပြောမှုများသည် အရှိန်အဟုန်မြင့်တက်လာပြီး ပဋိပက္ခအသွင်မရောက်ရှိစေရန်နှင့် အေးချမ်းတည်ငြိမ်စေရေးအတွက် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအနေဖြင့် Code of Conduct နှင့် ညွှန်ကြားချက် (၁/၂၀၁၄) တို့အားလိုက်နာဆောင်ရွက်ပြီး မိမိတို့ပါတီဝင်များနှင့် ထောက်ခံသူများအား ကြပ်မတ်ထိန်းသိမ်းသွားရန် အထူးလိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးစီမံခန့်ခွဲမှုဗဟိုကော်မတီမှ ရဲမှူးကြီးမျိုးသန်းက လုံခြုံရေးစီမံခန့်ခွဲမှု ကော်မတီအဆင့်ဆင့်ဖွဲ့စည်းမှု၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ရဲတပ်ဖွဲ့အင်အား စုဖွဲ့ထားမှုနှင့် ဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေး ပါတီ၊ အမျိုးသားတိုးတက်ရေးပါတီတို့က ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသောဌာနဆိုင်ရာတာဝန်ရှိသူများက ရွေးကောက်ပွဲအတွက် ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ တင်ပြဆွေးနွေးကြပြီး ကော်မရှင်အဖွဲ့ဝင်ဦးညွန့်တင်က ရွေးကောက်ပွဲနေ့ တည်ငြိမ်အေးချမ်းရေးအတွက် မဲရုံပရဝဏ်မှ ကိုက် ၅၀၀ အတွင်း ပါတီအမှတ်တံဆိပ်ပါ အဝတ်အစားများ၊ နဖူးစည်းများဝတ်ဆင်၍ အစုအဝေးမပြုရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်းက ပြည်ပနိုင်ငံရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်က မဲစာရင်းတွင် လူပိုများပါဝင်နေမှုနှင့် အိမ်ငှားနေထိုင်သူများ ပြောင်းရွှေ့သွားသည့်အခါ မဲပေးနိုင်ရေး ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အဖွဲ့ဝင်ဦးဝင်းကိုက သတင်းရယူမည့် မီဒီယာသမားများအနေဖြင့် မဲရုံအတွင်းဝင်ခွင့်မရှိကြောင်းနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ နိုင်ငံရေးပါတီများမှ ရွေးကောက်ပွဲနေ့၌ ပါတီအမှတ်တံဆိပ်ပါ အဝတ်အစားများဝတ်ဆင်၍ စုရုံးခြင်းမပြုရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိုင်ငံရေးပါတီများ၏ ဆွေးနွေးချက်များအပေါ် ရှင်းလင်းဆွေးနွေးပြီး နိုင်ငံရေးပါတီများအနေဖြင့် မဲဆွယ်စည်းရုံးရေးကာလအတွင်း Code of Conduct နှင့် (၁/၂၀၁၄) တို့ကိုလိုက်နာဆောင်ရွက်စေလိုကြောင်း၊ ရွေးကောက်ပွဲအလွန် ကာလတွင်လည်း အနိုင်ရအာဏာရပါတီအနေဖြင့် တိုင်းပြည်တိုးတက်အောင် ဆောင်ရွက်သွားရန်လိုအပ်သကဲ့သို့ ကျန်ပါတီများအနေဖြင့်လည်း တိုင်းပြည်တိုးတက်ရေးအတွက် အကြံပြုထောက်ကူ ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**( သတင်းစဉ် )**

## မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍ ကြေညာချက်ထုတ်ပြန်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
### မဲဆန္ဒနယ်ပြင်ပ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍ကြေညာချက်

**နေပြည်တော် အောက်တိုဘာ ၂၉**

ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံသို့တက်ရောက်နေသော အတွင်းလူနာများသည် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ ကြိုတင်ဆန္ဒမဲပေးလိုကြောင်း ပုံစံ (၁၅) ဖြင့် လျှောက်ထားလာသဖြင့် သက်ဆိုင်ရာ မြို့နယ်နှင့် ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲများက စိစစ်ပြီး ပုံစံ (၁-၁) ဖြင့် စာရင်းပြုစုထားပြီးဖြစ်ပါသည်။

ထိုနည်းတူ ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များသည် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ ကြိုတင်ဆန္ဒမဲပေးလိုကြောင်း ယင်းတို့၏ တပ်မှူးထံမှ စာရင်းပေးပို့လာသဖြင့် သက်ဆိုင်ရာ မြို့နယ်နှင့် ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲများက စိစစ်ပြီး ပုံစံ (၁-၂) ဖြင့် စာရင်းပြုစုထားပြီး ဖြစ်ပါသည်။

အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပသို့ ရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ပုံစံ (၁၅) များတွင်ဖြည့်သွင်း၍ သက်ဆိုင်ရာ သံရုံးအကြီးအမှူး၊ အမြဲတမ်းကိုယ်စားလှယ်ရုံးအကြီးအမှူး၊ ကောင်စစ်ဝန်ရုံးအကြီးအမှူးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့ရမည်။ ကော်မရှင်သည် မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံသို့ပေးပို့ပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ဆက်လက်ပေးပို့ရမည်။ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ယင်းပုံစံများကိုစိစစ်၍ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းကို ပုံစံ (၁-၃) ဖြင့် ရေးသားပြုစုပါသည်။

သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် အဆိုပါ ပုံစံ (၁-၁)၊ (၁-၂) နှင့် (၁-၃) တို့တွင် ပါရှိသော မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးနိုင်ရန် ကြိုတင်ဆန္ဒမဲလက်မှတ်များကို နည်းဥပဒေများပါ သတ်မှတ်ထားချက်များနှင့်အညီ လိုက်နာဆောင်ရွက်၍ သက်ဆိုင်ရာ ဌာနအကြီးအမှူးများ၊ တပ်မှူးများနှင့် သံရုံးအကြီးအမှူးများထံသို့ ပေးပို့သွားမည် ဖြစ်ပါသည်။

သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ပြုစုထားသည့် ပုံစံ (၁-၁)၊ (၁-၂) နှင့် (၁-၃) တို့တွင်ပါရှိသော မဲဆန္ဒရှင်များသည် သက်ဆိုင်ရာဌာနအကြီးအမှူး (သို့မဟုတ်) တပ်မှူး(သို့မဟုတ်) သံအမတ်ကြီးနှင့် သံရုံးတာဝန်ခံတို့က စီစဉ်ပေးသည့် နေ့ရက်နှင့် နေရာ၌ ကြိုတင်ဆန္ဒမဲလက်မှတ်များတွင် မိမိတို့ဆန္ဒပြုလိုသည့်အတိုင်း ဆန္ဒမဲပေးကြရပါမည်။ ယင်းသို့ ဆန္ဒပြုပြီးသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာစာအိတ်အသီးသီး၌ ထည့်သွင်း၍ လုံခြုံစွာပိတ်ပြီး မိမိတို့၏ ဌာနအကြီးအမှူး (သို့မဟုတ်) တပ်မှူးထံ ချက်ချင်းပြန်လည်ပေးအပ်ရပါမည်။

သက်ဆိုင်ရာဌာနအကြီးအမှူး (သို့မဟုတ်) တပ်မှူးသည် ကြိုတင်ဆန္ဒမဲလက်မှတ်များ ပါဝင်သော စာအိတ်အသီးသီးကို လက်ခံရရှိသည့်အခါ ယင်းစာအိတ်များအား သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရပါမည်။

မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ကြိုတင်ဆန္ဒမဲလက်မှတ်များပါဝင်သည့် စာအိတ်များ လက်ခံရရှိသည့်အခါ ယင်းစာအိတ်များပေါ်တွင် လက်ခံရရှိသည့် အမှတ်စဉ်၊ နေ့ရက်နှင့်အချိန်တို့ကိုဖော်ပြ၍ ပုံစံ (၁၈-၁) တွင် ရေးသွင်းပြီး ယင်းစာအိတ်တို့ကို ကိုယ်စားလှယ်လောင်းများနှင့် သက်သေများအားပြသပြီး ချိတ်ပိတ်ထားသည့် မဲပုံးအတွင်းသို့ထည့်၍ လုံခြုံစွာသိမ်းဆည်းထားရပါမည်။ ရွေးကောက်ပွဲနေ့ မဲရုံပိတ်ချိန် ညနေ ၄ နာရီ ထိုးသည်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များပါရှိသည့် စာအိတ်များထည့်ထားသော ချိတ်ပိတ်ထားသည့်မဲပုံးကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ လွှတ်တော်ကိုယ်စာလှယ်လောင်း (သို့မဟုတ်) ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် အများပြည်သူရှေ့မှောက်တွင် ဖွင့်လှစ်၍ ကြိုတင်ဆန္ဒမဲများကို ချက်ချင်း ရေတွက်ရပါမည်။ ရရှိသော မဲစာရင်းအား ပုံစံ (၁၈) ( မဲပေးခွင့်ရှိသော တိုင်းရင်းသားမဲစာရင်းအား ပုံစံ ၁၈-က ) ဖြင့် မှတ်တမ်းတင်ပြီး တစ်စောင်အား ရုံး၏ကြော်ငြာသင်ပုန်းတွင် ကပ်ထားရမည်။ တစ်စောင်အား ရုံးလက်ခံအဖြစ် ထားရှိရမည်။

မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ရွေးကောက်ပွဲကျင်းပသည့်နေ့ ညနေ ၄ နာရီအထိသာ လက်ခံရပါမည်။ ယင်းအချိန်ကုန်ဆုံးပြီးနောက်မှ ရောက်ရှိလာသော ကြိုတင်ဆန္ဒမဲများကို လက်ခံရေတွက်ပေးမည်မဟုတ်ပါ။ ပယ်မဲအဖြစ် သတ်မှတ်ရမည်။

သို့ဖြစ်ပါ၍ ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များထံမှ ကြိုတင်ဆန္ဒမဲများရယူခြင်း၊ ပုံစံအသီးသီးဖြင့်မှတ်တမ်းထားရှိခြင်း၊ ယင်းကြိုတင်ဆန္ဒမဲများကိုရေတွက်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ မည်သူမဆို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ရပ်ကွက်/ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများသို့ သွားရောက်၍ လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

(မှတ်ချက်။ ။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၏ နည်းဥပဒေ ၅၄။ ၅၅။ ၅၆။ ၅၇။ ၅၈။ ၅၉။ ၆၀။ ၆၁။ ၆၂။ ၆၃။ ၆၄ နှင့် ၆၇ တို့ပါ ပြဋ္ဌာန်းချက်များကို လေ့လာနိုင်ပါသည်။ )

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ကော့သောင်းမြို့နှင့် မြိတ်မြို့တို့ရှိ အကျဉ်းထောင်နှင့် အချုပ်ခန်းများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၉**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်များဖြစ်ကြသော ဦးဇော်ဝင်းနှင့် ဒေါက်တာညဏ်ဇော်တို့သည် ကော်မရှင်ရုံးဝန်ထမ်းများနှင့်အတူ အောက်တိုဘာ ၆ရက်မှ ၁၀ရက်အထိ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နှင့် မြိတ်မြို့တို့တွင်ရှိသော အကျဉ်းထောင်နှင့် အချုပ်ခန်းများအား ကြည့်ရှုစစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက်များနှင့် အကြံပြုတိုက်တွန်းချက်များကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ကြောင်း၊ ၎င်းအချက်များကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ Website ဖြစ်သော www.mnhrc.org.mm တွင် သတင်းထုတ်ပြန်ချက်အမှတ် (၁၄/၂၀၁၅)ဖြင့် ဖော်ပြထားကြောင်း သိရသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ၂၀၁၅ ခုနှစ် မတ်လတွင် အင်းစိန်ဗဟိုအကျဉ်းထောင်ကိုလည်းကောင်း၊ ဧပြီလတွင် စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့များရှိ အကျဉ်းထောင်နှင့် အချုပ်ခန်းများကိုလည်းကောင်း၊ မေလတွင် မိုင်းဆတ်မြို့ အကျဉ်းထောင်ကိုလည်းကောင်း၊ ဇူလိုင်လတွင် မန္တလေးမြို့ဗဟိုအကျဉ်းထောင်နှင့် ပုသိမ်ကြီးမြို့ ကျောက်ထုတ်အလုပ်စခန်းများ၊ လားရှိုးမြို့၊ သီပေါမြို့နှင့် နောင်ချိုမြို့နယ်များရှိ အကျဉ်းထောင်နှင့် အလုပ်စခန်းများကိုလည်းကောင်း၊ ဩဂုတ်လတွင် သာယာဝတီဗဟိုအကျဉ်းထောင်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

**နေပြည်တော် အောက်တိုဘာ ၂၉**

နိုင်ငံတော်အစိုးရသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်တင်ရေးအတွက် သမဝါယမကဏ္ဍအနေဖြင့် အသေးစားအရင်းအနှီး ချေးငွေလုပ်ငန်း၊ လယ်ယာသုံး၊ လုပ်ငန်းသုံး၊ ရေလုပ်ငန်းသုံး စက်ကိရိယာများအား အရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်း (Hire Purchase System) လုပ်ငန်းနှင့် သမဝါယမအသင်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ စက်တင်ဘာ ၃၀ ရက်ထိ သမဝါယမအသင်းသားပေါင်း ၃၇၆၂၀၈၃ ဦးဖြင့်

## သမဝါယမအသင်းသားများသို့ လယ်ယာသုံးစက်ကိရိယာ အစီးပေါင်း ၃၃၁၄၈၆ စီးကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးထား

ပါဝင်ဖွဲ့စည်းထားသော သမဝါယမအသင်း ၃၇၃၈၃ သင်းတို့သည် သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာနအဆင့်ဆင့်တွင် မှတ်ပုံတင်ထားကြသည်။ အသေးစားအရင်းအနှီးချေးငွေ လုပ်ငန်းဆောင်ရွက်နိုင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ် (EXIM Bank)ထံမှ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ချေးယူပြီး ဆောင်ရွက်လျက်ရှိရာ အသင်းသားများ၏ အစု၊ စုဆောင်းငွေများ၊ အသင်းပိုင်ငွေနှင့် EXIM Bank ချေးငွေအပါအဝင် ၃၀၇ မြို့နယ် သမဝါယမအသင်း ၃၄၉၁၃ သင်းရှိ သမဝါယမအသင်းသား ၃၁၅၈၅၁၂ ဦးသို့ ချေးငွေပေါင်း ၄၃၇၅၃၈ ဒသမ ၈၀၃ ကျပ်သန်းကို ထုတ်ချေးပေးထားကြောင်း သိရသည်။ ထို့အပြင် လယ်ယာသုံး၊ လုပ်ငန်းသုံး၊ ရေလုပ်ငန်းသုံး စက်ကိရိယာ စုစုပေါင်း ၃၃၁၄၈၆ စီး တန်ဖိုးငွေ စုစုပေါင်း ၁၂၆၁၁၅ ဒသမ ၄၇၇၆ ကျပ်သန်းကို အသင်းသား ၄၁၃၉၇ဦးသို့ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးထားကြောင်း သိရသည်။

**(သတင်းစဉ်)**

*၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း နေပြည်တော်၌ကျင်းပခဲ့သည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံအစိမ်းရောင်စီးပွားရေးဌာန(ASEAN Institute for Green Economy- AIGE)တစ်ခုကို မြန်မာနိုင်ငံ (ရန်ကုန်မြို့)၌ ဖွင့်လှစ်တည်ထောင်နိုင်မှု တစ်နှစ်ပြည့်အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး -*

t ½kdyef-a&;onf

# သဘာဝအခြေခံဘောဂဗေဒ (သို့မဟုတ်) အစိမ်းရောင်စီးပွားရေး

**'ပန်းသီး' အမှတ်တံဆိပ်ကပ် ကွန်ပျူတာ၊ မိုဘိုင်းဆက်သွယ်ရေးနှင့် မီဒီယာကိရိယာများ ထုတ်လုပ်သည့် Apple ကုမ္ပဏီသည် တရုတ်နိုင်ငံရှိ ယင်း၏စက်ရုံခွဲ၌ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ရာနှုန်းပြည့်သုံးစွဲကာ လုပ်ငန်းများလည်ပတ်နိုင်ပြီဟု အောက်တိုဘာ ၂၁ရက်က ထုတ်ပြန်ကြေညာခဲ့သည်။ အမေရိကန်ရှိ ထိပ်တန်းကုမ္ပဏီကြီးဖြစ်သော Apple ကုမ္ပဏီ၏ ကြီးမြတ်လှသော ရည်မှန်းချက်မှာ ကုန်ထုတ်လုပ်မှုတွင် သဘာဝပတ်ဝန်းကျင် မပျက်ယွင်းစေသော စွမ်းအင်ကိုအသုံးပြုခြင်းဖြင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည့်စုံသည့်လောကလူ့ဘောင်ကို တည်ဆောက်ရန်ပင် ဖြစ်လေသည်။**

တရုတ်နိုင်ငံသည် Apple ကုမ္ပဏီအတွက် အဓိကကျလှသည့် ဈေးကွက်ခက်မကြီးတစ်ခုဖြစ်သည်။ကမ္ဘာတစ်ဝန်း၌ အစားထိုးစွမ်းအင်သုံးစွဲရေးအတွက် ဦးတည်လှုပ်ရှားလာကြချိန်တွင် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ Apple ကုမ္ပဏီက တရုတ်နိုင်ငံ၌ နေစွမ်းအင်စီမံကိန်းများကို ရေးဆွဲထားပြီး ယခုအချိန်မှသည် ၂၀၂၀ ပြည့်နှစ်အထိ တစ်စီတစ်တန်း အကောင်အထည်ဖော်သွားမည်ဟု ဆိုသည်။

သန့်ရှင်းသော စွမ်းအင်သုံးစွဲရေး ရည်မှန်းချက်အရ ကမ္ဘာတစ်ဝန်းရှိ မိမိ၏စက်ရုံခွဲများ၌ ၈၇ ရာခိုင်နှုန်းအထိ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကို သုံးစွဲနိုင်ပြီဟု Apple ကုမ္ပဏီက ဝင့်ဝင့်ကြွားကြွားပင် ပြောဆိုခဲ့လေသည်။

"ရာသီဥတုပြောင်းလဲမှုဟာ ကျွန်တော်တို့ရဲ့ခေတ်မှာ အကြီးမားဆုံး စိန်ခေါ်မှုတစ်ရပ်ပါ။အပြောမဟုတ် အလုပ်နဲ့သက်သေပြကြပါစို့. . . ."ဟု Apple အမှုဆောင်အရာရှိချုပ် တင်ကွတ်က ပြောကြားလေသည်။

"အစိမ်းရောင် စီးပွားရေးဆီသို့ အသွင်ပြောင်းကြရာမှာ တီထွင်ဆန်းစစ်မှုတွေလိုတယ်။ ဦးတည်ချက်ရှိဖို့လိုတယ်။အစိမ်းရောင်စီးပွားရေး တည်ဆောက်နိုင်ဖို့ လုပ်ဖော်ကိုင်ဖက် ကုမ္ပဏီတွေနဲ့ လက်တွဲဆောင်ရွက်သွားမယ်" ဟုသူက ကမ်းလင့်လေသည်။

Apple ကုမ္ပဏီသည် တရုတ်နိုင်ငံ စီချွမ်းပြည်နယ်၌ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀ ထုတ်လုပ်နိုင်မည့် ဆိုလာစီမံကိန်းများ အကောင်အထည်ဖော်မှုမှာ မကြာမီက ပြီးဆုံးခဲ့သည်။ မဂ္ဂါဝပ် ၂၀၀ ထုတ်လုပ်နိုင်မည့် ဆိုလာစီမံကိန်းများကိုလည်း ဆက်လက်လုပ်ကိုင်သွားမည်ဟု ဆိုသည်။

ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့မက်ထရစ်တန်ချိန်သန်း ၂၀ အထိ လျှော့ချနိုင်မည့် စီမံကိန်းများဖြစ်ပြီး တရုတ်နိုင်ငံ၌ Apple ကုမ္ပဏီက လက်ရှိသုံးစွဲနေသည့် လျှပ်စစ်ဓာတ်အားပမာဏထက် ပိုမိုသောပမာဏအထိကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အဖြစ် ထုတ်လုပ်သွားမည်ဟု တင်ကွတ်က ပြောကြားခဲ့သည်။

Apple ကုမ္ပဏီ၏ အကြီးအကဲ တင်ကွတ်ဆိုမိန့်သလိုပင် ရာသီဥတုပြောင်းလဲခြင်း၊ လူဦးရေတိုးပွားခြင်းနှင့် သဘာဝသယံဇာတများ ယုတ်လျော့လာခြင်းတို့သည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအားလုံး၏ဘုံရည်မှန်းချက်ဖြစ်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိရေး၊ ရည်မှန်းချက်အကောင်အထည်ဖော်ရေးတွင် အကြီးမားဆုံးစိန်ခေါ်မှုပင် ဖြစ်လေသည်။

ကမ္ဘာ့လူဦးရေသည် ၂၀၅၀ ပြည့်နှစ်အရောက်၌ သန်းပေါင်း ၉၀၀၀ အထိ မြင့်တက်လာမည်ဟု ခန့်မှန်းရပြီး တိုးတက်လာသည့် လူဦးရေအတွက် သဘာဝသယံဇာတများကို ပိုမိုအသုံးပြုလာရမည်ဖြစ်သည်။

သို့ရာတွင် မဝေးတော့သည့် အနာဂတ်ကာလ၌ ကမ္ဘာ့တစ်သက် အစားထိုးပြန်လည်မရနိုင်တော့သည့် ရေနံ၊ ကျောက်မီးသွေး စသည့်လောင်စာများ ကမ္ဘာပေါ်မှ ကုန်ခမ်းပျောက်ကွယ်တော့မည်ဟု သိပ္ပံပညာရှင်များက သတိပေးထားလေသည်။

ရုပ်ကြွင်းလောင်စာများသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေပြီး ကမ္ဘာကြီးပူနွေးမှုကို အကျိုးသက်ရောက်စေသည်။ သို့ဖြစ်၍ သဘာဝပတ်ဝန်းကျင်မပျက်ကမ္ဘာတည်သရွေ့ ကုန်ခမ်းဖွယ်ရာမရှိသည့် နေရောင်ခြည်စွမ်းအင်၊ ရေစွမ်းအင်၊ လေစွမ်းအင်တို့ကို ပြောင်းလဲသုံးစွဲရန် လိုအပ်လာခြင်းဖြစ်သည်။

ကမ္ဘာ့နိုင်ငံများသည် အတိတ်ကာလတွင် "ဖွံ့ဖြိုးမှုက အဓိက၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးက ဒုတိယ" ဟူသော အတွေးအမြင်အရ စီးပွားရေးတိုးတက်ကောင်းမွန်စေရန်ကိုသာ ဦးစားပေးခဲ့ခြင်းကြောင့် ယနေ့ကာလတွင်ကမ္ဘာမြေပူနွေးလာခြင်းနှင့်အတူ သဘာဝဘေးအန္တရာယ်များ ကျရောက်မှုတည်းဟူသော ဆိုးကျိုးသက်ရောက်မှုကို တွေ့ကြုံခံစားနေကြရပြီဖြစ်သည်။

ကမ္ဘာ့လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် ၁၉၉၀ ပြည့်နှစ် အခြေအနေနှင့် နှိုင်းယှဉ်လျှင် ၂၀၁၁ ခုနှစ်တွင် ၅၀ ရာခိုင်နှုန်းပိုမိုများပြားလာသည်ဟု သိပ္ပံပညာရှင်များက ထောက်ပြခဲ့ကြလေသည်။



တရုတ်နိုင်ငံ စီချွမ်ပြည်နယ်ရှိ နေစွမ်းအင်ထုတ်လုပ်ရေးစခန်းတစ်နေရာကို တွေ့ရစဉ်။




## အစိမ်းရောင်စီးပွားရေးလမ်းကြောင်းပေါ် မလွဲမသွေပူးပေါင်းလျှောက်လှမ်း

အစိမ်းရောင်စီးပွားရေးလမ်းကြောင်းပေါ်ကို မိမိတို့အားလုံး မလွဲမသွေပူးပေါင်းပြီး လျှောက်လှမ်းရတော့မှာ ဖြစ်ပါတယ်။ အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍဟာ အလွန်အရေးပါလှပါတယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့ နေပြည်တော် MICC – 2 ၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

ကမ္ဘာတစ်ဝန်း၌ သစ်တောများ ဧကသန်းနှင့်ချီကာ နှစ်စဉ် ပြုန်းတီးနေပြီး မျိုးရင်းမျိုးစိတ်များမှာလည်း တစ်စစမျိုးသုဉ်းပျောက်ကွယ်ခဲ့ရသည်။ အလားတူပင် ရေသယံဇာတ အရင်းအမြစ်များမှာလည်း ပိုမိုရှားပါးလာသည်ကို တွေ့ရလေသည်။

သဘာဝသယံဇာတများကို သုံးစွဲကာ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သည့်ပုံစံသည် ယနေ့ခေတ်နှင့် အံဝင်ခွင်ကျ မဟုတ်တော့သဖြင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအားလုံးက အစိမ်းရောင်စီးပွားရေးဘဝသစ်ကိုထူထောင်ရန် ဦးတည်လျက်ရှိကြလေသည်။

ယနေ့ကာလသည် အစိမ်းရောင်စီးပွားရေးလမ်းကြောင်းအတိုင်း လျှောက်လှမ်းကြရတော့မည့် အချိန်ဖြစ်သည်။ အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကမ္ဘာ့နိုင်ငံများအားလုံးက နိုင်ငံအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ကြရမည့်ခေတ်ကာလလည်း ဖြစ်လေသည်။

ကျေးလက်ရောမြို့ပြပါ သဘာဝပတ်ဝန်းကျင် မပျက်ရှေ့သို့ ခရီးဆက်နိုင်ကြဖို့ တီထွင်ဖန်တီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပုံစံအမျိုးမျိုးဖြင့် နက်နက်နဲနဲကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရမည့်အချိန်ဖြစ်လေသည်။

အစိမ်းရောင်စီးပွားရေးဟူသည် သဘာဝပတ်ဝန်းကျင် ပျက်စီးထိခိုက်နိုင်မှုနှင့် ဂေဟစနစ်များ စတေးခံရမှုတို့မရှိစေဘဲ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်သည့်စီးပွားရေး တည်ဆောက်မှုဟု ဆိုနိုင်သည်။ တစ်နည်းအားဖြင့် သဘာဝအခြေခံ ဘောဂဗေဒဖြစ်ပြီး ကမ္ဘာ့နိုင်ငံများအားလုံးက စီးပွားရေးအမြင်အရသာမက နိုင်ငံရေးအမြင်အရပါ စုစည်းလှုပ်ရှားကြရမည့် နိုင်ငံတကာစီးပွားရေးပုံစံသစ် ဖြစ်ပေလိမ့်မည်။

အစိမ်းရောင်စီးပွားရေးကို ဖော်ဆောင်ရာတွင် နိုင်ငံတော်၏ အားပေးကူညီထောက်ပံ့မှုများ လိုအပ်သကဲ့သို့ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ မြင့်မားလာရန်လည်း လိုအပ်ပေသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများသည် အစိမ်းရောင် စီးပွားရေးဘဝကို တည်ဆောက်ရာတွင် ပြည်ပမှ ငွေကြေးအကူအညီရရှိရေးထက် နည်းပညာအကူအညီရရှိရေးမှာ ပိုမိုအရေးကြီးသည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဦးစားပေးကြိုးပမ်းဆောင်ရွက်ရပေမည်။

မြန်မာနိုင်ငံသည် အလုပ်လုပ်ကိုင်နိုင်စွမ်းရှိ လူဦးရေအချိုးအစားက ပိုမိုများပြားနေသည့် ကာလကောင်းတစ်ခုကို ဖြတ်သန်းလျက်ရှိရာ လူ့စွမ်းအားအရင်းအမြစ်ကို တိုးတက်စေလျက် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းကြရပေမည်။

သဘာဝအရင်းအမြစ်များကို ရေရှည်စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲသွားနိုင်မည့် ရည်ရွယ်ချက်နှင့်အညီ စီးပွားရေးတိုးတက်မှုလမ်းကြောင်းပေါ် ရှိနေစေရန် အစိမ်းရောင်စီးပွားရေးကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများက မူဝါဒဆိုင်ရာ မဟာဗျူဟာတစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိလေသည်။

အစိမ်းရောင်စီးပွားရေး၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ကမ္ဘာ့အဖွဲ့အစည်းကြီးများဖြစ်ကြသော UNESCAP၊ OECD၊ UNEP၊ ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာ ကုန်သည်ကြီးများအသင်း စသည့် အဖွဲ့အစည်းကြီးများက အစီအစဉ်များရေးဆွဲချမှတ်၍ ကမ္ဘာ့နိုင်ငံများ ပူးပေါင်းပါဝင် ဆောင်ရွက်နေကြချိန်တွင် မြန်မာနိုင်ငံအနေဖြင့်လည်း အစိမ်းရောင်စီးပွားရေး၊ အစိမ်းရောင်

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ❐

# တာဝတိံသာဘုရားဆင်းမဟာဗုဒ္ဓဝင်ပွဲတော် ပုသိမ်မြို့၌ ခြိမ့်ခြိမ့်သဲစည်ကား

**ပုသိမ် အောက်တိုဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့အမှတ်(၃)နယ်မြေ တာဝတိံသာမဟာစေတီဗိမာန်တော်ကြီး၌ ဝါလကင်းလွတ် သီတင်းကျွတ်ပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၀ ရက် (အောက်တိုဘာ ၂၃ ရက်) မှ အစပြု၍ အဘိဓမ္မာ ခုနစ်ကျမ်းအသံမစဲ ရွတ်ဖတ်ပူဇော်ခဲ့ရာမှ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် (အောက်တိုဘာ ၂၉ရက်) ညနေဆည်းဆာအချိန်တွင် တာဝတိံသာဘုရားဆင်းမဟာဗုဒ္ဓဝင် အခမ်းအနားကျင်းပပူဇော်ရာ အမြို့မြို့အနယ်နယ်မှ ဘုရားဖူးများဖြင့် ခြိမ့်ခြိမ့်သဲစည်ကားကြောင်း သိရသည်။

အဆိုပါတာဝတိံသာဘုရားဆင်းကျင်းပခဲ့သည်မှာ နှစ်ပေါင်း ၁၂၀ ကျော်ရှိခဲ့ကြောင်း၊ ရှေးအခါက မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝရောက်ခဲ့စဉ်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်အတွင်း၌ ပသီမင်းများနှင့်ဘာသာခြားလူမျိုးခြားတို့ သူတစ်လူ၊ ငါတစ်မင်း စစ်ခင်း၍ အနိုင်လုအုပ်စိုးခံရစဉ်က ဗုဒ္ဓသာသနာသည် ကွယ်ပျောက်ရတော့မည့်အချိန်ရောက်ရှိနေသဖြင့် မန်လည်ဆရာတော်၊ မောင်းထောင်ဆရာတော်၊ ကုန်းသာဆရာတော် အစရှိသော သာသနာ့ဦးသျှောင် ဆရာတော်ကြီးတို့က ဘာသာခြား၊ လူမျိုးခြားတို့နှင့် ဗုဒ္ဓဘာသာနှင့် အလှမ်းဝေးကွာနေကြသူများအတွက် မဟာဗုဒ္ဓဝင်သရုပ်ဖော်ဇာတ်လမ်းများဖြင့် ထိုးဖောက်ခဲ့ရပြီး သီတင်းကျွတ်လတွင် တာဝတိံသာဘုရားဆင်းဗုဒ္ဓဝင်ပွဲတော်ကို ပုသိမ်မြို့ ကုန်းပိုင်းရပ်ကွက်၌ ကျင်းပသည်။ တန်ဆောင်မုန်းလတွင် ကုသိနာရုံ ဗုဒ္ဓဝင်ပွဲတော်ကို အသည်ကြီးပိုင်းရပ်ကွက်၌ လည်းကောင်း၊ နတ်တော်လတွင် နိဂြောဓာရုံဗုဒ္ဓဝင်ပွဲတော်ကို တလိုင်းချောင်းရပ်ကွက်၌လည်းကောင်း ကျင်းပခဲ့ပြီး ဘာသာခြား၊ လူမျိုးခြားများနှင့် ဗုဒ္ဓဘာသာနှင့် အလှမ်းဝေးသူများအတွက် မြတ်စွာဘုရားရှင်ဗုဒ္ဓဝင်ဖြစ်စဉ်များကို မှတ်သားနာယူခဲ့ကြသည်။

တာဝတိံသာဘုရားဆင်း ဗုဒ္ဓဝင်အခမ်းအနားတွင် မြတ်စွာဘုရားရှင်သည် တာဝတိံနတ်ပြည်၌ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားအမှူးပြု၍ နတ်ဗြဟ္မာများအား အဘိဓမ္မာ ခုနစ်ကျမ်းဟောကြားတော်မူသကဲ့သို့ တာဝတိံသာ ဗိမာန်တော်ကြီး၌ သံဃာတော်များက အသံမစဲရွတ်ဖတ်ပူဇော်ခြင်း၊ ထို့နောက် လူ့ပြည်ဌာနမှ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် ပြည်သူတို့က ရှင်မဟာမောဂ္ဂလာန်ထံမှတစ်ဆင့် ပင့်လျှောက်ချက်အရ သီတင်းကျွတ်လပြည့် နေဝင်ဆည်းဆာအချိန်၌ သိကြားမင်းဖန်ဆင်းထားရှိသော ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်း သုံးသွယ်အနက် အလယ် ပတ္တမြားစောင်းတန်းမှ နတ်ဗြဟ္မာများဝန်းရံလျက် မြတ်စွာဘုရားရှင်သည် လူ့ပြည်ဌာန ရာဇဂြိုဟ်ပြည်သို့ သက်ဆင်းတော်မူရာ လူ့ပြည်ဌာနမှ မီးရှူးမီးတိုင်များဖြင့် ဆီးကြိုပူဇော်ကြသကဲ့သို့ တာဝတိံသာဘုရားဆင်း ဗုဒ္ဓဝင်အခမ်းအနားကျင်းပခြင်းဖြစ်ကြောင်း ဂေါပကဥက္ကဋ္ဌ သီရိရတနာ ဦးတင့်လွင်က ရှင်းလင်းပြောကြားသည်။

**(ပုသိမ်လှကြည်)**





# ကျောက်တော်ကြီးဘုရား၌ ကောင်းမှုကုသိုလ်ပြုသူများ စည်ကား

**ရန်ကုန် အောက်တိုဘာ ၂၉**

ရန်ကုန်(မြောက်ပိုင်း)ခရိုင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီး)ဘုရားရင်ပြင်တော်ပေါ်တွင် (၁၃၇၇ ခုနှစ် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့)အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းတွင် အကြိမ်(၂၀) မြောက် အသံမစဲ အဘိဓမ္မာ ခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်အောင်ပွဲပြုလုပ်ခြင်း၊ သံဃာတော် ၂၁ ပါးတို့အား လှူဒါန်းပူဇော်မှုများ ပြုလုပ်၍ ကုသိုလ်ယူခြင်း၊ ဘုရားဖူးလာပြည်သူများအား ကုသိုလ်ပြုအဖွဲ့များက စတုဒိသာကျွေးမွေးခြင်းဖြင့် စည်ကားလျက်ရှိကြပြီး ညပိုင်းတွင်လည်း ဘုရားကြီးရင်ပြင်နှင့် ဂန္ဓကုဋိတိုက်တို့တွင် ဓမ္မစကြာအသံများဖြင့် ဘုရားဖူးပြည်သူများ ပူဇော်ကြပြီး ဘုရားကြီး ရှေ့ဓာတ်ပနိုက်စေတီတို့တွင် ဆီမီးများထွန်းညှိ၍ မြတ်ကုသိုလ်အဖွဲ့က ပူဇော်ကြပြီး ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

**(၆၈၄)**



**ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ရွှေဟောင်းသမိုင်းဝင် အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၌ သီတင်းကျွတ်လပြည့်ညတွင် ဆီမီးတစ်သောင်းတစ်ထောင် ထွန်းညှိပူဇော်နေသည်ကို တွေ့ရစဉ်။**

ဇော်ကြီး(ပဏ္ဍိတ)

❒ **စာမျက်နှာ ၆ မှ**

ဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရအဖွဲ့အစည်းများသာမက ပြည်တွင်းရှိ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး GEGG (မြန်မာ)အဖြစ်ဖွဲ့စည်းကာ အကျိုးအမြတ်မယူသည့် စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဦးတည်ဆောင်ရွက်လျက်ရှိလေသည်။

GEGG (မြန်မာ)အဖွဲ့အနေဖြင့် ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း နေပြည်တော်တွင် ကျင်းပခဲ့သည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ အာဆီယံအစိမ်းရောင် စီးပွားရေးဌာန(ASEAN Institute for Green Economy-AIGE)တစ်ခုကို မြန်မာနိုင်ငံတွင် ဖွင့်လှစ်တည်ထောင်နိုင်ခဲ့သည်။ ယင်းဌာနအနေဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် ဒေသတွင်း အစိမ်းရောင်စီးပွားရေးလုပ်ငန်းများကို အာဆီယံဆောင်ပုဒ်ဖြစ်သော "ငြိမ်းချမ်းပြီး သာယာဝပြောသော လူ့အဖွဲ့အစည်းဖြစ်စေဖို့ စည်းလုံးညီညွတ်စွာ လျှောက်လှမ်းရမည်"ဟူသည့် ဦးတည်ချက်နှင့်အညီ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပေသည်။

AIGE အနေဖြင့် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက် ဒေသတွင်းပတ်ဝန်းကျင်ဆိုင်ရာ၊ ရာသီဥတုနှင့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ ဖြေရှင်းရန်အတွက် လူ့စွမ်းအားအရင်းအမြစ်များတည်ဆောက်ခြင်း၊ သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ အစိမ်းရောင်စီးပွားရေးဆိုင်ရာ နည်းပညာရပ်များကို ပံ့ပိုးကူညီခြင်းတို့ကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်။

နော်ဝေနိုင်ငံ ပဋ္ဌမမြောက် ဟာရယ်ဘုရင်နှင့် မိဖုရား ဆွန်ယာတို့က ရန်ကုန်မြို့၌ မြန်မာနိုင်ငံ၏ အစိမ်းရောင်စံပြဗဟိုဌာနကို ဖွင့်လှစ်ပေးခဲ့ခြင်းမှာ မြန်မာနိုင်ငံအနေဖြင့် အစိမ်းရောင်စီးပွားရေးလမ်းကြောင်းပေါ်ရှိနေပုံကို ဖော်ကျူးနေသည်။

GEGG ဖိုရမ်များကို နှစ်စဉ်ကျင်းပခြင်းဖြင့် အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သည့် အခြေအနေများ၊ အလေ့အကျင့်များ ဖန်တီးပေးရန်များစွာအထောက်အပံ့ ဖြစ်စေမည်ဖြစ်သည်။ ထို့အပြင် အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ၊ ပိုမိုကျယ်ပြန့်လာစေရန်အတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒချမှတ်ရေး၊ မဟာဗျူဟာရေးဆွဲရေး၊ သိပ္ပံ၊ နည်းပညာနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းများတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍကို တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

စတုတ္ထအကြိမ်မြောက် အစိမ်းရောင်စီးပွားရေး၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ကို နေပြည်တော်၌ ဖေဖော်ဝါရီလအတွင်းက ကျင်းပနိုင်ခဲ့ခြင်းမှာ အစိမ်းရောင်စီးပွားရေး၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုအတွက် မြန်မာနိုင်ငံ အထူးအလေးပေးပုံကို ဖော်ညွှန်းလျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ကာဗွန်ထုတ်လွှတ်မှုနည်းပါးပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုသည့် စီးပွားရေးလုပ်ငန်းများအဖြစ် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရန် လမ်းညွှန်မှုများ ချမှတ်ပေးခဲ့ပြီးဖြစ်သည်။ အထူးသဖြင့် စွမ်းအင်ထိရောက်စွာ အသုံးပြုရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဖွံ့ဖြိုးရေး၊ စဉ်ဆက်မပြတ် စိုက်ပျိုးမွေးမြူရေး၊ သစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ရေသယံဇာတနှင့် ဂေဟစနစ်ထိန်းသိမ်းရေး၊ မြေအသုံးချမှုစနစ်တကျ ဖြစ်စေရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုလျော့နည်းသက်သာစေရေး၊ ရေရှည်တည်တံ့သည့် အစိမ်းရောင်မြို့ကြီးများ ဖြစ်ပေါ်လာရေး၊ ဘေးအန္တရာယ်ဖြစ်စေသည့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲရေး၊ သမုဒ္ဒရာ၊ ပင်လယ်နှင့်ကမ်းရိုးတန်းဒေသများ ထိန်းသိမ်းရေး၊ သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် ပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးတို့ကို အလေးထားဆောင်ရွက်ရန် လမ်းညွှန်ထားပြီးဖြစ်လေသည်။

အဆိုပါလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်လိုအပ်သည့် မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ်များကို ချမှတ်ဖော်ဆောင်လျက်ရှိသည်။

သဘာဝသယံဇာတများ ရေရှည်တည်တံ့ရေးနှင့် ယင်းသယံဇာတများအပေါ် အခြေခံကာ လူမှု-စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် စိတ်စေတနာနှင့် ပူးပေါင်းဆောင်ရွက်လိုစိတ်တို့ဖြင့် အစိမ်းရောင်စီးပွားရေး၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားတိုင်း ပါဝင်လှုပ်ရှားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရေးစည်းဝေး

**နေပြည်တော်　အောက်တိုဘာ ၂၉**

၂၀၁၅ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။**(ယာပုံ)**



အခမ်းအနားတွင် ဒုတိယသမ္မတက ယခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၆ ရက်တွင် ပြုလုပ်ရန်လျာထားပါကြောင်း၊ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့ကို ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း။

ဆရာတော်ကြီးများ ပင့်ဆောင်ရေး၊ သီတင်းသုံးနေထိုင်ရေး၊ ဆွမ်းဟင်းလျာများ ဆက်ကပ်လှူဒါန်းနိုင်ရေး၊ လုံခြုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးတို့အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရန်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သံဃာတော်များပင့်ဆောင်မှု၊ သီတင်းသုံးမည့်နေရာ စီစဉ်ဆောင်ရွက်ထားမှု၊ ကထိန်ဥတ်သင်္ကန်းလှူဒါန်းမည့် အခြေအနေ၊ ပဒေသာပင် လှူဒါန်းနိုင်ရေးဆောင်ရွက်ထားမှုနှင့် သက်ဆိုင်ရာဆပ်ကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေး၊ ဆွမ်းဆက်ကပ်ရေး၊ ဧည့်ခံကျွေးမွေးရေး၊ သံဃာတော်များပင့်ဆောင်ရေး၊ သယ်ယူပို့ဆောင်ရေး၊ လှူဖွယ်ပစ္စည်းများပြင်ဆင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရေးနှင့် ပဒေသာပင်များ ဆက်ကပ်လှူဒါန်းနိုင်ရေးတို့အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို တင်ပြကြရာ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၁၅ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၁၆ ရက်တွင် နေပြည်တော် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲသို့ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီး ၁၆ ပါး၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်ကြီးကိုးပါး၊ စေတိယ ဟိတကာရက (ရွှေသုဝဏ်)ဆရာတော်နှင့်ဥပ္ပါတသန္တိစေတီတော်ဩဝါဒါစရိယ ဆရာတော် ၁၀ ပါး၊ ဒေသခံဆရာတော် တစ်ပါးနှင့် နန်းဦးပရိယတ္တိစာသင်တိုက်ကျောင်းမှ ဆရာတော် ၁၃ ပါး စုစုပေါင်းဆရာတော်ကြီး ၆၃ ပါး ပင့်ဆောင်၍ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

# မိမိအနာဂတ်နှင့် တိုင်းပြည်အနာဂတ်အတွက် မဲပေးရွေးချယ်ကြပါစို့

မင်းထက်အောင်(မန်းကိုယ်ပွား)

**၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲကြီးနီးကပ်လာသည်နှင့်အမျှ မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြင်ဆင်ဆောင်ရွက်ထားရှိသည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး သိရှိလိုသည်များကို တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ထွန်း နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။**



တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ထွန်း။

**မေး။ ။နိုဝင်ဘာ၈ရက်မှာ ကျင်းပမယ့် ရွေးကောက်ပွဲမှာ ပြင်ဆင်ထားတဲ့ နောက်ဆုံးအခြေအနေသိပါရစေ။**

ဖြေ။ ။ကျွန်တော်တို့တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲအနေနဲ့ ရွေးကောက်ပွဲမဲပေးဖို့ စီစဉ်ထားရာမှာ ၉၀ ရာခိုင်နှုန်း ပြီးသွားပြီ။ ဆိုလိုတာက မဲရုံတွေ၊ မဲရုံသုံးပစ္စည်း၊ မဲလက်မှတ်တွေက မဲရုံတွေအားလုံးမှာ ရောက်နေပါပြီ။ မဲစာရင်း နောက်ဆုံးထုတ်ပြန်နိုင်ဖို့ ပြန်လည်စိစစ်နေပါပြီ။

**မေး။ ။မဲစာရင်း နောက်ဆုံးထုတ်ပြန်မယ့်ရက်ကို ပြောပြပေးပါ။**

ဖြေ။ ။ပြန်လည်စိစစ်ပြီး နိုဝင်ဘာ ၃ ရက် လောက်အတွင်းမှာ နောက်ဆုံးအကြိမ် မဲစာရင်းကို ထုတ်ပြန်ပေးသွားမယ်။ ပထမကြေညာတုန်းက မဲဆန္ဒရှင်ဦးရေ ၄၁ သိန်းကျော်ရှိခဲ့ပြီး ဒုတိယအကြိမ်မှာ ၄၂ သိန်းကျော်သွားတယ်။ အခုနောက်ဆုံးအကြိမ်မှာ ပုံစံ ၃(က)ခေါ်တဲ့ ရက်ပေါင်း ၁၈၀ အထက် မဲပေးမယ့်သူစာရင်းတွေ ရှိလာပြီဆိုတော့ နောက်ဆုံးစာရင်းက ၄၄ သိန်းဝန်းကျင်လောက်ရှိမယ်လို့ ခန့်မှန်းပါတယ်။

**မေး။ ။ မန္တလေးတိုင်းဒေသကြီးအတွင်း ဝင်ရောက်ယှဉ်ပြိုင်မယ့် ကိုယ်စားလှယ်လောင်းနဲ့ ပါတီအရေအတွက်၊ မဲရုံအရေအတွက်တို့ကို သိချင်ပါတယ်။**

ဖြေ။ ။တိုင်းဒေသကြီးအတွင်းမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ ၁၂၉ ဦး၊ အမျိုးသားလွှတ်တော် ၃၆ ဦး၊ တိုင်းဒေသကြီးလွှတ်တော် ၂၂၉ ဦးနဲ့ ရှမ်းတိုင်းရင်းသားကိုယ်စားလှယ် ငါးဦး စုစုပေါင်းကိုယ်စားလှယ်လောင်း ၃၉၉ ဦး ရှိပါတယ်။ ပါတီက ၂၀၊ တစ်သီးပုဂ္ဂလ တစ်ဦး ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပြီး မဲရုံပေါင်း ၅၃၈၄ ရုံရှိပါတယ်။

**မေး။ ။မဲရုံလုံခြုံရေးအတွက် ကော်မရှင်အနေနဲ့ ဆောင်ရွက်ထားမှုတွေ ပြောပြပေးပါ။**

ဖြေ။ ။၂၀၁၅ ရွေးကောက်ပွဲမှာ နိုင်ငံတော်က မဲရုံလုံခြုံရေးကို စနစ်တကျ ဆောင်ရွက်ထားတယ်။ ပထမအဆင့်က ရွေးကောက်ပွဲကော်မရှင်အနေနဲ့ ရွေးကောက်ပွဲ စေ့စပ်ညှိနှိုင်းရေးအဖွဲ့ ဗဟိုကော်မတီ၊ တိုင်းဒေသကြီးကော်မတီ၊ ခရိုင်နဲ့ မြို့နယ်ကော်မတီတွေ ဖွဲ့စည်းထားပါတယ်။

ကော်မရှင်အဖွဲ့ဝင်တွေ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်တွေ၊ မြို့မိမြို့ဖတွေက အဖွဲ့ဝင်အဖြစ် ပါဝင်ကြတယ်။ ဒီအဖွဲ့က ရွေးကောက်ပွဲနဲ့ပတ်သက်လို့ အငြင်းပွားစရာ ဖြစ်လာရင် ဖြေရှင်းပေးရမှာဖြစ်ပြီး ဆုံးဖြတ်ချက်ကို လိုက်နာရမယ်လို့ ပြဋ္ဌာန်းထားတယ်။ အဲဒီအပြင် ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့ပေးထားတဲ့ လုံခြုံရေးနဲ့စီမံခန့်ခွဲရေးကော်မတီဆိုပြီး ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ခရိုင်နဲ့ မြို့နယ်အဆင့်ဆိုပြီး ဖွဲ့စည်းထားတယ်။အဲဒီအဖွဲ့မှာ နယ်/လုံဝန်ကြီးတွေက ဥက္ကဋ္ဌအဖြစ်တာဝန်ယူပြီး လုံခြုံရေးကို ဖြေရှင်းဆောင်ရွက်သွားမှာပါ။ ပုံမှန်အနေနဲ့လည်း မဲပေးတဲ့နေ့ မဲရုံတိုင်းမှာ ရဲတပ်ဖွဲ့ဝင်တွေနဲ့ အထူးရဲတွေရှိမယ်။ကော်မရှင်အဖွဲ့ဝင်တွေရှိမယ်။ မဲရုံလုံခြုံရေးအတွက် ရေးဆွဲထားတဲ့စီမံချက် အထူးကောင်းမွန်တယ်။

**မေး။ ။ တံဆိပ်တုံးထုပြီး မဲပေးရတဲ့အတွက် လွဲချော်ပြီး ပယ်မဲဖြစ်မှာကို မဲဆန္ဒရှင်တွေ စိုးရိမ်နေတာနဲ့ပတ်သက်လို့ ဘာများပြောချင်ပါသလဲ။**

ဖြေ။ ။ အောက်တိုဘာ ၂၉ ရက်မှာ မန္တလေးမြို့ ဗထူးအားကစားကွင်းမှာ စံပြမဲရုံလုပ်ပြီး ပြည်သူတွေအားလုံးကို မဲပေးပုံအဆင့်ဆင့်ကို ကိုယ်တိုင်မဲပေးပြီး လက်တွေ့နမူနာလုပ်သွားပြီး မဲပေးတတ်အောင် အသိပညာပေးခဲ့ပြီးပါပြီ။ တိုင်းဒေသကြီးအတွင်း မြို့နယ်တိုင်းမှာ ခုလို မဲပေးတတ်အောင် သရုပ်ပြလုပ်ဆောင်ပေးနေပါတယ်။ သတင်းမီဒီယာ၊ CSO လို့ခေါ်တဲ့ အရပ်ဘက်ဆိုင်ရာလူမှုအဖွဲ့အစည်းတွေနဲ့ နိုင်ငံရေးပါတီတွေကလည်း မဲပေးနည်းအရ တံဆိပ်တုံးဘယ်လိုထုမလဲ။ ခိုင်လုံမဲ/ပယ်မဲ ရွေးချယ်တာတွေ မမှားရအောင် လုပ်ဆောင်ပေးနေတယ်။ နောက်တစ်ခုက မိမိဆန္ဒအလျောက် မဲပေးလိုသည့် ကိုယ်စားလှယ်လောင်းရဲ့အမည်ဘေးမှာ တံဆိပ်တုံးကို တစ်ကြိမ်သာ ရိုက်နှိပ်ရန်နဲ့ မည်သည့်အကြောင်းနဲ့မှ ထပ်မံရိုက်နှိပ်ခြင်းမပြုရဆိုတဲ့ အသိပေးစာကပ်ပေးထားမယ်။

**မေး။ ။မန္တလေးတိုင်းဒေသကြီးမှာ ရက်ပေါင်း ၁၈၀ အထက် ရွှေ့ပြောင်းနေထိုင်သူတွေထဲက မဲဆန္ဒရှင်စာရင်း ဘယ်လောက်ရှိပါသလဲ။**

ဖြေ။ ။အောက်တိုဘာ ၁၀ ရက်ထိ ပုံစံ-၃(က)နဲ့ လျှောက်ထားရတဲ့ ရက်ပေါင်း ၁၈၀ အထက် ရွှေ့ပြောင်းနေထိုင်သူများထဲက မဲဆန္ဒရှင်အရေအတွက်က ၁၂၀၁၀၅ ဦး ရှိတယ်။သူတို့ မဲပေးခွင့်ရှိအောင် ကော်မရှင်အဖွဲ့အပြင် နိုင်ငံရေးပါတီတွေ၊ CSO တွေ၊ မီဒီယာတွေက အပြင်းအထန်လှုံ့ဆော်ခဲ့တယ်။

**မေး။ ။ လာမယ့် ရွေးကောက်ပွဲကြီးမှာ စိုးရိမ်မှုတွေ၊ စိန်ခေါ်မှုတွေ ရှိပါသလား ။**

ဖြေ။ ။ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်က ဥပဒေညွှန်ကြားချက်တွေအရ လုပ်ဆောင်နေပါတယ်။ ခုချိန်မှာ မဲရုံမှူးတွေ၊ ဒု-မဲရုံမှူးတွေကို သင်တန်းပေးခဲ့ပြီးဖြစ်တယ်။ အဓိကအနေနဲ့ ရွေးကောက်ပွဲကော်မရှင်က ဥပဒေနဲ့အညီ ဆောင်ရွက်တတ်ဖို့လိုတယ်။ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားချက်တွေက အများကြီးပါ။ ဥပဒေ/ ညွှန်ကြားချက်တွေနဲ့အညီ ဆောင်ရွက်မယ်ဆိုရင် အောင်မြင်မှာပါ။ အလားတူ နိုင်ငံရေးပါတီတွေ၊ ကိုယ်စားလှယ်လောင်းတွေ သဘောတူညီထားတဲ့ ကျင့်ဝတ်တွေ ရှိပြီးသားပါ။

ခုလိုအားလုံးက လိုက်နာလုပ်ဆောင်ကြမယ်ဆိုရင် စိန်ခေါ်မှုတွေ မရှိနိုင်ပါဘူး။ အမှားအနည်းအပါးရှိခဲ့ရင်တောင် မဲပေးခွင့်မဆုံးရှုံးပါဘူး။ ရွေးကောက်ပွဲကျင်းပဖို့ တစ်ပတ်အလိုမှာလည်း မဲပေးခွင့်ကတ်ပြားတွေထုတ်ပေးမှာဖြစ်တော့ မဲပေးခွင့်ရှိသူစာရင်းက တိတိကျကျဖြစ်လာမှာပါ။ ပြည်တွင်းပြည်ပစောင့်ကြည့်အဖွဲ့တွေ များပြားစွာရှိနေသလို နိုင်ငံရေးပါတီတွေရဲ့ ယှဉ်ပြိုင်မှုကလည်း အရင်ရွေးကောက်ပွဲတွေထက် ပိုပြီးအင်အားတွေပြင်းထန်လာတယ်။ ဒါကြောင့် ရွေးကောက်ပွဲဟာ လွတ်လပ်ပြီးတရား မျှတမှုရှိအောင် ဥပဒေ၊ စည်းကမ်းများနဲ့အညီ လုပ်ဆောင်ထားပြီး စိန်ခေါ်မှုတွေကို ကြိုတင်ပြင်ဆင်ထားတယ်။

**မေး။ ။မဲပေးရာမှာ ပွင့်လင်းမြင်သာအောင်ပြင်ဆင်ထားတဲ့အကြောင်းနဲ့ ကြိုတင်မဲကို ဘယ်နေ့မှာ စပြီးပေးရမလဲ။**

ဖြေ။ ။ကြိုတင်မဲပေးမှုကို အပိုင်းနှစ်ပိုင်းနဲ့ပြင်ဆင်ထားတယ်။ ပထမအပိုင်းကပုံစံ-၁၅ ဖြစ်တဲ့ မဲဆန္ဒနယ်မြေပြင်ပ ရောက်နေသူတွေပါ။နောက်တစ်ပိုင်းကမဲဆန္ဒနယ်မြေအတွင်းမှာ ကြိုတင်မဲပေးခွင့်ရှိသူဆိုပြီး အပိုင်းနှစ်ပိုင်းရှိတယ်။ပြည်တွင်းမှာရှိတဲ့ ကြိုတင်မဲပေးခွင့်ရှိသူတွေက အောက်တိုဘာ ၂၉ ရက်မှာ စတင်မဲပေးလို့ရပြီ ။ အဲဒီမှာ လေးမျိုးရှိတယ်။ ပြည်ထောင်စုဆိုင်ရာ အဖွဲ့အစည်းတွေ၊ တိုင်းဒေသကြီးအဆင့်ဆိုင်ရာ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ခရိုင် ၊ မြို့နယ်မှာ ရှိတဲ့ ကော်မရှင် အဖွဲ့ဝင်တွေ၊မဲရုံမှာတာဝန်ယူကြရတဲ့ ပါတီ အသီးသီးက ကိုယ်စားလှယ်တွေ၊ မဲရုံအဖွဲ့ဝင် တွေ၊ လေ့လာစောင့်ကြည့်သူတွေ၊ ရဲဝန်ထမ်း တွေ၊ မီဒီယာတွေပါ။

ဒီလိုကြိုတင်မဲပေးတဲ့အခါမှာ မဲရုံမှာ မဲပေးသလိုမျိုး လျှို့ဝှက်ဆန္ဒပြုခန်းတွေ လုပ်ပေးထားပြီး အားလုံးကို ခေါ်ထားမယ်။ မဲပုံးတွေမှာလုံခြုံရေးကြိုးတွေနဲ့ ချိပ်ပိတ်ထားပြီး နိုဝင်ဘာ ၈ ရက် နံနက် ၆ နာရီ မဲရုံမဖွင့်ခင် သက်ဆိုင်တဲ့ မဲရုံအသီးသီးကို ပို့ပေးရမှာပါ။ နောက်ကျရင်လက်ခံမှာ မဟုတ်ဘူး။

**မေး။ ။မဲဆန္ဒရှင်တွေကို စကားလက်ဆောင် လေးပြောပေးပါ။**

ဖြေ။ ။ကျွန်တော်တို့အနေနဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကြီးဖြစ်လာအောင် ကော်မရှင်အဖွဲ့ခွဲ အသီးသီးက မဲဆန္ဒရှင်တွေ၊ စိတ်ကြိုက်ရွေးချယ်ထားတဲ့ ကိုယ်စားလှယ်တွေကို လွှတ်တော်ထဲ အရောက်ပို့ဆောင်ပေးရမှာပါ။ ရွေးကောက်ပွဲကြီး အောင်မြင်စွာနဲ့ အေးချမ်းစွာ ပြီးမြောက်အောင် အများပြည်သူက ပူးပေါင်းပါဝင်ကြရမှာဖြစ်ပါတယ်။ နောက်ဆုံးပြောချင်တာက မိမိအနာဂတ်နဲ့ တိုင်းပြည်အနာဂတ်လှပစေဖို့ မဲပေးကြပါစို့လို့ တိုက်တွန်းလိုပါတယ်။

□□

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီအစည်းအဝေး ပထမနေ့ စတင်

**ရန်ကုန် အောက်တိုဘာ ၂၉**

အစိုးရနှင့် အပစ်ရပ်စာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားအဖွဲ့အစည်း(၈)ဖွဲ့ပါဝင်သည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ "Joint Monitoring Committee" (JMC) ပထမနေ့ ဆွေးနွေးပွဲကို ယနေ့စတင်ကျင်းပသည်။

အဆိုပါ အစည်းအဝေးကို အောက်တိုဘာ ၂၉ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC)၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း(၈)ဖွဲ့တို့အကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် "Nationwide Ceasefire Agreement" (NCA)ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် နေပြည်တော်၌ လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲအပြီး အောက်တိုဘာ ၁၅ ရက် မွန်းလွဲပိုင်းမှ အောက်တိုဘာ ၁၇ ရက်အထိ နေပြည်တော်၌ပင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာညှိနှိုင်းအစည်းအဝေး "Joint Implementation Coordination Meeting" (JICM)ကို ဆက်လက်ကျင်းပခဲ့သည်။ ယင်းညှိနှိုင်းအစည်းအဝေးတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးပူးတွဲစောင့်ကြည့်ရေးကော်မတီ"Joint Monitoring Committee" (JMC)နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ "Union Peace Dialogue Joint Committee"(UPDJC)တို့ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ယနေ့ပြုလုပ်သည့် JMC အစည်းအဝေး ပထမနေ့အဖွင့်နှုတ်ခွန်းဆက်စကားတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ယနေ့ပြုလုပ်သည့် အစည်းအဝေးသည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ၏ ဖွဲ့စည်းပုံ၊ နှစ်ဖက်လိုက်နာရမည့် စည်းမျဉ်းစည်းကမ်း (COC)များအား အဓိကထားဆွေးနွေးပြီးဖြစ်ကြောင်း၊ နှစ်ဖက်လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများကို နှစ်ဖက်အဖွဲ့အစည်းများမှ အကြမ်းအားဖြင့် ရေးဆွဲထားပြီးဖြစ်သောကြောင့် JMCတွင် COCကို အဆင်ပြေစွာရေးဆွဲနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အစိုးရ၏မူဝါဒသည် NCAကို အထိရောက်ဆုံး အကောင်ထည်ဖော်ရန် ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း၊ ယနေ့ အစည်းအဝေးတွင် JMC အတွက် လုပ်ငန်းစဉ်များချမှတ်ပြီး စတင်အကောင်ထည်ဖော်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ JMC အကောင်ထည်ဖော်မှုကြောင့် အောက်ခြေတွင် ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲများကို လျှော့ချသွားနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ကိုယ်စားလှယ်များ ကိုယ်စား



ဦးခင်မောင်စိုး။



စောအိုင်းဇက်။

ကရင်အမျိုးသားအစည်းအရုံး(KNU) မှ စောအိုင်းဇက်က "အစိုးရအဖွဲ့နဲ့ အပစ်အခတ်ရပ်စဲခဲ့တဲ့တိုင်းရင်းသား(၈)ဖွဲ့ကနေ JMC ကို အဓိကတာဝန်ယူရမယ့်အချိန်ဖြစ်ပါတယ်။ အောက်ခြေမှာ တိုက်ပွဲတွေမဖြစ်ဘဲ နည်းပါးသွားအောင်၊ တစ်ဖက်မှာလည်း တိုက်ပွဲတွေမဖြစ်လာအောင် ကြိုတင်တားဆီးဖို့နဲ့ ဖြစ်လာခဲ့ရင်လည်း အချိန်မီတားဆီးနိုင်အောင် JMC ကို ဖွဲ့စည်းရခြင်း ဖြစ်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ရဲ့ အလုပ်အဖွဲ့ဖြစ်နေတဲ့ နိုင်ငံရေးမူဘောင်ဖော်ဆောင်ရေးနဲ့ နိုင်ငံရေးဆွေးနွေးပွဲ စတင်နိုင်ဖို့ လုပ်ဆောင်နေတဲ့ အဖွဲ့တွေအတွက် အနှောင့်အယှက်မဖြစ်အောင် JICM မှာ အဓိက တာဝန်ရှိနေပါတယ်။ JICM အောင်မြင်မှုကနေ နိုင်ငံရေးဆွေးနွေးပွဲကို တက်လှမ်းပြီး ဖက်ဒရယ်ဒီမိုကရေစီကို တက်လှမ်းသွားနိုင်ဖို့ ကြိုးစားသွားရမယ်လို့ ထင်ပါတယ်။ NCA ထိုးပြီးတဲ့အချိန်ကစပြီး ၁၄ ရက်အတွင်းမှာ သူ့အချိန်ဇယားအတိုင်းကို သွားနေပါတယ်"ဟု အဖွင့်နှုတ်ခွန်းဆက်စကားတွင် ပြောကြားသည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေး ကော်မတီ "Joint Monitoring Committee" (JMC)တွင် အစိုးရဘက်မှ ကိုယ်စားလှယ် ၁၀ ဦးနှင့် အပစ်ခတ်ရပ်စဲရေးလက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၁၀ ဦးစီပါဝင်သည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေး ကော်မတီ(JMC)ကို ဖွဲ့စည်းရာတွင် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်၊ ဒေသန္တရအဆင့်ဟူ၍ ဖွဲ့စည်းသွားမည်ဖြစ်သည်။ ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုအဆင့် JMC ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များအား အဓိကထား ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးကို အောက်တိုဘာ ၃၀ နှင့် ၃၁ ရက်တို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ယနေ့အစည်းအဝေးသို့ အစိုးရဘက်မှ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဗိုလ်ချုပ် ထွန်းထွန်းနောင်၊ ဗိုလ်ချုပ် မင်းနောင်၊ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင်၊ ဗိုလ်မှူးကြီး ကျော်စိုးဝင်း၊ ဗိုလ်မှူးကြီး ဝဏ္ဏအောင်၊ MPCမှ အထူးအကြံပေး ဦးလှမောင်ရွှေ၊ အစီအစဉ်ညွှန်ကြားရေးမှူး ဒေါက်တာ မင်းဇော်ဦး၊ ဥပဒေအကြံပေး ဒေါက်တာဆလိုင်းငွန်ကျုံးလျန်နှင့် တွဲဖက်



**အစိုးရနှင့် အပစ်ရပ်စာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား အဖွဲ့အစည်း(၈)ဖွဲ့ပါဝင်သည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေး ကော်မတီ "Joint Monitoring Committee" (JMC)ပထမနေ့ဆွေးနွေးပွဲ ကျင်းပစဉ်။**

(ဓာတ်ပုံ-MPC)

အစီအစဉ်ညွှန်ကြားရေးမှူး ဦးညိုအုန်းမြင့်တို့ တက်ရောက်ခဲ့ကြသည်။

တိုင်းရင်းသားကိုယ်စားလှယ်များအဖြစ် ကရင်အမျိုးသားအစည်းအရုံး (KNU) မှ စောအိုင်းဇက်နှင့် ပဒိုစောတာဒိုမူး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ(KNLA-PC)မှ စောနေစိုးမြ၊ ချင်းအမျိုးသားတပ်ဦး(CNF)မှ ဒေါက်တာ ရွှေခါးရ်၊ ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသားတပ်မတော် (DKBA)မှ စောကျော်သန်းဌေး၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO)မှ ခွန်အောင်မန်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF)မှ ဆလိုင်းယောအောင်၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)မှ ခိုင်မျိုးချစ်၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)မှ ဆောင်းဟန်နှင့် စိုင်းလျန်းအပါအဝင် အလုပ်အဖွဲ့ဝင်များတက်ရောက်ကြသည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC) ပထမနေ့အစည်းအဝေးခေတ္တရပ်နားချိန်တွင် မြန်မာ့သတင်းစဉ်မှ အစည်း



ပဒိုစောတာဒိုမူး။



ခွန်ဆေကျိုင်ယင်။

အဝေး တက်ရောက်လာကြသူများအား JMC နှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့သည်။

**ပဒိုစောတာဒိုမူး (ဗဟိုအလုပ်အမှုဆောင်ကော်မတီ)**
**ကရင်အမျိုးသားအစည်းအရုံး (KNU)**

**မေး။ ။ဒီနေ့ ဆွေးနွေးပွဲမှာ ဘယ်လိုအကြောင်းအရာတွေကို အဓိကထား ဆွေးနွေးခဲ့ပါသလဲ။**

ဖြေ။ ။NCA စာချုပ်မှာ (၁၄) ရက်မြောက်မှာ တပ်ပိုင်းဆိုင်ရာကိစ္စတွေနဲ့ JMC ကို အကောင်ထည်ဖော်ဖို့ ဆိုတာပါတယ်။ ဒါကို အကောင်ထည်ဖော်တဲ့အနေနဲ့ ဒီနေ့ဆွေးနွေးတာလည်းပါပါတယ်။ နေပြည်တော်မှာ JICM ဆိုတဲ့ အစည်းအဝေးကနေ တိုင်းရင်းသားဘက်က ၁၀ ဦးနဲ့ နိုင်ငံတော်အစိုးရဘက်က ၁၀ ဦး ဆိုပြီး ကော်မတီတစ်ခု ဖွဲ့ထားတယ်။ တကယ်တော့ အဲ့ဒီကော်မတီက (JMCU)ပါ။ ဒီမှာ နှစ်ဖက်က လက်ခံတဲ့ ပုဂ္ဂိုလ်များဆိုပြီး အဓိကကတော့ အရပ်သားတွေ ထပ်ထည့်ပေါင်းဖို့ရှိတယ်။ နောက် JMC နဲ့ ပတ်သက်တဲ့ ဖွဲ့စည်းပုံနဲ့ လုပ်ငန်းဆောင်တာတွေကိုလည်း ဆွေးနွေးဖို့ရှိမယ်။ JMC ရဲ့ ပြည်ထောင်စုအဆင့်မှာရှိရမယ့် ဖွဲ့စည်းပုံ တစ်ခုကို ဒီမနက်ဆွေးနွေးမှုမှာ ကျွန်တော်တို့ ဆွေးနွေးနိုင်ခဲ့ပါတယ်။

**မေး။ ။ဒါဆိုရင် နှစ်ဖက် လက်ခံတဲ့ ပုဂ္ဂိုလ်တွေကို ဘယ်နှဦးရွေးချယ်မလဲ။ ဘယ်သူတွေကို ရွေးချယ်မလဲ။**

ဖြေ။ ။လောလောဆယ်ကတော့ ပြီးခဲ့တဲ့ JICM အစည်းအဝေးထဲမှာ ကျွန်တော်တို့ တစ်ဖက်က ကိုယ်စားလှယ်သုံးဦးစီရွေးချယ်ဖို့ ဆိုတာမျိုးအခြေခံပါတယ်။ ဒါပေမယ့် တစ်ဖက်မှာ သုံးဦးစီဆိုတော့ ကျွန်တော်တို့ဘက်ကတော့ နည်းများ နည်းမလားပေါ့။ ဒါကို ပြန်ပြီး ညှိနှိုင်းဆွေးနွေးဖို့ သဘောထားရှိတယ်။ ပြည်သူလူထုဘက်ကလည်း ပိုမိုပါဝင်လိုတဲ့ သဘောထားရှိတယ်။ အပစ်အခတ်ရပ်စဲရေးကလည်း ပြည်သူလူထုပါဝင်ခြင်းအားဖြင့် ပိုမိုတည်တံ့ခိုင်မြဲမယ်လို့ ကျွန်တော်တို့မြင်တယ်။ ဒါကြောင့် လူဦးရေအတိအကျကိုတော့ ပြန်လည်ဆွေးနွေးဖို့ ရှိပါမယ်။ ရွေးချယ်မှာကတော့ ဂုဏ်သရေရှိဖြစ်မယ်။ ဘက်မလိုက်ဘဲနဲ့ မှားရင်မှားတယ်၊ မှန်ရင်မှန်တယ်ပြောဆိုရဲတဲ့ ပုဂ္ဂိုလ်လည်းဖြစ်ရမယ်။ နိုင်ငံအပေါ်၊ သူရဲ့ community ထဲမှာ credit ကောင်းကောင်းတွေ ရထားတဲ့ ပုဂ္ဂိုလ်မျိုးတွေ ဖြစ်ဖို့လိုပါတယ်။ အများလေးစားတဲ့ ပုဂ္ဂိုလ်ဆိုတဲ့ဟာမျိုး ပါပါလိမ့်မယ်။

**ခွန်ဆေကျိုင်ယင်(အကြံပေး)**
**ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)**

**မေး။ ။JMC ကို ဘယ်လိုပုံစံနဲ့ ဖွဲ့စည်းထားသလဲ။ ဒီနေ့ဆွေးနွေးပွဲမှာ ဘာအကြောင်းအရာတွေကို အဓိကထားပြီး ဆွေးနွေးကြမှာပါလဲ။**

ဖြေ။ ။JICM မှာ ကျွန်တော်က အကြံပေးတစ်ဦးဖြစ်ပါတယ်။ ဒီနေ့မနက်ပိုင်းကတော့ JMC ရဲ့ ဖွဲ့စည်းပုံကိုပဲ အဓိကထားပြီး ဆွေးနွေးပါတယ်။ ဖွဲ့စည်းပုံမှာ အဆင့်သုံးဆင့်ပါမယ်။ JMC ကို ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်၊ ဒေသန္တရအဆင့်ဆိုပြီးရှိမယ်။ လောလောဆယ်မှာ ပြည်ထောင်စုအဆင့်မှာပဲ ရှိပါသေးတယ်။ ပူးတွဲစောင့်ကြည့်ရေးကော်မတီဆိုတော့ အဓိက လုပ်ငန်းကို လုပ်ရမှာက အတွင်းရေးမှူးတို့၊ တွဲဖက်အတွင်းရေးမှူးတို့ ဖြစ်တဲ့အတွက် ဒီနေ့ဆွေးနွေးရာမှာ ဘယ်နှယောက်ထားမလဲ၊ ဘယ်တာဝန်ပေးမလဲ စသည့်ဖြင့် ဆွေးနွေးခဲ့တယ်။ လောလောဆယ်ဖွဲ့ထားတာက အစိုးရဘက်က ၁၀ ဦးနဲ့ တိုင်းရင်းသားဘက်က ၁၀ ဦးပါ။ ဘယ်သူက ဥက္ကဋ္ဌဖြစ်မယ်၊ ဘယ်သူက ဒုဥက္ကဋ္ဌဖြစ်မယ်ဆိုတာတော့ မရွေးရသေးပါဘူး။ နက်ဖြန်မှာတော့ သိကောင်းသိနိုင်လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။

**မေး။ ။NCA စာချုပ်အပေါ်မှာ ဘယ်လောက်ယုံကြည်ချက်ရှိပါသလဲ။**

ဖြေ။ ။ဒီနေ့ ဆွေးနွေးပွဲမှာ တပ်မတော်ဘက်က အခုလောလောဆယ်မှာ အတတ်နိုင်ဆုံးထိန်းသိမ်းသွားမယ်၊ လိုက်နာသွားမယ်လို့ ပြောတယ်။ TOR (Terms of reference) လို့ခေါ်တဲ့ အပစ်ရပ်ဖို့ ပူးတွဲကော်မတီကို ဖွဲ့ရာမှာ ဘယ်လိုစနစ်နဲ့ ဖွဲ့မလဲ။ ဘယ်လိုစည်းမျဉ်းတွေနဲ့ဖွဲ့မလဲဆိုတာ မပြီးသေးဘူး။ နောက်ပြီးတော့ စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်တွေမှာ တစ်ဖက်နဲ့တစ်ဖက် တပ်တွေ ဘယ်လိုဆက်ဆံရေးတည်ဆောက်ကြမလဲ။ လူထုကိုဘယ်လို ဆက်ဆံကြမလဲဆိုတာ မပြီးသေးတော့ လောလောဆယ်မှာ လုံးဝဥဿုံစိတ်ချရတဲ့ အနေထားတော့ မဟုတ်သေးဘူး။ ဒါပေမယ့် JMC တွေ အဆင့်ဆင့်ဖွဲ့ပြီးရင် လိုက်နာရမယ့်စည်းမျဉ်းတွေ ချမှတ်ပြီးရင် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်တွေလည်း သတ်မှတ်ပြီးရင်တော့ လူထုအခြေပြုအဖွဲ့အစည်းတွေလည်း ပါဝင်လာမယ်။ နိုင်ငံတကာ လေ့လာသူတွေနဲ့ နည်းပညာအထောက်အကူပြုသူတွေပါ ပါဝင်လာချိန်မှာတော့ ၇၅ ရာခိုင်နှုန်းလောက် စိတ်ချလာရမယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေ ပြုလုပ်ပြီး နှစ်ဘက်သဘောတူညီနိုင်တဲ့ ရလဒ်ရပြီဆိုရင်တော့ ၁၀၀ ရာခိုင်နှုန်း စိတ်ချနိုင်မယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

**ဦးလှမောင်ရွှေ (MPC မှ အထူးအကြံပေး)**

**မေး။ ။JMCအစည်းအဝေးဟာ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အကောင်ထည်ဖော်ရာမှာ ဘယ်လိုအထောက်ကူပြုပါလဲ။ ဒီအစည်းအဝေးတွေဟာ ဘယ်လောက်အရေးပါပါသလဲ။**

JMC ဟာ အရေးကြီးပါတယ်။ ရှေ့မှာလာမယ့် နိုင်ငံရေးဆွေးနွေးပွဲတွေကို သွားတဲ့ကာလတစ်လျှောက်လုံးမှာ လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့အစည်းတွေနဲ့ ပဋိပက္ခတွေကိုလျှော့ချဖို့နဲ့ နောက်ဆုံးမှာ ရပ်ဆိုင်းဖို့အတွက် အသေးစိတ်ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားတွေ၊ နောက် ဒီ JMCမှာ အရပ်သား ခြောက်ယောက်ပါပါတယ်။ နောင်မှာ တိုင်းရင်းသားတွေဘက်က အဆိုပြုတဲ့သုံးဦး၊ အစိုးရဘက်က သုံးဦးနဲ့ ၂၆ ဦး ပါဝင်တဲ့ ကော်မတီ ပြည်ထောင်စုအဆင့်မှာ ဖြစ်လာပါလိမ့်မယ်။ ဒါကို (JMCU)လို့ခေါ်မယ်။ ဒါပြီးရင် ပဋိပက္ခရှိတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ (JMCS)ဆိုပြီး ဆက်ဖွဲ့မယ်။ ဒီလို တိတိကျကျ ဆောင်ရွက်ရမယ့် တာဝန်၊ ရုံးအဖွဲ့၊ အလုပ်အဖွဲ့တွေကို ဒီနေ့စပြီးတော့ ဆွေးနွေးတာပါ။

JMCမှာ နှစ်ဖက်အဖွဲ့ဝင်တွေ လိုက်နာရမယ့် ကျင့်ဝတ်တွေလည်း ပါဝင်မှာဖြစ်တဲ့အတွက် JMC ဟာ ရှေ့ကိုသွားမယ့် နိုင်ငံရေးဆွေးနွေးပွဲတွေအတွက်ကို အများကြီးအထောက်အကူပြုမယ်လို့ ကျွန်တော်တို့က ယုံကြည်ပါတယ်။ ပြည်ထောင်စုဘက်က တပ်မတော်က အဓိက တာဝန်ယူမယ်။ ကျန်တဲ့သူတွေက ပံ့ပိုးပေးမယ့်အနေအထားပါ။ တိုင်းရင်းသားတွေဘက်မှာလည်း တပ်ပိုင်းတာဝန်ယူတဲ့သူတွေက အဓိကပါမှာပါပဲ။

**သတင်းနှင့်အင်တာဗျူး - မြတ်သန္တာမောင်၊ ဓာတ်ပုံ - အငယ်လေး**

## ပြည်တွင်းရေးရာ

❁ **ကျောဖုံးမှ**

ရွှေကျင်မြို့ သီတင်းကျွတ်မီးမျှောပူဇော်ပွဲတော်ကို သီတင်းကျွတ်လဆန်း ၇ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်အထိ နှစ်စဉ်ပုံမှန်ပြုလုပ်လေ့ရှိရာ အနယ်နယ်အရပ်ရပ်နှင့် ရပ်နီးရပ်ဝေးမှ ဘုရားဖူးများ လာရောက်ကြသည်။ ဘုရားဖူးများလာရောက်မှုသည် လပြည့်နေ့နှင့် လပြည့်ကျော် ၁ ရက်နေ့များတွင် အထူးစည်ကားများပြားသလို မီးမျှောပူဇော်ပွဲပြုလုပ်သည့် လပြည့်ကျော် ၁ ရက် ညနေပိုင်းတွင် ရွှေကျင်မြို့ ကမ်းနားလမ်းတစ်လျှောက် ဘုရားဖူးများ ကြက်ပျံမကျ အထူးစည်ကားလျက်ရှိသည်။

ရွှေကျင်မြို့ မီးမျှောပူဇော်ပွဲသည် ထင်ရှားကျော်ကြားရခြင်းမှာ မည်သည့်ဒေသများနှင့်မျှ မတူသော ရွှေကျင်မြို့၏ အဓိကရိုးရာယဉ်ကျေးမှုအလှများဖြစ်သည့် တက်ခုတ်၊ တက်ပျံယိမ်းများနှင့် ညနေပိုင်းအချိန် မီးကြာခွက်များ ရွှေကျင်ချောင်းအတွင်း စိတ်ကြည်နူးပျော်ရွှင်ဖွယ်ကောင်းအောင် လှပသည့် ဆီမီးပူဇော်သော မြင်ကွင်းများကြောင့်ဖြစ်သည်။

မီးမျှောပွဲတော်ကို ကုန်းဘောင်ခေတ်နှောင်းပိုင်းမှ စတင်ကာ ခေတ်အဆက်ဆက်ကိုဖြတ်ကျော်၍ မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးစိတ်ဖြင့် ထိန်းသိမ်းခဲ့ရာ ယနေ့ထိတိုင်ဖြစ်သည်။

ထင်ပေါ်ကျော်ကြားသည့် ရိုးရာယဉ်ကျေးမှုအကများဖြစ်သော တက်ခုတ်၊ တက်ပျံယိမ်းတို့တွင် ခြားနားချက်များရှိပြီး တက်ခုတ်ယိမ်းတွင် အဖွဲ့ဝင်အင်အား ၂၀ မှ ၂၄ ဦးထိသာပါဝင်ပြီး အမျိုးသမီးများသာ ပါဝင်ရကာ စည်းကမ်းချက် ကိုးချက်ရှိသည်။ တက်ပျံယိမ်းတွင် အမျိုးသား/အမျိုးသမီး ၂၀ မှ ၂၄ ဦးထိ ပါဝင်ပြီး စည်းကမ်းချက် ၁၁ ချက်ပါဝင်သည်။

ယခုနှစ် (၁၆၄)နှစ်မြောက် ရွှေကျင်မြို့ သီတင်းကျွတ်မီးမျှောပူဇော်ပွဲတော်၌ ယိမ်းအက ခုနစ်ဖွဲ့၊ တက်ပျံယိမ်းငါးဖွဲ့၊ တက်ခုတ်ယိမ်းလေးဖွဲ့ စုစုပေါင်း ၁၆ ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ယိမ်းအကအဖွဲ့များသည် စက်လှေနှစ်စင်းပေါ်ဝါးဖောင်ထိုးမဏ္ဍပ်ပြုလုပ်သလို တက်ခုတ်၊ တက်ပျံယိမ်းအဖွဲ့များက စက်လှေတစ်စင်းတည်းပေါ်တွင် အလှဆင်၍ အသီးသီးယှဉ်ပြိုင်ကြသည်။

မီးမျှောပူဇော်ပွဲတော်၏ ပြိုင်ပွဲနှင့်ဆုပေးပွဲရက်ဖြစ်သည့် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ နံနက်ပိုင်းမှ စတင်၍ ရွှေကျင်ချောင်းအတွင်း ယှဉ်ပြိုင်မည့် ၁၆ ဖွဲ့စလုံး စနစ်တကျစီတန်းပြီး တစ်ဖွဲ့ပြီးတစ်ဖွဲ့ အလှည့်ကျယှဉ်ပြိုင်သည့် မြင်ကွင်းက ထူးခြားလှပေသည်။

ထိုသို့ ယိမ်းအဖွဲ့များ ယှဉ်ပြိုင်နေစဉ်မှာ တချို့ယိမ်းလှေကြီးများ၌ နိုင်ငံကျော်ရုပ်ရှင်သရုပ်ဆောင်များ၊ အဆိုတော်များနှင့် ဒေသခံအဆိုတော်များ၏ ဖျော်ဖြေမှုများပါဝင်သလို လာရောက်ကြည့်ရှုအားပေး သူများက နံနက်ပိုင်းကတည်းကပင် ပြည့်နှက်စည်ကားနေလျက်ရှိသည်။

ယှဉ်ပြိုင်ဖျော်ဖြေမှုကို တစ်နေကုန်ပြုလုပ်ပြီးသည်နှင့် ဆုပေးပွဲအခမ်းအနားကို ပြုလုပ်ခဲ့သည်။ အခမ်းအနားမပြုလုပ်မီ အချိန်အတန်ကြာ မိုးသည်းထန်စွာ ရွာသွန်းသဖြင့် အခမ်းအနား ခေတ္တရပ်နားခဲ့သည်။ မိုးတိတ်သည်ဆိုသည်နှင့် ဆုပေးပွဲဆက်လက်ကျင်းပခဲ့သည်။

ဆုပေးပွဲကျင်းပနေချိန်မှာပင် အနောက်မှနေလုံးကြီးပျောက်ကွယ်စပြုသည်နှင့် မီးရှူးမီးပန်းများ ပစ်ဖောက်မှုက ကောင်းကင်တစ်ခုလုံး ရောင်စဉ်တန်းများဖြင့် သာယာလှပလျက်ရှိနေသည်။



ရှင်ဥပဂုတ္တမထေရ်မြတ် ကရဝိက်ဖောင်တော်အနီး တက်ခုတ်ယိမ်းအဖွဲ့ဖျော်ဖြေနေစဉ်။

ကြည်လင်အေးမြသော ရွှေကျင်ချောင်းရေပြင်၌ တစ်စတစ်စနှင့် မီးကြာခွက်များတဖြည်းဖြည်းများလာပြီး ရွှေကျင်မြို့ မီးမျှောပွဲတော်ကို ကျော်ကြားထင်ရှားစေသည့် အထင်ကရမြင်ကွင်း ပေါ်ပေါက်လာခဲ့သည်။ ရွှေကျင်ချောင်းရေပြင်ပေါ်၌ နှစ်စဉ်ပူဇော်ပွဲအစဉ်အလာဖြစ်သည့် လှော်ကားလှေတော်ကြီးမှ ဦးဆောင်ကာ ရှင်ဥပဂုတ္တမထေရ်မြတ် ကရဝိက်ဖောင်တော်အား စည်တော်ရေယာဉ်ဖောင်၊ ဓမ္မစကြာလှေများဖြင့် ချောင်းအတွင်း လက်ယာရစ်သုံးကြိမ် လှည့်လည်အပူဇော်ခံ၍ ရှင်ဥပဂုတ္တမထေရ်မြတ်ဖောင်တော်ကို ရေမျှောပွဲပြုလုပ်ခဲ့သည်။

မည်သည့်ဒေသနှင့်မျှမတူသော မီးမျှောပွဲတော်ကို မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးစိတ်၊ တွယ်တာခင်မင်စိတ်များ အစဉ်အဆက် ထိန်းသိမ်းခဲ့သည့် အမျိုးသားယဉ်ကျေးမှုများကို ဆက်လက်ထိန်းသိမ်းသွားရမည်ဟု ထင်မိပါသည်။



ရွှေကျင်မီးမျှောပွဲသို့ ဧည့်ပရိသတ်များ ကမ်းလုံးညွတ်မျှ လာရောက်အားပေးစဉ်။



ကမ်းနားလမ်းတစ်လျှောက် မီးမျှောနေသော ဘုရားဖူးများအား တွေ့ရစဉ်။

❖ **Myanmar မှ**

Stand Up Paddle (SUP) ပြိုင်ပွဲတွင် (၁၈)နှစ်အောက် အငယ်တန်း(ကျား)ပြိုင်ပွဲ ၊ (၁၈)နှစ်အောက် အငယ်တန်း(မ)ပြိုင်ပွဲ၊ အမျိုးသမီးရိုးရိုးတန်းပြိုင်ပွဲနှင့် အလွတ်တန်းပြိုင်ပွဲဟူ၍ လေးမျိုးခွဲယှဉ်ပြိုင်ခဲ့ပြီး မြန်မာ၊ ထိုင်း၊ ဂျာမနီ၊ စင်ကာပူ၊ အမေရိကန်၊ ဖိလစ်ပိုင်နိုင်ငံတို့မှ အားကစားသမား ၄၈ ဦးအထိ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ Windsurfing ကလပ်ပြိုင်ပွဲတွင်မူ အားကစားသမား ခြောက်ဦးယှဉ်ပြိုင်ခဲ့ပြီး မြန်မာနှင့်စင်္ကာပူနိုင်ငံတို့မှ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

(၁၈)နှစ်အောက် အငယ်တန်း(ကျား)ပြိုင်ပွဲ Stand Up Paddle (SUP) ကလပ်ပြိုင်ပွဲတွင် မြန်မာ၊ထိုင်း၊ စင်္ကာပူနိုင်ငံမှ ၁၈ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပထမနေ့အမှတ်ပေးဇယားတွင် မြန်မာနိုင်ငံမှ အမှတ်ပေးဇယား၏ ထိပ်ဆုံး၌ ဦးဆောင်ထားနိုင်ခဲ့သည်။ အမျိုးသမီးရိုးရိုးတန်း ပြိုင်ပွဲတွင် ဂျာမနီ၊ ထိုင်းနှင့် အမေရိကန်နိုင်ငံတို့မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အမှတ်ပေးဇယားတွင် ဂျာမနီက ဦးဆောင်ထားသည်။ အလွတ်တန်း(ကျား/မ) ပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ ဂျာမနီနိုင်ငံတို့မှ အားကစားသမား ၁၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ထိုင်းနိုင်ငံက ဦးဆောင်ထားနိုင်ခဲ့သည်။ (၁၈)နှစ်အောက် အငယ်တန်း(မ)ပြိုင်ပွဲတွင်မူ မြန်မာတစ်နိုင်ငံတည်းမှ အမျိုးသမီးငယ် ရှစ်ဦး ပါဝင်ယှဉ်ပြိုင် ခြင်းဖြစ်သည်။

Windsurfing ကလပ်ပြိုင်ပွဲတွင် မြန်မာနှင့် စင်္ကာပူနိုင်ငံတို့မှ ယနေ့ညနေပိုင်းတွင် ပထမနေ့ပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ခဲ့ကြသည်။ ပထမနေ့ပြိုင်ပွဲအဖြစ် Stand Up Paddle (SUP) ကလပ်ပြိုင်ပွဲနှင့် Windsurfing ကလပ်ပြိုင်ပွဲနှစ်မျိုးအား စတင်ယှဉ်ပြိုင်ခဲ့ပြီး ဒုတိယနေ့၊ တတိယနေ့ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။ Kiteboarding ကလပ်ပြိုင်ပွဲမှာမူ အောက်တိုဘာ ၃၀ နှင့် ၃၁ ရက်များတွင် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

# သမိုင်းလမ်းဆုံ မီးပွိုင့်အနီး ယာဉ်တိုက်မှုဖြစ်ပွား

**ရန်ကုန် အောက်တိုဘာ ၂၉**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သမိုင်းလမ်းဆုံ ကောင်းကြိုက်ဒန်ပေါက်ဆိုင်ရှေ့၌ ယနေ့ညနေ ၆ နာရီခွဲခန့်တွင် ယာဉ်တိုက်မှုဖြစ်ပွားရာ အမျိုးသားကိုးဦးခန့် ထိခိုက်ဒဏ်ရာရရှိကြကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်အင်းစိန်လမ်းမကြီးအတိုင်း မောင်းနှင်လာသော 2C/.....ခရီးသည်တင်ယာဉ်သည် သမိုင်းလမ်းဆုံမှတ်တိုင်အနီး ကောင်းကြိုက်ဒန်ပေါက်ဆိုင်ရှေ့အရောက်တွင် အငှားယာဉ်၊ ကိုယ်ပိုင်ယာဉ်ငယ် ခြောက်စီးခန့်နှင့် လမ်းသွားပြည်သူ ကိုးဦးခန့်အား အရှိန်ဖြင့် ဝင်ရောက်တိုက်မိပြီး 2I/.... KIA အဖြူရောင်ကြိုပို့ကိုရီးယားထုတ်ယာဉ်မှာ လမ်းမပေါ် တိမ်းမှောက်သွားခဲ့သည်။ အချို့ အငှားယာဉ်နှင့် ကိုယ်ပိုင်ယာဉ်ငယ်များ လည်း ထိခိုက်မှုရှိခဲ့သည်။ လမ်းလျှောက်ခရီးသွားအမျိုးသားတစ်ဦး သေဆုံး၍ ကျန်အမျိုးသားငါးဦး၊ အမျိုးသမီး သုံးဦးအား အင်းစိန်ဆေးရုံတွင် အတွင်းလူနာဖြင့် ကုသလျက်ရှိကြောင်း ကနဦးသတင်းအရ သိရသည်။

**[သတင်း - မျိုးမင်းသိန်း (မရမ်းကုန်း)၊ ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)]**



# သမဝါယမအသင်းစု လီမိတက်အရပ်ရပ်ဆိုင်ရာစည်းဝေး

**အောင်လံ အောက်တိုဘာ ၂၉**

အောင်လံမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၁၄-၂၀၁၅ ခုနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို အောက်တိုဘာ ၂၂ရက် နံနက် ၁၀နာရီက မြို့နယ်သမဝါယမအသင်းစုလီမိတက်အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် မြို့နယ်သမဝါယမအသင်းဥက္ကဋ္ဌ ဦးညွန့်မောင်က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် မြို့နယ်သမဝါယမအသင်းအတွင်းရေးမှူး ဒေါ်ခင်စောဝင်းက ဆောင်ရွက်ကြသည်။

အောင်လံမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ နှစ်ချုပ်စစ်ဆေးချက်အစီရင်ခံစာတို့ကို ဖတ်ကြားတင်ပြပြီး လုပ်ငန်းအစီရင်ခံစာနှင့် စာရင်းစစ်ဆေးချက်များအပေါ် အသင်းဝင် ကိုယ်စားလှယ်များက အကြံပြုတင်ပြဆွေးနွေးကြသည်။ အကြံပြုချက်များအပေါ် သဘာပတိက ပြန်လည်ရှင်းလင်း၍ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် စာရင်းစစ်အစီရင်ခံစာများကို အတည်ပြုကြသည်။

**ကျော်သက်အောင်(အောင်လံ)**

စိတ်ရှည်သည်းခံ
လမ်းကြောင်းမှန်
မောင်းရန် မော်တော်ကား။

# စစ်ကိုင်းမြေမှအလှူတရား ဆွမ်းတော်ကြီးဝတ်အသင်းများဖြင့် စည်ကား

**စစ်ကိုင်း အောက်တိုဘာ ၂၉**

မြန်မာနိုင်ငံတွင် ကျင်းပသော ဗုဒ္ဓဘာသာဆိုင်ရာ ပွဲတော်များစွာရှိသည်။ ကိုယ့်ဓလေ့ကိုယ့်ယဉ်ကျေးမှုအတိုင်း ကျင်းပလေ့ရှိကြသည်။ ထိုအထဲတွင် အထူးခြားဆုံးနှင့် အစည်ကားဆုံးပွဲတော်တစ်ခုမှာ စစ်ကိုင်းမြို့ရှိ ဆွမ်းတော်ကြီးဝတ်အသင်း လှည့်လည်ပွဲပင်ဖြစ်သည်။

စစ်ကိုင်းမြို့ရှိ ဆွမ်းတော်ကြီးဝတ်အသင်းများသည် မြန်မာနိုင်ငံတွင် အထူးခြားဆုံးယဉ်ကျေးမှုဖြင့် ကုသိုလ်ပြုလေ့ရှိသည်။ ထိုယဉ်ကျေးမှုမှာ ဝါတွင်းသုံးလပတ်လုံး ဥပုသ်နေ့တိုင်း ဘုရားစဉ်လှည့်ကာ ဆွမ်းတော်ကြီးကပ်လှူပူဇော်ကြသည်။ ဆွမ်းတော်ကြီးကပ်လှူပူဇော်ရာတွင် စစ်ကိုင်းမြို့ပေါ်နှင့် စစ်ကိုင်းမြို့အနီးမှ ဝတ်အသင်းများစွာက ပြုလုပ်လေ့ရှိသည်။

ဆွမ်းတော်ကြီးကပ်လှူမှုကို သက္ကရာဇ် ၁၁၅၆ ဘိုးတော်ဘုရားလက်ထက်တွင် စတင်ပေါ်ပေါက်ခဲ့သည်ဟုလည်း ဆိုထားခဲ့သည်။ ရှေးခေတ်ရှင်ဘုရင်များသည် ဆွမ်းတော်ကြီးကပ်လှူသောဓလေ့ကို အားပေးချီးမြှောက်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းမြို့နှင့် အနီးဝန်းကျင်မှ ဆွမ်းတော်ကြီးကပ်လှူအသင်းများ ဆွမ်းတော်ကပ်လှူရာတွင် ဘုရားစဉ်အလိုက် ပုံ၊တောင်၊ ဇေ၊ ချမ်း၊ ဥ၊ နန်း၊ နံ၊ လေး၊ပ၊ ထူ၊ ရှင်၊ အောင်၊ ကောင်းအမြောင်၊ ငါးထပ်ကြီး အပြီးကောင်းမှုတော်ဟူ၍ ဖြစ်သည်။ ဘွဲ့တော်အရှည်အရ ပုညရှင်၊ တောင်ဖီလာ၊ စေတဝန်၊ ချမ်းသာကြီးချမ်းသာရ၊ ဥမင်သုံးဆယ်၊ ရှင်ပင်နန်းဦး၊ ရှင်ပင်နံကိုင်း၊ လေးကျွန်းမာန်အောင်၊ ပတ္တမြားစေတီ၊ ထူပါရုံ၊ ရှင်ဖြူရှင်လှ၊ အောင်မြေလောက၊ ကောင်းမှုတော်စေတီတို့ဖြစ်သည်။

သီတင်းကျွတ်လပြည့်နေ့တွင် ကောင်းမှုတော်ဘုရားသို့ ဝတ်အသင်းအားလုံး လှည့်လည်ကာ ဆွမ်းတော်ကြီးကပ်ပွဲကို စည်ကားသိုက်မြိုက်စွာ မြို့လုံးနယ်လုံးကျွတ်ဆင်နွှဲခဲ့ကြသည်။ မြန်မာနိုင်ငံတွင် စစ်ကိုင်းတစ်မြို့တည်းသာ မြင်တွေ့ရသောပွဲဟုလည်း ဆိုနိုင်ပေသည်။ အာရုံတော်ဝတ်အသင်းသားများသည် နေပူထဲတွင် ဖိနပ်မစီး၊ ထီး မဆောင်းဘဲ ခြေကျင်သွားကာ ကပ်လှူပူဇော်ကြသည်မှာ စေတနာသဒ္ဒါထက်သန်မှုကို ပြသလျက်ရှိသည်။

ကောင်းမှုတော်ဘုရားသို့ ဆွမ်းတော်ကြီး ကပ်လှူသွားရာတွင် အသင်းတိုင်း အတီးအမှုတ်အကအခုန် ရှေ့ဝင်း၊ နောက်ဝင်း၊ အကအလှများဖြင့် သွားလေ့ရှိပြီး လမ်းခရီးတွင် ဝတ်အသင်းများအား မုန့်များ၊ အအေးများနှင့် အခြားစားစရာများကို ကုသိုလ်ပြုလေ့ရှိသည်။

အာရုံတော်အသင်းများ လှည့်လည်သည့်မြင်ကွင်းမှာ ကြည်နူးစရာဖြစ်ပြီး ထူးခြားလွန်းလှသည်။ စနစ်တကျ လှည့်လည်သလို တူညီဝတ်စုံများဖြင့် ကွမ်းတောင်၊ ပန်းတောင်၊ ဆွမ်းအုပ်နှင့်တကွ အခြားလှူရန်ပစ္စည်းများကို မိန်းကလေးများက ကိုင်ဆောင်လာကြသည်။ ဝတ်အသင်းသားများကမူ ဝတ်အသင်းအသုံးအဆောင်ပစ္စည်းများဖြစ်သော ဒေါင်းပေါင်ကွပ်ကြုပ်၊ ကလပ်အုပ်တို့ကို ကွန်ချာတမုတ်ကြိုးနှင့် ထမ်းပိုးစသောပစ္စည်းများဖြင့် တွဲဖက်အသုံးပြုရင်း ထမ်းပိုးလာကြသည်။ ဝတ်ဖြူများ၊ ဝင်းခင်းများ၊ အကအလှများဖြင့် ကောင်းမှုတော်ဘုရားသို့ ဝတ်အသင်းလှည့်လည်ပွဲမှာ စစ်ကိုင်းမြေမှ အလှူတရားအဖြစ် ယနေ့တိုင် ကျင်းပလျက်ရှိသည်။

**(တိမ်တမန်)**



# ၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှစက်တင်ဘာလအတွင်း မြန်မာနိုင်ငံ၏ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၉**

၂၀၁၅-၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၀၈ ဒသမ ၀၉ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၁၇ ဒသမ ၈၅ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၂၅ ဒသမ ၉၄ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၇၁ ဒသမ ၂၉ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၁၉ ဒသမ ၃၀ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၉၀ ဒသမ ၅၉ သန်းဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် စက်တင်ဘာလအတွက် စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ၆၄ ဒသမ ၆၅ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၅၃၂ ဒသမ ၆၇ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၀၈၅ ဒသမ ၈၇ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၆၁၈ ဒသမ၅၄ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၆၂၃ ဒသမ ၀၆ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၆၅ ဒသမ ၈၁ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၈၈၈ ဒသမ ၈၇ သန်းဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၃၅၀၇ ဒသမ ၄၁ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂၂၇၀ ဒသမ ၃၃ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြထားသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရသည်။

**(သတင်းစဉ်)**



# ကျိုက်ထိုဒေသထွက် ခံတက်ခြောက်ကြော်များ ကျိုက်ထီးရိုးဘုရားဖူးများ အကြိုက်တွေ့

**ရန်ကုန် အောက်တိုဘာ ၂၉**

ပွင့်လင်းရာသီရောက်လာပြီဖြစ်သည်။ မွန်ပြည်နယ် ကျိုက်ထီးရိုးစေတီတော်သို့ ဘုရားဖူးများ စတင်ရောက်ရှိကြပြီဖြစ်သည်။ ကျိုက်ထီးရိုးဘုရားဖူးရာသီဖြစ်သည့်အတွက် ပြည်တွင်း ပြည်ပ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးသူများဖြင့် ကျိုက်ထီးရိုးစေတီရင်ပြင်၌ စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ကျိုက်ထီးရိုးဘုရားဖူးများသည် ဘုရားဖူးပြီးအပြန် ဒေသထွက်လက်ဆောင်များ၊ စားစရာများ ဝယ်ယူကြရာ ကျိုက်ထိုဒေသထွက် ခံတက်ခြောက်ကြော်လည်း တစ်ခု အပါအဝင်ဖြစ်သည်။ ဝယ်ယူသူများအကြိုက်တွေ့ကြောင်း သိရသည်။

"ခံတက်ခြောက်ကြော်က ခံတက်ဥကို ထုပြီး အမျှင်လေးတွေလုပ်၊ အချွဲတွေကို ရေစင်အောင် ဆေးပြီး နေလှန်းပြီးမှ ကြော်ရောင်းတာ။ များသောအားဖြင့် ဒေသခံ ကရင်တိုင်းရင်းသားလူမျိုးတွေ လုပ်တာများတယ်"ဟု ဒေသခံ ခံတက်ခြောက်ရောင်းသူ တစ်ဦးက ပြောသည်။

ကျိုက်ထီးရိုးဘုရားဖူးများသည် ခံတက်ခြောက်ကြော်ကို ဆတ်သားခြောက်အထင်ဖြင့် မြည်းစားကြည့်ရာမှ အကြိုက်တွေ့ပြီး ဝယ်ယူကြကြောင်း တွေ့ရသည်။

ခံတက်ခြောက်လုပ်ငန်းလုပ်ကိုင်သူ ကိုဖြိုးမောင်က "ဒီခံတက်က ခံတက်ချဉ်လုပ်တဲ့အပင် မဟုတ်ဘူး။ ဟင်းချိုချက်သောက်တဲ့ ခံတက်ပင်မျိုး။ ဒီအပင်ရဲ့ဥကို ထုပြီး ရေစင်အောင်ဆေး၊ ရေစိမ်ပြီးမှ နေခြောက်အောင်လှန်း၊ ခြောက်သွားမှ ကြော်တာ၊ ကင်စားတာ ကြိုက်တာလုပ်စားလို့ရတယ်။ အရင်က အစိမ်းပဲ ရောင်းတယ်။ ဝယ်သွားတဲ့သူတွေက မကြော်တတ်တော့ စားမကောင်းဘူး။ ဒါကြောင့် အခုကြော်ပြီးသားကို ပလတ်စတစ်ဘူးအကြည်နဲ့ထည့်ပြီး ရယ်ဒီမိတ် လုပ်ရောင်းတာပါ။ အဆင်သင့်စားရုံပဲ။ ဘုရားဖူးလာသူအများစုကတော့ ကြော်ပြီးသားကို ပိုကြိုက်တယ်"ဟု ပြောသည်။

**(ရီရီသန့်)**

# အမျိုးသားဇာတ်ရုံ(ရန်ကုန်)အဆင့်မြှင့်တင်မွမ်းမံပြင်ဆင်မှု တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်များနှင့်ပူးပေါင်းဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၂၉**

အမျိုးသားဇာတ်ရုံ (ရန်ကုန်) အဆင့်မြှင့်တင်မွမ်းမံပြင်ဆင်မှုအဖြစ် LED Display Board များ တပ်ဆင်ခြင်းလုပ်ငန်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပေးပို့လှူဒါန်းသည့် ဇာတ်စင်သုံး LED Display Board နှင့် ဆက်စပ်ပစ္စည်းများမှာ ကွန်တိန်နာနှစ်လုံးဖြင့် အောက်တိုဘာ ၇ ရက်တွင် လည်းကောင်း၊ တပ်ဆင်မည့်ပညာရှင်အဖွဲ့ခေါင်းဆောင် မစ္စတာဟန်စုနှင့် အင်ဂျင်နီယာ နှစ်ဦးတို့သည် အောက်တိုဘာ ၂၅ ရက်တွင် လည်းကောင်း ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပြီး Haier International Business Corp.Ltd. မှ ပညာရှင်သုံးဦးအဖွဲ့နှင့် အမျိုးသားဇာတ်ရုံ (ရန်ကုန်)ရှိ အင်ဂျင်နီယာများပူးပေါင်း၍ LED Display Board များ တပ်ဆင်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၂၆ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် LED Display Board များ ထိန်းသိမ်းအသုံးပြုနည်းသင်တန်းကို နိုဝင်ဘာလကုန်အထိ ဆက်လက်ပို့ချသွားမည်ဖြစ်ကြောင်းနှင့် အမျိုးသားဇာတ်ရုံ(ရန်ကုန်) အဆင့်မြှင့်တင်မွမ်းမံမှုလုပ်ငန်းများကို နိုဝင်ဘာလကုန်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစက်ချုပ်သင်တန်းဖွင့်

**ငဖဲ အောက်တိုဘာ ၂၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ပဒါန်းကျေးရွာအုပ်စု ပဒါန်းကျေးရွာ၌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစက်ချုပ်သင်တန်းကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂၅ ရက်အထိ တစ်လကြာဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးယုနိုင်လင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းနည်းပြတစ်ဦးက သင်တန်းသူ ၂၀ အား သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

**အနုပညာ**

## တတိယအကြိမ် ကမ္ဘာ့ချန်ပီယံ ဖြစ်ခဲ့ခြင်းအတွက် အောင်ပွဲခံခဲ့တဲ့ လူးဝစ်ဟာမီလ်တန်

ဖော်မြူလာဝမ်း ပြိုင်ကားမောင်းသမား လူးဝစ်ဟာမီလ်တန်သည် ယခုနှစ်ဖော်မြူလာဝမ်း ကားမောင်းပြိုင်ပွဲတွင်လည်း ကမ္ဘာ့ချန်ပီယံဖြစ်လာခဲ့ပြီး တတိယအကြိမ် ကမ္ဘာ့ချန်ပီယံဖြစ်လာခြင်းအတွက် အောင်ပွဲခံသည့် အခမ်းအနားကို အောက်တိုဘာ ၂၅ ရက်က ကျင်းပခဲ့သည်။

သူသည် ဝင်ငွေကောင်းသည့် ကစားသမားတစ်ဦးဖြစ်သော်လည်း သူ၏အောင်ပွဲခံသည့်အခမ်းအနားကို ချောကလက်နှင့်ပြုလုပ်ထားသော ကိတ်မုန့်နှင့် သကြားလုံးများဖြင့်သာ ပြုလုပ်ခဲ့ရာ သူ့ကို ကြွားဝါတတ်ခြင်းမရှိဘဲ နှိမ့်ချတတ်သော ကြယ်ပွင့်တစ်ဦးအဖြစ် Express.comက ဖော်ပြခဲ့သည်။

ဟာမီလ်တန်၏ပရိသတ်များက သူ့ကို ရှန်ပိန်ပုလင်းများဖောက်ကာ အောင်ပွဲခံလိမ့်မည်ဟု ထင်မှတ်ထားခဲ့ကြသော်လည်း သူကမူ ယခုကဲ့သို့ ပကာသနကင်းသောနည်းလမ်းဖြင့် အောင်ပွဲခံခဲ့သည့်အတွက် ပရိသတ်များ အံ့အားသင့်ခဲ့ရသည်။

## ပထမဦးဆုံးသောဓာတ်ပုံစာအုပ်ကို ထုတ်လုပ်ဖြန့်ချိခဲ့တဲ့ ဆူဇီ



တောင်ကိုရီးယားမင်းသားချော လီမင်ဟို၏ ချစ်သူဖြစ်သည့် ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့ MissA မှ အဖွဲ့ဝင်ဆူဇီသည် သူ၏အလှပဆုံးသော ဓာတ်ပုံများနှင့် အမှတ်တရဓာတ်ပုံများကို စုစည်းထားသော ဓာတ်ပုံစာအုပ်ကို ထုတ်လုပ်ဖြန့်ချိခဲ့သည်။

ယင်းစာအုပ်ကို စတင်စမ်းသပ်ရောင်းချသည့်အနေဖြင့် သတ်မှတ်ထားသော စာအုပ်ဆိုင်အချို့တွင် လတ်တလောဝယ်ယူနိုင်ပြီဖြစ်ကာ ဓာတ်ပုံစာအုပ်တွင်ပါဝင်သည့် နမူနာဓာတ်ပုံ အချို့ကိုလည်း အွန်လိုင်းတွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီဖြစ်သည်။

ယင်းစာအုပ်ကို "suzy?suzy." ဟု အမည်ပေးထားပြီး အဆိုပါစာအုပ်ထုတ်လုပ်ဖြန့်ချိနိုင်ရန်အတွက် အချိန်ရှစ်လခန့်ယူကာ ပြင်ဆင်ခဲ့ရကြောင်းနှင့် အဆိုပါစာအုပ်အတွက် ဒီဇိုင်းရေးဆွဲခြင်း၊ စီစဉ်ခြင်းနှင့် မျက်နှာဖုံးဓာတ်ပုံရွေးချယ်ခြင်းများကို ဆူဇီကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းလည်း OSEN မီဒီယာက ရေးသား ဖော်ပြခဲ့သည်။

## ရုပ်မြင်သံကြားအစီအစဉ်များ

၃၀ - ၁၀ -၂၀၁၅ (သောကြာနေ့)

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ အဖွင့် -ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေးအရသာ ဂီတရိပ်သာ(လှလှရီ၏တေးများ)
- ၆း၂၀ ဝတ်စားဆင်ယင်မှုပြပွဲ (စစ်ကြိုခေတ်)
- ၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်" (အပိုင်း-၁၃)
- ၇း၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၂၅)
- ၈း၃၀ "ဂိုး"(အပိုင်း-၂)
- ၉း၀၀ ယောတို့ဒေသ၊ ယောအလှ
- ၁၀း၁၅ မြန်မာဗီဒီယိုဇာတ်လမ်း "ချစ်ခြင်း၏ပြင်းရှရှရင်ခုန်သံ" (ပြေတီဦး၊ သက်မွန်မြင့်) [ဒါရိုက်တာ-ကိုဇော်(အရဏ်ဦး)]

**တစ်နေ့ (၆) နာရီစာ (၄) ကြိမ်ပြသပါမည်။**

### MRTV - 4

- ၅း၀၀ ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
- ၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (Thomas Hair Design & Kai Kai Makeup ဆိုင်ဖွင့်ပွဲ)
- ၈း၀၀ Cartoon Series (English Play ground)
- ၈း၄၀ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
- ၉း၄၀ အနုပညာမိုးကောင်းကင်
- ၁၀း၀၅ ခေတ်သစ်ပျိုမေ
- ၁၀း၅၅ Food & Decor
- ၁၁း၃၀ MRTV-4 Stage
- ၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၈၃)
- ၁း၀၀ "သတိပဋ္ဌာန်ကြွေးကြော်သံ" (ဒုတိယပိုင်း)တရားတော် (ရွှေမင်းဝံဆရာတော်)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "Flowers & Butterflies"
- ၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၉၈)
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၉၉)
- ၇း၃၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "Flowers & Butterflies"
- ၈း၂၀ ရသစုံညွှန်းတမ်းများ
- ၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၂၀)
- ၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၈၄)
- ၁၀း၁၀ Movie Talk [ဂီတလောကမှ ရုပ်ရှင်လောကသို့ ကူးပြောင်းလာသောပညာရှင်များ (အပိုင်း-၁၅)]
- ၁၁း၁၀ World of Knowledge (Killer Whales)
- ၃း၅၅ နယ်ဥ်ဆန်းထွင်ပန်းအလှဆင် (ပန်းအိုးရှည်အလျားလိုက် ပန်းအိုးထိုးနည်း)
- ၄း၄၀ တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ(ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး)

### မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၅ မေတ္တာပို့
- ၆း၂၀ ခမ္မပူဇာတေး
- ၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၆း၃၅ မျိုးချစ်တပ်မတော်
- ၆း၅၀ မြန်မာသံစဉ်ချိုနားဝင်
- ၇း၂၀ မြန်မာပြည်တွင်ထုတ်လုပ်သည်
- ၇း၂၅ အမျိုးသားရေးတေးကဗျာ
- ၈း၁၀ စိုက်ပျိုးသုတ
- ၈း၂၅ DVD Hits
- ၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၉း၂၀ သူနှင့်သူ၏သီချင်းများ
- ၄း၂၅ မြန်မာသံစဉ်ချိုနားဝင်
- ၄း၄၀ ဇာတ်လမ်းတို
- ၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၂၀ လည်မယ်. . စားမယ် ကမ္ဘာတစ်ခွင်ဝယ်
- ၆း၁၀ ရှုမောဖွယ်ရာရွှေရုပ်လွှာ
- ၆း၃၀ "ရွာ"ဟာသဇာတ်လမ်းတွဲ အပိုင်း(၃၂၄) ဒါရိုက်တာ-မိုးဇော်ကို
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အရာရာထက်မင်း (အပိုင်း-၂၉) VOA အင်္ဂလိပ်စာသင်ခန်းစာ သံစဉ်များနှင့်ကမ္ဘာ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် Lucky Door

### mitv

| | |
|---|---|
| 07:26 | Enchanting Rakhine Land |
| 07:44 | Marketable Goods (Myanmar Arts & Handicrafts) |
| 07:55 | Myanmar Traditional Art Bronze Casting |
| 08:26 | Lucrative Businesses Of Tanintharyi Region |
| 08:42 | Myanmar Invites You |
| 09:26 | Shwe U Min Natural Cave In Kalaw |
| 09:42 | Toddy Palm Product Shop |
| 09:53 | Myanmar General Election 2015 (Korea Ambassador) |
| 10:26 | Size Does Matter (Ep-5) Human-Elephant Conflict, "Habitat Loss" |
| 10:42 | The Art of Making Glaze Ware |
| Prime Time | |
| 07:25 | Mogok: The Colourful Land of Rubies |
| 07:40 | Myanmar Traditional Toys |
| 07:55 | Goldsmith |
| 08:03 | News |
| 08:26 | Sai Htee Hseng Or An Exceptional Music Star From Shan Plateaus (Ep-1) |
| 08:52 | Crocodile Keeper |

## မော်ဒယ်လ်နှင့်သရုပ်ဆောင် ဆမ်ဆာပွန်သေကြောင်းကြံသေဆုံး



အသက်(၄၀)အရွယ် မော်ဒယ်လ်နှင့်သရုပ်ဆောင် ဆမ်ဆာပွန်သည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် တနင်္လာနေ့က သေကြောင်းကြံစည်ခဲ့ပြီး သေဆုံးသွားခဲ့သည်။

ဒေသခံရဲအရာရှိတစ်ဦး၏ပြောကြားချက်အရ ဆမ်သည် ကော်လိုလာဒိုလမ်းပေါ်ရှိ တံတားတစ်စင်းပေါ်မှ ခုန်ချသေဆုံးခဲ့ခြင်းဖြစ်သည်။ တံတားပေါ်တွင် တက်ရောက်နေခဲ့သော သူ့ကိုတွေ့ရှိရပြီး ရဲများနှင့်ပြည်သူများက တံတားအောက်သို့ ပြန်လည်ဆင်းလာစေရန် ခုနစ်နာရီကျော်မျှ ဖျောင်းဖျပြောဆိုခဲ့ကြသော်လည်း လက်မခံဘဲ ယခုကဲ့သို့ ခုန်ချသွားခဲ့ခြင်းဖြစ်ကြောင်းလည်း ဒေသခံရဲများက ပြောကြားခဲ့သည်။

အဆိုပါသေဆုံးမှုနှင့်ပတ်သက်ပြီး ဆမ်ကို သေဆုံးချိန်တွင် ဆေးဝါးတစ်စုံတစ်ရာ သုံးစွဲထားခြင်းရှိ၊မရှိကိုလည်း ဆက်လက်စစ်ဆေးလျက်ရှိသည်။

ဆမ်သည် ရုပ်ရှင်အချို့နှင့် ရုပ်သံအစီအစဉ်များတွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီး "Tommy Hilfiger"နှင့် အခြားသော ဖက်ရှင်အသုံးအဆောင်အမှတ်တံဆိပ်အချို့၏ ပင်တိုင်မော်ဒယ်လည်း ဖြစ်သည်။

## သိပ္ပံရုပ်ရှင်မှာ ကာရာဒဲလ်ဗင်းန်နှင့်အတူ ပါဝင်သရုပ်ဆောင်မယ့် ရီဟားနား

အမေရိကန်ပေါ့ပ်ဂီတလောကရဲ့ဘုရင်မလို့ တင်စားခေါ်ဝေါ်ခြင်းခံရတဲ့ အဆိုတော်ရီဟားနားဟာ မော်ဒယ်လ်နှင့်သရုပ်ဆောင် ကာရာဒဲလ်ဗင်းန်နှင့်အတူ သိပ္ပံရုပ်ရှင် "Valerian"မှာ ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း အမ်တီဗွီနယူးစ်က ဖော်ပြခဲ့ပါတယ်။

အဆိုပါရုပ်ရှင်ဟာ ပြင်သစ်ဝတ္ထု "Valerian and the City of a Thousand Planets" ကို ပြန်လည်ရိုက်ကူးခြင်းဖြစ်ကာ ၂၈ရာစုအတွင်း ကမ္ဘာကိုကျူးကျော်လာသူတွေကို ကမ္ဘာပေါ်မှာရှိတဲ့ လူစွမ်းကောင်းတွေက ရင်ဆိုင်တိုက်ထုတ်ခဲ့ပုံကို ဇာတ်လမ်းဖွဲ့ထားတဲ့ ရုပ်ရှင်ဖြစ်ပါတယ်။

ယင်းရုပ်ရှင်ရဲ့ ဒါရိုက်တာ လုစ်ဘက်စန်က အခုလိုရုပ်ရှင်ရဲ့ အရေးပါတဲ့ အခန်းကဏ္ဍမှာ ရီဟားနားပါဝင်သရုပ်ဆောင်မှာဖြစ်တဲ့အတွက် စိတ်လှုပ်ရှားမိကြောင်း အောက်တိုဘာ ၂၈ရက်က သူရဲ့တွစ်တာစာမျက်နှာမှတစ်ဆင့် ရေးသားဖော်ပြခဲ့ပါတယ်။

သို့သော် ရီဟားနားဟာ ငွေရောင်ပိတ်ကားနဲ့ မရင်းနှီးတဲ့သူတစ်ဦးတော့ မဟုတ်ပါဘူး။ သူဟာ ၂၀၁၂ခုနှစ်က ရိုက်ကူးခဲ့တဲ့ရုပ်ရှင် "Battleship" မှာ ပါဝင်သရုပ်ဆောင်ခဲ့ပြီး ရုပ်သံဖန်တီးမှုရုပ်ရှင် "Home" မှာလည်း အသံဖြင့် ပါဝင်သရုပ်ဆောင်ခဲ့ဖူးပါတယ်။ ဒါ့အပြင်အခြားသော ဗွီဒီယိုတွေမှာလည်း သရုပ်ဆောင်ဖူးတာမို့ သရုပ်ဆောင်လုပ်ငန်းနဲ့တော့ အကျွမ်းတဝင်ရှိသူတစ်ဦးပါ။



ယင်းရုပ်ရှင်ရဲ့ ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းတွေကို ယခု ၂၀၁၅ ခုနှစ်ကုန်ပိုင်းမှာ စတင်ပြုလုပ်သွားဖို့စီစဉ်ထားတဲ့အတွက် လတ်တလောမှာတော့ ရီဟားနားဟာ မကြာမီထုတ်လွှင့်တော့မယ့် သူရဲ့ ရှစ်ခုမြောက်တေးအယ်လ်ဘမ် "Anti"အတွက် ပြင်ဆင်ရင်း အလုပ်ရှုပ်နေပါတယ်။ ဒါ့အပြင်သူဟာ လာမယ့် Victoria's Secret အမှတ်တံဆိပ်ရဲ့ ဖက်ရှင်ပြပွဲမှာ မော်ဒယ်လ်တစ်ဦးအဖြစ် ပါဝင်ပြသသွားမှာဖြစ်တဲ့အတွက်လည်း ပြင်ဆင်နေကြောင်း သိရပါတယ်။

**အေးပြည့် – ရေးသားသည်။**

## အောက်တိုဘာ ၂၉ ရက်နေ့ အနိုင်/အရှုံးရလဒ်များ

**ကက်ပီတယ်ဝမ်းဖလား(၁၆သင်းအဆင့်)**

| | | |
|---|---|---|
| မန်စီးတီး | ၅ - ၁ | ခရစ္စတယ်ပဲလေစ့် |
| လီဗာပူး | ၁ - ၀ | ဘုန်းမောက် |
| ဆောက်သမ်တန် | ၂ - ၁ | ဗီလာ |
| မန်ယူ | ၀ - ၀ | မစ်ဒယ်ဘရော့ |

**(ပယ်နယ်တီ ၃ -၁ ဖြင့် မစ်ဒယ်ဘရော့နိုင်)**

**စီးရီးအေ ပွဲစဉ်(၁၀)**

| | | |
|---|---|---|
| ဘိုလော့နာ | ၀ - ၁ | အင်တာမီလန် |
| အတ္တလန်တာ | ၂ - ၁ | လာဇီယို |
| ဖရိုစီနီ | ၂ - ၁ | ကာပီ |
| ဗီရိုနာ | ၀ - ၁ | ဖီအိုရင်တီးနား |
| အေစီမီလန် | ၁ - ၀ | ချီယေဗို |
| နာပိုလီ | ၂ - ၀ | ပါလာမို |
| ရိုးမား | ၃ - ၁ | အူဒီးနီးစ် |
| ဆာစူအိုလို | ၁ - ၀ | ဂျူဗင်တပ် |
| တိုရီနို | ၃ - ၃ | ဂျီနိုအာ |

**မောင်မောင်ဇော်**

# ဖီဖာဥက္ကဋ္ဌရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်း ခုနစ်ဦး ယှဉ်ပြိုင်မည်

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပွဲတွင် ကိုယ်စား[illegible]ဖြစ်ကြောင်း ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) က ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ဖီဖာဥက္ကဋ္ဌ ရွေးကောက်ပွဲတွင် ပါဝင် ယှဉ်ပြိုင်မည့် ပြည့်စုံမှန်ကန်သော လျှောက်ထားသူစာရင်းကို အောက်[illegible] ထုတ်ပြန်ကြေညာခဲ့ရာ ထရီနီဒက်နှင့် တိုဘာဂိုကစားသမားဟောင်း ဒေးဗစ်န[illegible] ကိုယ်စားလှယ်လောင်းများအတွက် ဖီဖာဥက္ကဋ္ဌ ရွေးကောက်ပွဲ တွင် လျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်ကို သတ်မှတ်ပေးရန်[illegible]ခဲ့သူဖြစ်ပြီး ၎င်းပါဝင်လာခဲ့ခြင်းမရှိသည်နှင့် ပတ်သက်၍ ဖီဖာမှ အကြောင်းပြ ချက် တစ စုံတစ်ရာမျှပေးခဲ့ခြင်းမရှိကြောင်းလည်း သိရသည်။



**(ရွှေကြယ်)**

ဖေဖော်ဝါရီ ၂၆ ရက်တွင် ကျင်းပမည့် ဖီဖာဥက္ကဋ္ဌရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများမှာ ပလာတီနီ၊ မင်းသား အလီဘင်အယ်လ်ဟူစိန်၊ ဂီအန်နီအင်ဖန်နီတို၊ တိုကျိုဆက်ဝေးလ်၊ မူဆာဘီလီတီ၊ ဂျေရုမီချန်ပါနီနှင့် ရှက်ခ်ဆယ်လ်မန်ဘင်အီဘရာဟင်အယ်လ်ခါလီဖာတို့ဖြစ်သည်။ အဆိုပါခုနစ်ဦးအား ဖီဖာစည်းမျဉ်း စည်းကမ်းဆိုင်ရာကော်မတီက စစ်ဆေးခဲ့ပြီးနောက် တရားဝင်လက်ခံလိုက်ခြင်းဖြစ်သည်။

ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီအက်ဖ်အေ)ဥက္ကဋ္ဌ ပလာတီနီသည်ဖီဖာ၏ စည်းမျဉ်းစည်းကမ်းဆိုင်ရာ ကော်မတီက ဘောလုံးအားကစားနှင့် ပတ်သက်သည့် မည်သည့်လုပ်ဆောင်ချက်ကိုမျှ မလုပ်ဆောင်ရန် ရက်ပေါင်း ၉၀ တားမြစ်ပိတ်ပင်ခံခဲ့ရသည့် ကမ္ဘာ့ဘောလုံးလောက အထင်ကရသုံးဦးတွင် တစ်ဦးပါဝင်ခဲ့သူဖြစ်ပြီး အဆိုပါ သုံးဦးမှာ ဖီဖာအတွင်းရေးမှူးချုပ် ဂျေရိုမီဗယ်ကီ၊ ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာနှင့် ယူအီးအက်ဖ်အေဥက္ကဋ္ဌ ပလက်တီနီတို့ဖြစ်သည်။



# ပရီမီယာလိဂ်ဖလား အာဆင်နယ်ပြန်လည်ဆွတ်ခူးနိုင်မယ်လို့ အွန်နရီယုံကြည်ထား

အာဆင်နယ်ကစားသမားဟောင်း သီယာရီအွန်နရီက ယခုနှစ်ဘောလုံးရာသီတွင် အာဆင်နယ်အနေဖြင့် ပရီမီယာလိဂ် ဖလားပြန်လည်ဆွတ်ခူးနိုင်မည်ဟု ယုံကြည်ထားကြောင်း ဟောကိန်းထုတ်ပြောကြားလိုက်သည်။ အာဆင်နယ်သည် ၂၀၀၃-၂၀၀၄ ဘောလုံးရာသီက ပရီမီယာလိဂ် ဖလားဆွတ်ခူးနိုင်ခဲ့ပြီးနောက် ချန်ပီယံမဖြစ်တော့သည်မှာ ဆယ်စုနှစ်တစ်ခုကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။

ယမန်နှစ်တွင် အွန်နရီက ဂီရော့ဒ်ကိုသာ အာဆင်နယ်၏ အဓိကတိုက်စစ်မှူးအနေဖြင့် ဆက်လက်အသုံးပြုနေလျှင် အာဆင်နယ်အနေဖြင့် ပရီမီယာလိဂ် ချန်ပီယံ ဘယ်သောအခါမျှ ပြန်လည်ဖြစ်တော့မည်မဟုတ်ဟု ဝေဖန်ခဲ့ရာ ဂီရော့ဒ် အပါအဝင် အာဆင်နယ် ကစားသမားများ၏ အမျက်ရှခြင်းကို ခံခဲ့ရသည်။ အာဆင်နယ်သည် ယခုနှစ်တွင် မည်သည့် တိုက်စစ်မှူးတစ်ဦးကိုမျှထပ်မံခေါ်ယူနိုင်ခြင်း မရှိခဲ့သော်လည်း ပရီမီယာလိဂ်တွင်ရလဒ်များ ကောင်းမွန်နေကာ မန်စီးတီးနှင့်ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် အမှတ်ပေးဇယား အဆင့်(၂)နေရာတွင်ရပ်တည်နေသည်။

"ဒီနှစ်တော့ ကျွန်တော့်စိတ်ထင် အာဆင်နယ်ရဲ့နှစ်ဖြစ်လာလိမ့်မယ်လို့ ယုံကြည်ထားပါတယ်။ အခုဆိုအာဆင်နယ်က အသင်းကြီးတွေနဲ့ ဆက်တိုက်ကစားနေရတာတောင် ရလဒ်ကောင်းရအောင် ထိန်းထားနိုင်တယ်။ ဒါကအရေးကြီးပါတယ်။ ဒါကအဓိကသော့ချက်ပါ"ဟုဆိုခဲ့သည်။

အာဆင်နယ်သည် အိုလံပီယာ ကော့စ်အား ရှုံးနိမ့်ခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ် နောက်ပိုင်းလေးပွဲဆက်တိုက်အနိုင်ရရှိကာ ရလဒ်များပြန်လည်ကောင်းမွန်လာသော်လည်း အဓိကကစားသမားအတော်များများကို အနားပေးကာ ယှဉ်ပြိုင်ခဲ့သော ကပ်ပီတယ်ဝမ်းဖလားပြိုင်ပွဲမှူ ရှက်ဖီးအား သုံးဂိုး-ဂိုးမရှိဖြင့် အံ့ဖွယ်အရေးနိမ့်ခဲ့သည်။

**မေလှဲ့သင်း**

# စီးရီးအေရင်ခုန်သံ – ၁၁

**အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ် ၁၁ ကို အောက်တိုဘာ ၃၁ ရက်နဲ့ နိုဝင်ဘာ ၁၊ ၂၊ ၃ ရက်တွေမှာ ကျင်းပသွားဖို့ရှိပါတယ်။ အဆိုပါ ပွဲစဉ်မှာ တူရင်ဒါဘီပြိုင်ဘက်တွေဖြစ်တဲ့ ဂျူဗင်တပ်နဲ့ တိုရီနို ဆုံတွေ့နေသလို အင်တာမီလန်က ရိုးမားနဲ့ဆုံတွေ့နေကာ လာဇီယိုနဲ့ အေစီမီလန်လည်း တွေ့ဆုံနေတာကြောင့် အကြိတ်အနယ်ရှိမယ့် ပွဲစဉ်တစ်ခုဖြစ်လာမှာပါ။**



**ရှိုင်းမင်းမင်း**

**ဂျူဗင်တပ် - တိုရီနို ည ၁၁း၃၀ (၃၁-၁၀-၁၅)**

ဂျူဗင်တပ်ခြေက ထင်သလောက်တည်ငြိမ်မှုမရှိသေးပါဘူး။ ဒါပေမယ့် အမှတ်ဆုံးရှုံးမှုများခဲ့သလို အိမ်ကွင်းလည်းဖြစ်တာကြောင့် နိုင်ပွဲရရှိဖို့ အားစိုက်ကစားလာမှာ သေချာပါတယ်။ ဒါ့အပြင် တိုရီနိုရဲ့ခြေကလည်း သာမန်သာရှိပြီး အဝေးကွင်းပွဲစဉ်တွေမှာ တိုက်စစ်ကအစ ပုံမှန်ခြေရဖို့ ရုန်းကန်ရတတ်ပါတယ်။

**အင်တာ - ရိုးမား နံနက် ၂း၁၅ (၁-၁၁-၁၅)**

အင်တာမီလန်က အသင်းလိုက်ကစားပုံကောင်းတယ်။ ဒါပေမယ့် ထိုးစစ်ပိုင်းကတော့ ပုံမှန်ဂိုးသွင်းခြေရဖို့ ရုန်းကန်နေရဆဲဖြစ်ပြီး တစ်ပွဲကို တစ်ဂိုးလောက်သွင်းနိုင်ဖို့တောင် ခက်ခဲနေတယ်။ ဒါကြောင့် ဒီပွဲမှာ အိမ်ကွင်းဖြစ်ပေမယ့် ရိုးမားခံစစ်ကို ဖိအားပေး ခြိမ်းခြောက်ဖို့ဆိုတာ ခက်မယ်။

**ဖီအိုရင်တီးနား - ဖရိုစီနိုနီ ည ၆း၀၀ (၁-၁၁-၁၅)**

ဖီအိုရင်တီးနားရဲ့ခြေစွမ်းပိုင်းက ဒီရာသီမှာ ထက်မြက်မှုရှိတယ်။ အထူးသဖြင့် အိမ်ကွင်းပွဲစဉ်တွေမှာဆိုရင် ဖီအိုရင်တီးနားဟာ ခြေစွမ်းပိုင်း ပိုမိုကောင်းမွန်တတ်တယ်။ ဖရိုစီနိုနီကတော့ ခြေစွမ်းပိုင်းအနည်းငယ်တိုးတက်လာတယ် ဆိုပေမယ့် ဖီအိုရင်တီးနားကိုတော့ ထိန်းချုပ်နိုင်စွမ်းမရှိပါဘူး။

**ဘိုလော့နာ - အတ္တလန္တာ ည ၇း၃၀ (၁-၁၁-၁၅)**

ဘိုလော့နာက ခြေစွမ်းပိုင်းအားနည်းလွန်းပါတယ်။ အထူးသဖြင့် တိုက်စစ်က ဂိုးသွင်းခြေမတည်ငြိမ်ပါဘူး။ အတ္တလန္တာကတော့ အသင်းလိုက်ခြေစွမ်းပိုင်းမှာသာ ဘိုလော့နာထက်ပိုမိုကောင်းပေမယ့် အဝေးကွင်းမှာ ခြေစွမ်းရော တိုက်စစ်ကစားပုံပါ ကျဆင်းတတ်တာကို သတိပြုရမှာပါ။ ဘိုလော့နာတို့ အမှတ်ခွဲယူသွားနိုင်ပါတယ်။

**ကာပီ - ဗီရိုနာ ည ၇း၃၀ (၁-၁၁-၁၅)**

အမှတ်ပေးဇယားအောက်ခြေက ကာပီရဲ့ခြေစွမ်းပိုင်းဟာ အားနည်းမှုတွေများလွန်းနေပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်းက တစ်ပွဲနှစ်ဂိုးနှုန်းမကပေးခဲ့ရပြီး ကျစ်လစ်မှုလုံးဝမရှိပါဘူး။ ဒါပေမယ့် ဗီရိုနာကလည်း ကာပီ နီးတူ ခြေပျက်နေတဲ့အသင်းဖြစ်ကာ ကွင်းက ကာပီကွင်းဖြစ်နေတာကို သတိပြုရမှာပါ။

**ဂျီနိုအာ - နာပိုလီ ည ၇း၃၀ (၁-၁၁-၁၅)**

ဂျီနိုအာက အိမ်ကွင်းကစားအားကောင်းမွန်မှုရှိတယ်လို့ ဆိုနိုင်ပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းက အိမ်ကွင်းပွဲစဉ်တွေမှာ ဂိုးသွင်းအား ပိုမိုကောင်းမွန်မှုရှိပါတယ်။ ဒါပေမယ့် နာပိုလီရဲ့ခြေကလည်း တိုးတက်မှုတွေရှိလာပြီး တိုက်စစ်ပိုင်းကအစ ထက်မြက်မှုရှိလာနေပါတယ်။ နာပိုလီတို့ကပ်ပြီး နိုင်နိုင်ပါတယ်။

**အူဒီးနီးစ်-ဆာစူအိုလို ည ၇း၃၀(၁-၁၁-၁၅)**

ဒီရာသီမှာ ဆာစူအိုလိုရဲ့ခြေစွမ်းပိုင်းမဆိုးဘူးလို့ ပြောနိုင်ပါတယ်။ တိုက်စစ်ပိုင်းက ဂိုးသွင်းအားနည်းသေးပေမယ့် အသင်းလိုက်ကစားပုံက တည်ငြိမ်မှုရှိပါတယ်။ အူဒီးနီးစ်ကတော့ ခြေစွမ်းပိုင်းပျက်ယွင်းနေပြီး အိမ်ကွင်းပွဲစဉ်တွေမှာတောင် ကစားပုံတည်ငြိမ်မှုမရှိပါဘူး။

**လာဇီယို-အေစီမီလန် နံနက် ၂း၁၅(၂-၁၁-၁၅)**

လာဇီယိုက ဒီရာသီမှာ ခြေစွမ်းပိုင်းအရ ထင်သလောက်မတည်ငြိမ်ဘူးဆိုပေမယ့် အိမ်ကွင်းပွဲစဉ်တွေမှာ ကစားပုံ ထက်မြက်တတ်တာတွေ့ရပါတယ်။ အထူးသဖြင့် လာဇီယိုခံစစ်က အိမ်ကွင်းပွဲစဉ်တွေမှာ ကျစ်လျစ်မှုပိုရှိတတ်တာကြောင့် ခြေပျက်နေဆဲဖြစ်တဲ့ အေစီမီလန်ကို ထိန်းချုပ်ကစားသွားနိုင်မှာပါ။

**ချီယေဗို - ဆမ်ဒိုးရီးယား နံနက် ၀၀း၃၀(၃-၁၁-၁၅)**

ဆမ်ဒိုးရီးယားရဲ့ ခြေစွမ်းပိုင်းမဆိုးဘူးဆိုပေမယ့် အဝေးကွင်းပွဲစဉ်တွေမှာတော့ ခြေစွမ်းပိုင်းပျက်သွားတတ်ပါတယ်။ အထူးသဖြင့် ဆမ်ဒိုးရီးယားဟာ အဝေးကွင်းပွဲစဉ်တွေမှာ တိုက်စစ်ကအစ ဂိုးသွင်းခြေမတည်ငြိမ်တတ်ပါဘူး။ ဒါကြောင့် အိမ်ကွင်းကစားပုံကောင်းမွန်တဲ့ ချီယေဗိုကအဖွဲ့ကို ထိန်းချုပ်ပြီး နိုင်ပွဲရယူသွားမှာပါ။

**ပါလာမို-အမ်ပိုလီ နံနက် ၂း၁၅(၃-၁၁-၁၅)**

အမ်ပိုလီဟာ အသင်းလိုက်ကစားပုံမဆိုးပေမယ့် တိုက်စစ်ပိုင်းကတော့ တည်ငြိမ်မှုရဖို့ ရုန်းကန်နေရသလို အဝေးကွင်းပွဲစဉ်တွေမှာ ဆိုရင်လည်း ဂိုးသွင်းအားပိုမိုကျဆင်းတတ်တာတွေ့ရပါတယ်။ ဒါကြောင့်ပါလာမိုရဲ့ ခြေစွမ်းပိုင်း သာမန်သာရှိပေမယ့်လည်း အမ်ပိုလီတို့ ဖိအားပေးနိုင်ဖို့ မလွယ်ကူပါဘူး။ အမ်ပိုလီသရေလောက်ပဲ ကစားနိုင်မှာပါ။

❑❑❑

# လယ်ယာမြေ ၂၆၅၆၅ ဧကအား ဆောင်းသီးနှံများဖြင့် အစားထိုးစိုက်ပျိုးနိုင်ရေး ဆောင်ရွက်



**ကလေး  အောက်တိုဘာ ၂၉**

ကလေးလွင်ပြင်တွင် ရေကြီးနစ်မြုပ်မှုကြောင့် လယ်ယာမြေပျက်စီးမှုများအပေါ် မိုးစပါးနှင့် မိုးသီးနှံများ ပြန်လည်စိုက်ပျိုးခြင်းမပြုနိုင်သည့် လယ်ယာမြေ ၂၆၅၆၅ ဧကအား ဆောင်းသီးနှံများဖြင့် အစားထိုးစိုက်ပျိုးနိုင်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ကလေးမြို့နယ် ကျေးရွာအုပ်စု ၂၉ အုပ်စုတွင် ထွန်စက်ကြီး ၉၅ စီးအသုံးပြုကာ လယ်ယာမြေ ၂၁၄ ဧကပေါ်မှ သစ်တုံးများဖယ်ရှားခြင်း၊ လယ်ယာမြေ ၈၇ ဧကမြေညှိပေးခြင်းနှင့် ဆောင်းသီးနှံစိုက်ပျိုးနိုင်ရန် ၃၀၁၈ ဧကအား တောင်သူများသို့ အခမဲ့ထွန်ယက်ပေးပြီးဖြစ်ရာ ကလေးဝမြို့နယ်တွင်လည်း ထွန်စက်ကြီးငါးစီးနှင့် တမူးမြို့နယ်တွင် ထွန်စက်ကြီး ၁၀ စီးတို့ဖြင့် လုပ်ငန်းဆောင်ရွက်ပေးလျက်ရှိသည်။

ကလေးမြို့နယ် နတ်မြောင်းကျေးရွာအုပ်စု ရေကြီးနစ်မြုပ်ခဲ့သည့် အင်းစိန်ကျေးရွာတောင်သူ ဦးသိန်းအောင်၏ ကွင်းအမှတ် ၈၂၃ (ခ) ကွင်းတွင် ဆောင်းသီးနှံစိုက်ပျိုးနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် စက်မှုလယ်ယာဦးစီးဌာန၏ ထွန်စက်ရှစ်စီးဖြင့် အခမဲ့ထွန်ယက်ပေးလျက်ရှိသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်မှုများကို ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတိုင်းဦးစီးမှူး ဦးအောင်ဆွေ၊ ဒုတိယတိုင်းစိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းမြင့်၊ ခရိုင်စက်မှုလယ်ယာဦးစီးမှူး ဦးကျော်ကျော်ဦး၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦအောင်ကြည်ဝင်း၊ ဆည်မြောင်းဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်ဦးနှင့် ခရိုင်ရေအရင်းအမြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်လွင်တို့နှင့်အတူ အောက်တိုဘာ ၂၇ ရက်က ကွင်းဆင်းကြည့်ရှုအားပေးကြသည်။

နတ်မြောင်းကျေးရွာအုပ်စုတွင် လယ်ယာမြေပျက်စီးဧက ၁၉၂၇ ရှိသည့်အနက် ဧက ၁၈၂၆ တွင် မိုးစပါးပြန်လည်စိုက်ပျိုးနိုင်ခဲ့ပြီး ကျန်ရှိနေသည့်လယ်မြေများတွင် ဆောင်းသီးနှံများ အစားထိုးပြန်လည်စိုက်ပျိုးနိုင်ရန် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ကလေးလွင်ပြင်တွင် ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးပျက်စီးလယ်မြေများအပေါ် ဆောင်းသီးနှံအစားထိုးစိုက်ပျိုးနိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ကလေးလွင်ပြင် လယ်ယာကဏ္ဍ ပြန်လည်ထူထောင်ရေးအတွက် ဆောင်းသီးနှံမျိုးစေ့များအား တောင်သူများလက်ဝယ်သို့ အခမဲ့ဖြန့်ဖြူး ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ထောက်ပံ့ပေးအပ်ခဲ့ရာ ကျေးရွာအုပ်စု ၂၂ အုပ်စုတို့တွင် မြေပဲအတောင့် ၂၁၀၂ တင်းနှင့် အဆံ ၁၀ တင်း၊ နေကြာ ၅၃၃ တင်း၊ ပဲတီစိမ်း ၅၆ တင်း၊ ပဲယင်း၊ ပဲပုပ်တင်း ၂၀၀၊ ပဲနီ၊ ပဲကြား ၁၅၁၈ တင်း၊ အစေ့ထုတ် ပြောင်း ၅၉၉၀ ကီလိုနှင့် ၂ တင်း၊ မတ်ပဲ ၁ တင်း၊ စားတော်ပဲ ၁ ဒသမ ၇၅ တင်း၊ ကုလားပဲ ၃၀၂ တင်း၊ ပဲလွန်းဖြူ ၂ ဒသမ ၅ တင်း၊ ပဲကြီး သုည ဒသမ ၅ တင်းနှင့် ဂျုံ ၁၀၀ ဒသမ ၅ တင်းတို့ကို ဆောင်းသီးနှံစိုက်ပျိုးမည့် စုစုပေါင်းဧက ၇၅၁၀ ဒသမ ၅ အတွက် အခမဲ့ထောက်ပံ့ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

**ဂျိုးနက်**

## စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်

**ဝက်လက်  အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ဖွတ်လှိုင်းကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲကို အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီက အဆိုပါအဆောက်အအုံသစ်ရှေ့တွင် ကျင်းပခဲ့ကြောင်းသိရသည်။

ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲတင့်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးလွင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နိုင်တို့က ဖွင့်လှစ်ပေးပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်က အမှာစကားပြောကြားခဲ့သည်။

အဆိုပါ ကျေးလက်ကျန်းမာရေးဌာနခွဲမှာ သံကူကွန်ကရစ်အဆောက်အအုံဖြစ်ပြီး ၂၀၁၂ ခုနှစ်တွင် ဖွင့်လှစ်ခွင့်ရရှိခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် တိုင်းဒေသကြီးကျန်းမာရေးဦးစီး အဆောက်အအုံကိုသာထက်သာကုမ္ပဏီက တာဝန်ယူပြီး ငွေကျပ်သိန်း ၅၇၀ ကျော် အကုန်အကျခံကာ ဆောက်လုပ်ခဲ့သည်။

ယင်းအဆောက်အအုံဖွင့်လှစ်ပေးခြင်းဖြင့် ဖွတ်လှိုင်းကျေးရွာနှင့် ယင်းမာကန်ကျေးရွာများရှိ ပြည်သူ ၂၂၉၃ ဦးကို အနီးကပ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

## မဲရုံအနီး မီးဘေးအန္တရာယ်မကျရောက်စေရန် အသိပညာပေး

**ချောက်  အောက်တိုဘာ ၂၉**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်မီးသတ်တပ်ဖွဲ့မှ ရွေးကောက်ပွဲနီးကပ်လာသည်နှင့်အမျှ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းတည်ငြိမ်စွာ မဲပေးနိုင်ရေး အမှတ်(၅)ရပ်ကွက်အတွင်း မဲရုံလေးရုံအနီးအနားရှိ အိမ်များအား မီးဘေးအန္တရာယ်မကျရောက်စေရန်အတွက်ကြိုတင်ကာကွယ်ရေးအနေဖြင့် အသိပညာပေးခြင်းကို အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီခွဲက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကွင်းဆင်းဆောင်ရွက်မှုတွင် မြို့နယ်မီးသတ်ဌာနဦးစီးမှူးအပါအဝင် မီးသတ်တပ်ဖွဲ့ဝင် ၁၆ ဦး၊ အမှတ်(၅)ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများလိုက်ပါ၍ မီးသတိမူရေး အသိပညာပေးခြင်းကို အမှတ်(၅)ရပ်ကွက် မဲရုံလေးရုံရှိ အိမ်ခြေ ၉၀ အား တစ်အိမ်တက်ဆင်း အသိပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ ပွင့်လင်းရာသီအချိန် မဲရုံအနီး မီးဘေးအန္တရာယ်မကျစေရေး အသိပညာပေးခြင်းလုပ်ငန်းများကို ချောက်မြို့နယ်အတွင်း နိုဝင်ဘာ ၆ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်မီးသတ်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ဝင်းအိမွန်(ပြန်ဆက်)**








ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
Ph:09-43117680, 09-5059821




လက်ရှိစီးပွားရေးပြုလုပ်နေဆဲဖြစ်သော **Singapore's Kitchen** စားသောက်ဆိုင်ကို လွှဲပြောင်းရယူလုပ်လိုသူ (သို့) အစုရှယ်ယာ ပါဝင်လုပ်ဆောင်လိုသူများ ဆက်သွယ်နိုင်ပါသည်။
ဖုန်း-၀၉-၂၅၀၁၂၀၇၂၂





### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### တောင်ဥက္ကလာပမြို့နယ်တရားရုံး
### ၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၇

ဒေါ်ခင်စိုးသော် နှင့် ၁။ဦးကျော်ရင်မောင်
၂။ဒေါ်စန်းစန်းလွင်
(တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ကမ္ဘာ့ဌာန်းလမ်း၊ အမှတ်(၆၈၂)နေ ဦးကျော်ရင်မောင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလို ဒေါ်ခင်စိုးသော်က "ငွေကျပ် ၁၅၄၀၀၀၀၀/-နှင့် နစ်နာကြေးငွေ ၁၄၆၀၀၀၀/၊ စုစုပေါင်းငွေကျပ် ၃၀၀၀၀၀၀၀/-ရလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ ၄ရက်၊ (၁၃၇၇ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုတ်ချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရူပါနေဝင်း)**
**ဒုတိယမြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

*သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်၏ ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်ကို စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြပေးလျက်ရှိသည်။ (ကြေးမုံ)*

# ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

## နတ်မောက်ထွန်းရှိန်

**ယခင်အပတ်မှအဆက်**

၎င်းအနောက်မြောက်ထောင့်တွင် ဥပုသ်တော်ဆောင် အဆောက်အအုံရှိသည်။ ကျောက်စာရုံများမှာ ဗဟိုစင်၏ အနောက်ဘက်တွင် တည်ဆောက်ထိန်းသိမ်းပြသထားသည်။ ပုဂံ၊ အင်းဝ၊ ပင်းယ၊ ကုန်းဘောင်ခေတ် ကျောက်စာများဖြစ်သည်။ ရှေးဟောင်းသုတေသနဦးစီးဌာနမှ ထိန်းသိမ်းထားရှိသည်။

**ပုဂံမင်းသဂြိုဟ်သည့်နေရာ**

အမရပူရာတွင် နန်းတက်သည့် မင်းတုန်းမင်း၏ နောင်တော်ပုဂံမင်း၏ အုတ်ဂူသင်္ချိုင်းကို အမရပူရနှင့် မန္တလေးတွင် ရှာမတွေ့ပေ။ ပုဂံမင်းနန်းကျပြီး မင်းတုန်းမင်းက ကောင်းမွန်စွာပင် စောင့်ရှောက်ခဲ့သည်။ သီပေါမင်းနန်းတက်ပြီး ၁၂၄၀ ခုနှစ်၊ တန်းခူးလ၊ ဘကြီးတော်ပုဂံမင်း ကံကုန်တော်မူသည်ကို စကြဝတေးမင်း၊ မန္တတ်မင်းတို့ကို သင်္ဂြိုဟ်သကဲ့သို့ အခမ်းအနားကြီးကျယ်စွာ စီရင်ခင်းကျင်းတောမူ၍ စံနေတော်မူရင်း ရွှေမြို့တော်မြို့တွင်း အရှေ့တောင်ထောင့် နတ်စုလက်ယာကွက်ဝင်း အိမ်တော်အတွင်း ဘကြီးတော်ပုဂံမင်းအလောင်းကို သင်္ဂြိုဟ်တော်မူသည်။ ရတနာပုံစက်ရုံများတွင် အရေးပါသောစက်ရုံမှာ ဒင်္ဂါးစက်ရုံဖြစ်သည်။ မြန်မာမင်း၏ ဒေါင်းဒင်္ဂါးစက်ရုံကို ၁၂၂၇ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၉ရက်နေ့တွင် မန္တလေးနန်းမြို့တော်အတွင်း စက်ကိရိယာနှင့်တကွ တည်ဆောက်ပြီးစီးသည်။ ဒင်္ဂါးစက်ရုံတော်ကို သဘင်ပွဲလမ်းအခမ်းအနားကြီးကျယ်စွာ ခင်းကျင်းပြီးလျှင် အမြောက်များပစ်ဖောက်ဖွင့် လှစ်သည်။ မြန်မာနိုင်ငံတံဆိပ်အမှတ်အသား ဥဒေါင်းရုပ်ပါ ကျပ်သုံးဒင်္ဂါးကို စတင်ခတ်နှိပ်ထုတ်လုပ်ခဲ့သည်။

ရွှေ၊ ငွေ၊ ကြေးနီဒင်္ဂါး(၃)ရပ်ကို ကျပ်သုံးဒင်္ဂါး၊ ငါးမူးဒင်္ဂါး၊ မတ်သုံးဒင်္ဂါး၊ မူးသုံးဒင်္ဂါး၊ပဲသုံးဒင်္ဂါး အလုံးစုံငါးမျိုးလုံးပင် ဥဒေါင်းရုပ်ပါ၊ ဥဒေါင်းရုပ်၏ အပြင်ဘက်အနားပတ်လည်တွင် တံဆိပ်ဟူသောစာ၊ ပန်းခွေဘက်တွင် ဒင်္ဂါး၏ အပြင်အနားပတ်လည် ရတနာပုံနေပြည်တော်ဟူသောစာ၊ ပန်းခွေ၏ အတွင်းတွင် ဒင်္ဂါး၏ တန်ဖိုးဂဏန်းစာ၊ အောက်တွင် မန္တလေးမြို့တည်၊ နန်းတည် မင်းတရားကြီးမင်း အဖြစ်သို့ ရောက်တော်မူသည့် ခုနစ်ဂဏန်းကို ထည့်သွင်း၍ ခတ်နှိပ်ထား၏။ ရွှေဒင်္ဂါးများမှာ မန္တလေးမြို့တည် မင်းတရားကြီးလက်ထက် မြန်မာသက္ကရာဇ် ၁၂၂၈ ခုနှစ်တွင် ခတ်လုပ်သည်။ တံဆိပ်အမှတ်အသားမှာ ဗုဒ္ဓဘာသာမြန်မာတို့ ဓလေ့ထုံးစံအရ မန္တလေးမြို့တည်၊ နန်းတည်မင်းတရားကြီး၏ ဖွားနံတော်သင့် ခြင်္သေ့ရုပ်ကို တစ်ဖက်ထား၍ ခြင်္သေ့တံဆိပ်ဟူသောစာ၊ ခြင်္သေ့၏ အောက်တွင်ခတ်လုပ်သည့် ၁၂၂၈ ခုနှစ် ဂဏန်း၊ ပန်းခွေဘက်တွင် ပန်းခွေ၏ အပြင်အနားပတ်လည်၌ ရတနာပုံနေပြည်တော်ဟူသော စာကိုထည့်လျက် ခတ်နှိပ်သည်။

မင်းတုန်းမင်း ၁၂၄၀ ပြည့်နှစ် နတ်ရွာစံပြီးနောက် သားတော်သီပေါမင်းလက်ထက်တွင် ခတ်လုပ်သည့် ဒင်္ဂါးမှာလည်းသီပေါဘုရင်မင်းမြတ်၏ ဖွားတော်နံသင့် 'တိုး' စာ၊ ပန်းခွေဘက်တွင် ပန်းခွေ၏ အပြင်ဘက်အနားပတ်လည်မှာ ရတနာပုံနေပြည်တော်ဟူသောစာ၊ ပန်းခွေ၏အတွင်းတွင် ဒင်္ဂါးတန်ဖိုးဂဏန်းနှင့် စာထည့်သွင်းခတ်နှိပ်ထားသည်။

ထို့ပြင် သံဒင်္ဂါးနှင့် ခဲဒင်္ဂါး အထူအပါး ဒင်္ဂါးများတွင် ယုန်တံဆိပ် ခတ်နှိပ်ထားသည်ကိုလည်း တွေ့ရသည်။ နိုင်ငံတော်ဘုရင်မင်းမြတ်နှင့်တကွ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့တွင် ကျက်သရေမင်္ဂလာရှိသည်ဟု ယုံမှတ်သည်လည်း တစ်ကြောင်း၊ နေဝန်း၊ လဝန်းကိုအစွဲပြုလျက် ရွှေ၊ ငွေ၊ ကြေးနီ ဒင်္ဂါးများ၌ နေဝန်း၌ရှိသော ဥဒေါင်းရုပ်တံဆိပ်၊ လဝန်း၌ရှိသော ယုန်တံဆိပ်စသည်ဖြင့် ခတ်နှိပ်သုံးစွဲခြင်းဖြစ်သည်။ သံနှင့်ခဲ အထူအပါးဒင်္ဂါးများတွင်လည်း ထိုသို့ခတ်နှိပ်ခဲ့သည်။

၁၈၇၀ ခုနှစ်တွင် မြန်မာဒင်္ဂါးစက်ရုံ၏ လုပ်ငန်းမှာ ကောင်းစွာအောင်မြင်သည်။ ဗြိတိသျှအစိုးရကိုယ်စားလှယ်က လည်း ချီးကျူးကြောင်း အမှတ်အသားရှိသည်။ ၁၈၇၃ ခုနှစ်ခန့် စက်ရုံ၏ ထုတ်လုပ်မှုစွမ်းအားသည် တစ်နေ့လျှင် ကျပ် (၁၀၀၀၀)မှ (၁၅၀၀၀)ရှိကြောင်း သိရသည်။

သီပေါမင်းပါတော်မူသည်အထိ အနှစ်(၂၀)အတွင်း ဒင်္ဂါးစက်ရုံမှခတ်လုပ်သည့် ငွေဒင်္ဂါးများမှာ ခန့်မှန်း ၁ ကျပ်သုံး၊ ငါးမူးစေ့၊ မတ်စေ့၊ မူးစေ့အပါအဝင် (၂၈ယ၇၅၅ယ၆၂၅) ထုတ်လုပ်ခဲ့ကြောင်း မှတ်တမ်းများအရ တွေ့ရှိရသည်။

**မဲနယ်စက်ရုံ**

ရတနာပုံခေတ်စက်ရုံများတွင် မဲနယ်စက်ရုံကို ၁၂၂၂ ခုနှစ်ခန့်က စတင်တည်ဆောက်လုပ်ကိုင်ခဲ့သည်။ ရတနာပုံနေပြည်တော်၌ မဲနယ်စက်ရုံပေါင်း ငါးရုံရှိခဲ့သည်။ ပထမဆုံး မဲနယ်စက်ရုံမှာ အမရပူရနေပြည်တော်ဟောင်း၌ တည်ဆောက်ခဲ့သည်။ အိန္ဒိယ ကာလကတ္တား ဘင်္ဂလီအမှုထမ်းများ ခန့်ထားစေခိုင်းခဲ့သည်။ အမရပူရ မန္တလေးမြို့ တည်သောအခါ မဲနယ်စက်ရုံများလည်း မန္တလေးဘက် ပါလာသည်။ မန္တလေးအထက် သရက်ကန်တွင် မဲနယ်ချက်စက်ရုံတစ်ခု၊ မန္တလေးတောင်အနီး၌ မဲနယ်ချက်စက်ရုံတစ်ခု၊ (မန္တလေးတောင်၏ အရှေ့မြောက်ယွန်းယွန်း ဘုန်းတော်တိုးရပ်ကွက်ထဲ၌ ပါဝင်သည်။) စစ်ကိုင်းအနောက်ဘက် ၁၂ မိုင်ကွာတစ်ခု၊ နန်းမြို့တွင်း ဘုရင်မင်းမြတ်ဥယျာဉ်တော်၌ စက်ရုံငယ်တစ်ခု တည်ဆောက်ခဲ့သည်။

ရတနာပုံခေတ် မဲနယ်ချက်လုပ်ပုံမှာ အုတ်အင်္ဂတေကန်များ တည်ဆောက်ရသည်။ မဲနယ်ပယ်များကို အပွင့်အခက် အရွက်အမြစ်ပါအစုံ ယင်းကန်များတွင် ရေမြုပ်အောင်ဖိပြီး ထုံးထည့်လျက် နူးနပ်အောင်ရေစိမ်ရသည်။ ရေစိမ်ဝ၍ မဲနယ်များပုပ်ပွလာသောအခါ ဝါးသစ်သားယောက်သွားဖြင့် မွှေရသည်။ ရေကြည်များ ခပ်ထုတ်၍ မဲနယ်ပျစ်ချွဲချွဲများ ကျန်သောအခါမှ အင်္ဂတေကန်ထဲ ပြောင်းယူကာ မဲနယ်ချက်ရန် အိုးကြီးများဖြင့် ချက်ရသည်။ ထို့နောက် ရေစစ်ပြီးအနှစ်များယူကာ ဘောင်ခတ်ထားသော သစ်သားသေတ္တာကြီးများ၌ ထည့်လျက် ခဲသွားအောင်ကျောက်ဖိရသည်။ ထို့နောက် ခြောက်သွေ့ပြီး အတုံးငယ်ကလေးများတုံးကာ မဲနယ်အဖြစ် အသုံးပြုခြင်းဖြစ်သည်။ မဲနယ်ပင်များရရှိရန် အသည်တို့က စိုက်ပျိုးပေးသွင်းကြရသည်။ မဲနယ်ကို မည်သူမဆို စိုက်ပျိုးရောင်းချနိုင်ကြသလို ရတနာပုံနေပြည်တော်ထွက် မဲနယ်များကို ရှမ်းပြည်နယ်၊ တရုတ် နိုင်ငံထိ တင်ပို့ကြောင်း တွေ့ရသည်။

**ရက်ကန်းစက်ရုံ**

ရတနာပုံခေတ်တွင် လူတို့အသုံးအဆောင် အဝတ်အထည်အတွက် ရက်ကန်းလုပ်ငန်းမှာ အရေးကြီးသည့် အလျောက် ရက်ကန်းစက်ရုံကို တွင်တွင်ကျယ်ကျယ် ရက်လုပ်ခဲ့သည့်အထောက်အထားတွေ့ရသည်။ ယနေ့ တိုင်စက်ရုံနေရာများရှိသည်။ မြောက်ပြင် အမရစံခေါင်ရပ် ရွှေတချောင်းအရှေ့ဘက်ကမ်း၌ သေနတ်စက်ရုံနှင့် ကပ်လျက် တည်ဆောက်ထားသည်။ ရက်ကန်းစက်ရုံနှင့် ပတ်သက်၍ ရွှေနန်းသုံးဝေါဟာရအဘိဓာန်တွင် စက်ရုံကြီးအကြောင်း မှတ်တမ်းတင်ထားသည်။

ယင်းရက်ကန်းစက်ရုံတော်ကြီးတွင် ဝါများကိုကြိတ်သည့် ကြိတ်စက်၊ ကြိတ်ပြီးဝါကိုဖတ်သည့် ဝါဂွမ်းဖတ်စက်၊ ဖတ်ပြီးဝါဂွမ်းကို ညှိဆိုင်ရှိ ဗိုင်းတောင့်ကြီးတစ်ဆက်တည်း အရှည်အလံဖြစ်အောင်လုပ်သည့်စက်၊ ယင်း ဗိုင်းတောင့်ကြီးကို တစ်စတစ်စသေးစေ၍ အလိုရှိရာ ချည်ချောကြမ်းဖြစ်အောင် စက်အဆင့်ဆင့်များဖြင့် လုပ်ဆောင်သည့် ချည်ကို ဝင့်သည့်စက်၊ ချည်ချစက်၊ ချည်ခင်ကိုခေါက်သည့် စက်၊ ချည်စာယူသည့်တိုက်ခန်း၊ နှပ်ကောက်သည့်တိုက်ခန်း၊ အထည်ရက်သည့် ရက်ကန်းစက်တိုက်ခန်း၊ အထည်ခေါက်သည့်စက်ခန်းများ ပြည့်စုံစွာထားရှိသည်။ ရက်ကန်းစင်ပေါင်း ၈၀ ခန့်နှင့် အခြားလိုအပ်သည့်စက်များကို ဂျုံးနှင့် ကာခမ်းဆိုသူ နိုင်ငံခြားသားနှစ်ဦးက ကြီးကြပ်တပ်ဆင်ခဲ့ကြသည်ဟု မှတ်တမ်းတွေ့ရသည်။

ယင်းစက်ရုံ၊ အလုပ်ရုံများအားမှီ၍ လုပ်ကိုင်ကြသော အမှုထမ်းများသည် ရပ်ကွက်ဝင်းအတန်းများ၌ နေထိုင်ကြသည်။ အချို့လည်း လုပ်ငန်းအလိုက် အစု၊ အတန်းများ၊ မိသားစု ဆွေစဉ်မျိုးဆက်နေထိုင်ကြသည်။ သံချက်တန်း၊ ဖန်ချက်တန်း၊ မဲနယ်တန်း၊ သင်္ဘောတန်း၊ လေ့တန်း၊ ရက်ကန်းတန်း၊ လှေထောင်တန်း၊ ပွတ် တန်း စသည်ဖြင့် အချို့နာမည်မပျောက်သေးဘဲရှိသည်။ အချို့လည်း ပျောက်ကွယ်လျက်ရှိသည်။

အထူးသဖြင့် လက်မှုအနုပညာလုပ်ငန်းဆိုင်ရာနှင့် စပ်လျဉ်း၍ နေထိုင်ကြသူများ၏ ရပ်ကွက်၊ အတန်းအစုများကား မြို့တည်ပြီး ရပ်ကွက်အမည်များနေရာချထားပေးသည့် ၁၂၂၄ ခုနှစ်မှစ၍ ယနေ့တိုင် သားစဉ်မြေးဆက် လုပ်ငန်းမပျောက်မပျက် ထိန်းသိမ်းလာခဲ့ကြသလို ရပ်ကွက်အစုအဝန်းများလည်း မပျောက်သေးဘဲ ရှိနေသည်မှာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်တို့ကို ခေတ်အဆက်ဆက် ထိန်းသိမ်းလာခဲ့သောကြောင့်ဖြစ်သည်။

ဆက်လက်ဖော်ပြပါမည်။

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသား စာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်း အတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**

ဧဝတနာအထူးပြုနိုဗ္ဗာန်ဆော် ခင်နန္ဒာ နှင့် ဘွားစိုးနော်
၁၂ရက် ရန်ကုန် - ဂယာ - ရန်ကုန် (လေးဌာနအဓိက) ၂သိန်း + ဒေါ်လာ ၇၀၀
၁၅ရက် ရန်ကုန် - ဂယာ - ရန်ကုန် (နေရာစုံ) ၂သိန်း + ဒေါ်လာ ၇၅၀
ရန်ကုန် - ဂယာ - ကိုလ်ကတ္တား - ရန်ကုန် ၂သိန်း + ဒေါ်လာ ၈၀၀
(အမှန်အကန် စရိတ်ငြိမ်း)
နိုင်ငံကူးလက်မှတ် (၆)လသက်တမ်းကျန်လျှင် (၃)သောင်းကျပ် လျှော့ပေးသည်။ ဝန်ဆောင်မှုနှင့် ဈေးနှုန်းမျှတမှု ရှိ/မရှိ ခရီးသည်ဟောင်းများအား မေးမြန်းနိုင်ပါသည်။ နယ်မှ ခရီးသည်များ ရန်ကုန်မြို့ရှိ လုံးချင်းအိမ်များတွင် အခမဲ့တည်းခိုနိုင်ပါသည် (ရုံး/လေဆိပ် ပို့/ကြို အပါအဝင်)။ (၅)ဦးနှင့် အထက် သတ်မှတ်လျှော့နှုန်းများရှိပါသည်။
ရုံးချုပ် - ကွန်ဒို(E)၊ မြေညီထပ်၊ ကမ္ဘာအေးဗီလာအိမ်ရာ၊ ကမ္ဘာအေးစေတီလမ်း၊ (၈)မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။ ၀၁-၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၀၉-၅၆၀၀၀၂၃
ရုံးခွဲ - အမှတ်(၄၈၁)၊ မြေညီထပ်၊ ကုန်သည်လမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ဘိုကလေးဈေးအနီး၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ၀၉-၅၃၂၁၀၀၂

CHAWCHAW
SILK & LUXURY FASHION
သီတင်းကျွတ်အရောင်းမြှင့်အစီအစဉ်
- မြန်မာ့ရိုးရာ လွန်းရာကျော်ချိတ်
- ဥရောပနှင့် အာရှ အဆင့်မြင့် ဇာမျိုးစုံ
- ထိုင်းပိုးမျိုးစုံနှင့် ဂျင်းမယ်မျိုးစုံ
- ဂျပန်ပိုးမျိုးစုံ
- မြန်မာပိုး၊ ပိုးရော ချည်ထည်မျိုးစုံ
- Myanmar Traditional Handmade 'Acheik'
- European and Asian Laces
- Various Thai Silk
- Various Japanese Silk
- Various Myanmar Silk, Silk Cotton and Cotton
Until 10th November
(၁၀)ရက်နိုဝင်ဘာလအထိ
UP TO 70% DISCOUNT
241, Dhammazedi Road, Bahan Township, Yangon.
Ph: +95 1 542997, +95 1 701393, +95 9 5015946
Facebook: www.facebook.com/chawchawsilkandluxuryfashion

Lotus ဟိုတယ်သင်တန်းကျောင်း School of Hospitality
အလျင်အမြန်တိုးတက်လျက်ရှိသည့် ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍတွင် အသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခုဖြင့် အောင်မြင်စွာ ရပ်တည်နိုင်ရန် အောက်ပါသင်တန်းများကို တက်ရောက်ခြင်းဖြင့် သင်၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ပါသည်။
- နိုင်ငံတကာ အစားအစာ အချက်အပြုတ်သင်တန်း (International Culinary Arts)
- နိုင်ငံတကာ မုန့်ဖုတ်သင်တန်း (International Bakery & Pastry)
- နိုင်ငံတကာအဆင့်မီ မုန့်မျိုးစုံ အလှဆင်နည်းသင်တန်း (Basic Bakery & Pastry Decoration)
- အချော်ယမကာဖျော်စပ်ခြင်းနှင့် ဝန်ဆောင်မှုသင်တန်း (International Bartending)
- Coffee နှင့် Juice မျိုးစုံဖျော်စပ်နည်းသင်တန်း ( International Barista)
- အစားအသောက်နှင့် အချော်ယမကာ ဝန်ဆောင်မှုသင်တန်း (Food & Beverage Service)
- ဟိုတယ်စီမံခန့်ခွဲမှုသင်တန်း (Certificate in Hotel Management)
- ဝန်ဆောင်မှုနှင့် ဧည့်ကြိုသင်တန်း (Front Office Operation)
- ဟိုတယ်နှင့်အိမ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း (Housekeeping Operation )
- ဝန်ထမ်းပိုင်းဆိုင်ရာနှင့်လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုသင်တန်း (Human Resources Management)
- ဟိုတယ်သုံး အင်္ဂလိပ်စကားပြော (Hospitality English)
သင်တန်းသားများ စတင်လက်ခံနေပါပြီ
ဝါရင့်ဆရာများကိုယ်တိုင် စနစ်တကျ လေ့ကျင့်သင်ကြားပေးပြီး သင်တန်းပြီးဆုံးပါက ကိုယ်ပိုင်လုပ်ငန်းစတင်နိုင်ရန်နှင့် အလုပ်အကိုင်ရရှိရန်အတွက် ကူညီလမ်းညွှန်ပေးသည်။
Lotus အမှတ်(၂၁၃၊ ၂၁၇) ၃-လွှာ၊ မဟာဗန္ဓုလလမ်းနှင့် ၄၉-လမ်းထောင့်၊ ဗိုလ်တထောင်၊ ရန်ကုန်မြို့။
01-397449, 01-397447, 09-31624614, 09-73169207

BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ ဗွီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁)-အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်ဘေး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
Ph : 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381
အရောင်းခန်းမ(၂)-တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာဘေး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ပြည်သာယာလမ်း။
Ph : 09-5425251, 09-73225484



# နှစ်စဉ်ကျင်းပမြဲဖြစ်သော ထားဝယ်ရိုးရာ သပိတ်မျှောပွဲကျင်းပ

**ထားဝယ်   အောက်တိုဘာ ၂၉**

ဝါလကင်းလွတ်သီတင်းကျွတ်လပြည့်နေ့တွင် ထားဝယ်ရိုးရာသပိတ်မျှောပွဲ ဖွင့်ပွဲကို အောက်တိုဘာ ၂၈ ရက် နံနက် ၂ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဒေါင်းငူရပ် ဆိပ်ကမ်းသာလမ်း ထားဝယ်မြစ်ကမ်း၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ထားဝယ်ရိုးရာသပိတ်မျှောပွဲကို ကိုယ်တိုင်ပါဝင်ကုသိုလ်ပြုကြပြီး ဒေသခံပြည်သူများက ထားဝယ်ရိုးရာသပိတ်မျှော မုန့်ဦးမှစ၍ အကွေ့ ၁၂ ကွေ့ ရှိသော ဝက်ပါကို မျှော်ရွှင်စွာဖြတ်ကျော်ကာ ကုသိုလ်ယူကြသည်။

သပိတ်မျှောပွဲကို နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လပြည့်နေ့တွင် ပြုလုပ်လေ့ရှိပြီး စေတနာရှင်၊ အလှူရှင်များက သပိတ်မျှောပွဲလာရောက်ကြည့်ရှုသူများကို စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ သပိတ်မျှောပွဲတွင် မီးပုံးပျံအငယ်လွှတ်တင်ခြင်း၊ ဇာတ်သဘင်များဖြင့်ဧည့်ခံဖျော်ဖြေခြင်း၊ ထားဝယ်ရိုးရာယဉ်ကျေးမှုအကများနှင့် အိုးစည်ဒိုးပတ်အကများဖြင့် သီဆိုဧည့်ခံဖျော်ဖြေခြင်းများ ဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများ လာရောက်ကြည့်ရှု အားပေးလျက်ရှိသည်။

အဆိုပါ ထားဝယ်ရိုးရာသပိတ်မျှောပွဲကို ဖွင့်ပွဲရက်များတွင် နံနက် ၁ နာရီမှစ၍ နံနက် ၅ နာရီ အထိ အဆိုပါဒေသခံပြည်သူများစည်ကား သိုက်မြိုက်စွာဖြင့် သပိတ်မျှောကုသိုလ်ယူလျက်ရှိကြောင်း သိရသည်။

**ထားဝယ်ခရိုင်(ပြန်/ဆက်)**

# နဂါးလှေတော်ရေချမင်္ဂလာ တနင်္သာရီမြို့နယ်၌ ထူးခြားစွာကျင်းပ

**တနင်္သာရီ အောက်တိုဘာ ၂၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်၌ နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် ၄ ရက်က ကျင်းပခဲ့သည့်အတိုင်း ရိုးရာနဂါးလှေလှော်ခတ်ပွဲတော်ကျင်းပနိုင်ရေးအတွက် ငွေနန်းသာရီ နဂါးလှေတော်ရေချ မင်္ဂလာအခမ်းအနားကို ချောင်းကြီးရပ်ကွက် ရွှေလိပ်ပြာကမ်းနားလမ်း နဂါးလေးရုံတော်အရှေ့တွင် အောက်တိုဘာ ၂၇ ရက် နံနက် ၈ နာရီက ယခင်နှစ်များကထက် ထူးခြားစွာ ကျင်းပကြောင်း နဂါးလှေတော်အသင်းမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်၏ရှေးဟောင်းရိုးရာအမွေအနှစ်တစ်ခုဖြစ်သည့် နဂါးလှေရိုးရာကို အစဉ်စောင့်ရှောက်ထိန်းသိမ်းမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

နဂါးလှေတော်ရေချမင်္ဂလာအခမ်းအနားများတွင် ချောင်းကြီးကျောင်းတိုက် သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တပညာဒီပနှင့် နဂါးလှေအသင်းဥက္ကဋ္ဌ ဦးကြည်၊ ချောင်းကြီးအရပ်၊ ချောင်းငယ်အရပ်၊ မြို့ဦးအရပ် စသည့် အရပ်သုံးရပ်တို့မှ ရပ်မိ၊ ရပ်ဖများက ငွေနန်းသာရီနဂါးလှေတော် ရေချမင်္ဂလာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ၎င်းနဂါးလှေဦးခေါင်းတော်အား အမွှေးနံ့သာများ ပက်ဖြန်းဆုတောင်းပေးကြသည်။

မြို့တည်နန်းတည် ၆၄၂ နှစ်မြောက် အထိမ်းအမှတ်နှင့် နဂါးလှေတော်ဓလေ့ ၈၆၂ နှစ်မြောက်အထိမ်းအမှတ် ဗျိုင်းတောင်ဓလေ့များဖော်ထုတ်ပြသခြင်း၊ မျိုးဆက်သစ်လူငယ်များ နဂါးအက ကပြခြင်းတို့နှင့်အတူ ယခင်နှစ်များနှင့်မတူအောင် ထူးထူးခြားခြားရေချမင်္ဂလာကို ကျင်းပခြင်းဖြစ်ကြောင်း ဆရာတော်မှ ဩဝါဒမြွက်ကြားခဲ့သည်။

ယင်းနောက် အရပ်သုံးရပ်မှ ရပ်မိရပ်ဖများ၊ လှေတော်သားများစုပေါင်းအားဖြင့် ငွေနန်းသာရီနဂါးလှေတော်ကို လှေရုံမှလျှောဖြင့် တဖြည်းဖြည်းချင်း ရေထဲချပေးကြကာ မင်္ဂလာဦးပေါက် နောင်သန်းစိုးဝင်း ဦးဆောင်သည့် လှေတော်သား ၄၂ ဦးတို့က တက်ညီလက်ညီ မြစ်ကြောင်းတစ်လျှောက် စမ်းသပ်လှော်ခတ်ကြသည်။

၎င်းငွေနန်းသာရီနဂါးလှေတော်သည် စကားစပွါယ်သစ်အမျိုးအစား တစ်ဖြောင့်တည်း (ဆက်ရာမပါ) ၆၃ ပေရှည်၍ နဂါးသဏ္ဍာန်ဦးခေါင်းခြောက်ပေနှင့် အမြီးပိုင်းခြောက်ပေအပါအဝင် ပေါင်း ၇၅ ပေရှည်ပြီး အကျယ်လေးပေ၊ ဝမ်းစောက်နှစ်ပေနှင့် လှေနံထုသုံးလက်မဖြင့် ရှေးရိုးရာမပျက် ထွင်းလုပ်ထားခြင်းဖြစ်သည်။

ယင်းလှေတော်၌ မင်္ဂလာဦးပေါက်တစ်ဦး၊ မင်္ဂလာလည်ရွဲလေးဦး၊ လျှာတက်ကိုင်(ပွဲနင်း)တစ်ဦး၊ ရိုးရာတီးဝိုင်း (နှဲ၊ ဗုံ၊ မောင်း၊ လင်းကွင်း) လေးဦး၊ ပွဲနင်းအကူ (ပွဲမာန်စွယ်) လေးဦးနှင့် လှေတော်သားများစသည်ဖြင့် စုစုပေါင်း ၄၂ ဦး စီးနင်းလှော်ခတ်ကြခြင်းဖြစ်သည်။



တနင်္သာရီမြို့၌ (သီတင်းကျွတ်လပြည့်ကျော် ၄ ရက်) နိုဝင်ဘာ ၁ ရက် နံနက် ၇ နာရီတွင် တနင်္သာရီမြစ်အတွင်း နဂါးလှေတော်ခြောက်စင်းမှ လှေတော်သားများက ဧစာသိကျူးရင်း လှော်ခတ်ပြသကာ ရှေးဟောင်းသမိုင်းဝင် ဘုရားပုထိုးစေတီများအား လှေဦးတိုက်ဦးခိုက်ပူဇော်ပွဲကို စည်ကားထူးခြားစွာကျင်းပသွားမည်ဟု နဂါးလှေမင်္ဂလာဦးပေါက်ထံမှ ကြိုတင်သိရှိရသည်။

**ထိန်ဝင်း(ပြန်ဆက်)**

# တနင်္သာရီမြို့ကိုးအင်းရွာ၌(၁၂)ကြိမ်မြောက် သက်ကြီး နှင့် အာစရိယပူဇော်ပွဲ ကျင်းပ

**တနင်္သာရီ အောက်တိုဘာ ၂၉**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် တကူကျေးရွာအုပ်စု ကိုးအင်းရွာမူလတန်းကျောင်း၌ သက်ကြီး အဘိုး၊ အဘွားများနှင့် ဆရာသမားများအား ပူဇော်ကန်တော့ခြင်း အခမ်းအနားကို အောက်တိုဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

ကိုးအင်းရွာ ကျောင်းသားဟောင်းများအဖွဲ့မှဦးဆောင်၍ ၎င်းကိုးအင်းရွာရှိ အသက် ၆၀ နှစ်နှင့်အထက် အဘိုး၊ အဘွား ၆၀ နှင့် ယခင်နှစ်များစွာကတည်းက ကိုးအင်းရွာ မူလတန်းကျောင်းတွင် ပညာသင်ကြားပေးဖူးခဲ့ပြီး သက်ရှိထင်ရှားရှိသည့် ဆရာကြီး၊ ဆရာမကြီးများနှင့် ယခုလက်ရှိ ပညာသင်ကြားပေးနေသော ဆရာ၊ ဆရာမကိုးဦးတို့အား အမှတ်တရလက်ဆောင်ပစ္စည်းများ၊ထောက်ပံ့ငွေများဖြင့် ပူဇော်ကန်တော့ လှူဒါန်းကြကြောင်း သိရသည်။

ကျောင်းသားဟောင်းများအဖွဲ့ခေါင်းဆောင် ကိုအေးသူက "ကျွန်တော် ဒီလို အာစရိယပူဇော်ပွဲကို နှစ်စဉ်ကျင်းပလာခဲ့တာ ၁၂ နှစ်ရှိပါပြီ။ အရမ်းကိုပီတိဖြစ်မိပါတယ်။ ၁၅ ကြိမ်မြောက်ရောက်ရင်တော့ ကျွန်တော်တို့ရွာကကျောင်းမှာ စာသင်ဖူးခဲ့တဲ့ ရပ်ဝေးရပ်နီးက ဆရာကြီး၊ ဆရာမကြီးတွေအားလုံးနီးပါးကို ကန်တော့နိုင်ဖို့ ကြိုးစားနေပါတယ်"ဟု ပြောပြသည်။

**ထိန်ဝင်း(ပြန်ဆက်)**








SMEC

SMEC ရုံးလိပ်စာသည် အခုလက်ရှိ၌ အမှတ်(၁၇)၊ ဘောက်ထော်၊ သုခိတာလမ်း၊ ဖွံ့ဖြိုးအောင်အိမ်ရာ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့မှ ၂၀၁၅ခုနှစ် နိုဝင်ဘာလ ၁ရက်နေ့တွင် အမှတ်(၁၀၅-ခ)၊ ၃လွှာ၊ နှင်းဆီကုန်းလမ်း၊ စောရန်ပိုင်(အရှေ့)ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့သို့ ပြောင်းရွှေ့မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**Tel:01-214954, 09793534295, Fax:214954**

ရောင်းမည်
သယ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်(၃)လမ်း၊ (၆)လမ်း၊ (၉)လမ်းရှိ မြေညီထပ်မှ (၆)လွှာအထိ တိုက်ခန်းများကို ဈေးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းမည်။ (B.C.C ရရှိပြီး)
ဖုန်း-၀၉-၅၄၀၁၀၁၁၊ ၀၉-၇၃၀၉၅၆၇၇၊ ၀၉-၅၀၀၂၉၃၁

ကျော်ဇေယျာလေး(ကသာ)




ယခုစာအုပ်တွင် Android Application များကို အခြေခံမှစ၍ အလွယ်ကူဆုံး ဖန်တီးနိုင်စေရန် သက်ဆိုင်ရာ Operating System များ ထည့်သွင်းထားခြင်း၊ Sample Android Application တစ်ခုကို အလွယ်တကူ ဖန်တီးနိုင်မည့် Step များ၊ Vitual Phone ခေါ် Emulator Device တစ်ခုကိုလည်း အဆင့်ဆင့် ဖော်ပြထားခြင်း စသည်…စသည်တို့အပြင် စာရေးသူ၏သင်ကြားမှု အတွေ့အကြုံများကို အခြေခံပြီး C & C++, Java, C# and Objective-C အစရှိသော Programming Language များနှင့် Compare လုပ်ပြီး သင်ကြားပို့ချထားပါသည်။

Programming အတွေ့အကြုံမရှိသူများ Adroid Application များကို လေ့လာရာမှာ စိတ်ပါဝင်စားလာကြပြီး ဆက်လက်လေ့လာသင်ယူနိုင်စေရန် သင်ကြားပေးထားသော စာအုပ်တစ်အုပ် ဖြစ်ပါသည်။

ရန်ကုန် - the bookhouse 09979606010 / 09979606020
မန္တလေး - ထွန်းဦး၊ နဂါး
ထွက်ပြီ

# ကော့သောင်းမြို့ အာနန္ဒာပုံတူ ရွှေပြည်သာ စေတီတော်၌ ဆီမီးတစ်ထောင်ပူဇော်



**ကော့သောင်း အောက်တိုဘာ ၂၉**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ ရွှေပြည်သာရပ်ကွက် အာနန္ဒာပုံတူ စေတီတော်မြတ်ကြီး ဆီမီးတစ်ထောင် ပူဇော်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော်အား ၁၃၇၇ ခု သီတင်းကျွတ်လဆန်း ၁၄ ရက် (အောက်တိုဘာ ၂၇ ရက်)ညပိုင်းက စေတီတော် ရင်ပြင်တော်တွင် စည်းကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။

အဆိုပါ ဆီမီးတစ်ထောင်ပူဇော်ခြင်း ဗုဒ္ဓပူဇနိယပွဲတော်အား နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့ မတိုင်မီည တွင် မြို့လုံးကျွတ်မျှခြိမ့်ခြိမ့်သဲ စည်ကားသိုက်မြို့စွာ ကျင်းပမြဲဖြစ်ရာ၊ ဓမ္မစကြာဝတ်ရွတ်အဖွဲ့များ၊ မြို့နေ ဗုဒ္ဓဘာသာဘာဝင် ပြည်သူများ စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

ယင်းပွဲတော်တွင် ရောင်စုံမီးပုံးပျံများလွှတ်တင်ပူဇော်ခြင်း ၊ မီးရှူးမီးပန်းများပစ်ဖောက်ခြင်း၊ စေတီတော်ပရဝုဏ်အနီး ဈေးဆိုင်များ၊ ကြည့်ချင်စရာပွဲလမ်းသဘင် များဖြင့် မြန်မာ့ရိုးရာသီတင်းကျွတ်ပွဲတော်အား နယ်စပ်မြို့ ကော့သောင်းတွင် မြန်မာ့ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ စည်ကားသိုက်မြိုက်စွာ စတင်ဆင်နွှဲနေကြကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း ပြန်/ဆက်)**

# ကလေးမြို့တွင် အဆင့်မြင့်ရက်ကန်းနည်းပညာသင်တန်းဆင်း

**ကလေး အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဆင်းရဲမှုလျှော့ချရေးရန်ပုံ ငွေဖြင့် ဖွင့်လှစ်ခဲ့သော ရက်ကန်းနည်းပညာသင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၆ ရက် နံနက် ၉ နာရီက မြို့နယ်သမဝါယမဦးစီးဌာနတွင် ကျင်းပခဲ့သည်။

အဆိုပါသင်တန်းဆင်းပွဲသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့သစ်တောနှင့် သတ္တုတွင်းအင်ဝန်ကြီးဌာနမှ ဝန်ကြီး သန်းထိုက်၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

ယင်းသင်တန်းကို ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်ပြီး သင်တန်းတွင် ခြားဆွဲနည်း၊ ဆီးဆက်နည်း၊ နှပ်ထိုးနည်း၊ ဖဲလွှားကောက်အပွင့်ဖော်နည်းပညာ၊ ချည်ထုပ်မှ ချည်ထည်များကို အထည်ရက်လုပ်ရာတွင် အထည်ခွဲစိတ်မှု တွက်ချက်ပုံ၊ အတိုင်ခြားဆွဲနည်း၊ ချားလိပ်နည်း၊ ချည်လိပ်များမှ နှပ်ကော်၊ ချားဆွဲ (လက်တွေ့ အသုံးပြုပုံ)၊ ဖဲနှပ်ကောက်နည်း စသည့် ရက်ကန်းနည်းပညာများကို အသေးစိတ် စာတွေ့၊ လက် တွေ့ သင်ကြားပေးခြင်းဖြစ်ကြောင်းနှင့် သင်တန်းကိုအခမဲ့ သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအပြင် သမဝါယမဦးစီးဌာနအနေဖြင့် ကလေးဒေသရေဘေးသင့် ပြန်လည်ထူထောင်ရေးလုပ် ငန်းများတွင် ရေဘေးသင့် ရက်ကန်းလုပ်ငန်းလုပ်ကိုင်နေသူများထံသို့ ရက်ကန်းစင်တစ်ခုလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ရက်ကန်းလုပ်နေသူ ၂၁၁ ဦးသို့ လည်းကောင်း၊ ရပ်ကွက်/ကျေးရွာပြန် လည်ထူထောင်ရေး လုပ်ငန်းများအတွက် ရပ်ကွက်နှစ်ခုနှင့် ကျေးရွာ ၄၂ ရွာသို့ ငွေကျပ် ၃၂၄ ဒသမ ၀၀ သန်း ချေးငွေများထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။

**ချင်းတွင်းသား(ပြန်/ဆက်)**

# အင်းတော်မြို့နယ်အတွင်း ဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေ

**အင်းတော် အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်း ကျန်းမာရေးဌာနမှကြီးကြပ်၍ အောက်တိုဘာ ၂၇ ရက်မှစတင်ကာ GF ဂလိုဘယ်ဖန်း အထောက်အပံ့ဖြင့် ပေးပို့သော ဆေးစိမ်ခြင်ထောင်များကို ငှက်ဖျားအဖြစ်နည်းသော အ(ဘီ)အုပ်စု ကျေးရွာများအား အခမဲ့ပေးဝေလျက်ရှိကြောင်းသိရသည်။

“ဆေးစိမ်ခြင်ထောင်တွေကို မနေ့က နတ်မဟုတ်ကြီကျေးရွာ၊ နန်းကင်ရွာ၊ သီပါရွာတွေက အိမ်ခြေ ၃၅၉ အိမ်ကိုအခမဲ့ ဖြန့်ဝေပေးပြီးဖြစ်ကြောင်း ဒီနေ့ အောက်တိုဘာ ၂၈ ရက်ကနားခါရွာမှာ ဖြန့်ဝေပေးတာဖြစ်ပါတယ်။ အိမ်ခြေ ၁၆၆ အိမ်ကိုဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေပေးမှာဖြစ်ပါတယ်။ အင်းတော်မြို့နယ်အတွင်းမှာလည်း ကျန်းမာရေးဌာနနဲ့ကျေးရွာတာဝန်ရှိသူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေတာဖြစ်ပါတယ်” ဟု လယ်ပြင်ရွာသားဖွားဆရာမ ဒေါ်နုနုအေးက ပြောသည်။



နားခါရွာအုပ်ချုပ်ရေးမှူး ဦးဇော်မောင်မောင်က “ ဒီရွာမှာ တခါမှဆေးစိမ် ခြင်ထောင်မရခဲ့ဘူး။ ကျွန်တော်တို့ရွာက တောတောင်နဲ့လည်းဝေးတယ်။ ငှက်ဖျားလည်း အဖြစ်နည်းတယ်ဆိုတော့ မရခဲ့ဘူးပေါ့။ အရင်က ဆေးစိမ်ခြင်ထောင်တွေဝေတာက ငှက်ဖျားအဖြစ်များတဲ့ တောတောင်တွေကြားကကျေးရွာတွေ ကိုအခမဲ့ဝေပေးတာကို တော့ကြားသိရပါတယ်။ ကျွန်တော့်ရွာမှာ အိမ်ခြေ ၁၆၆ အိမ်ရှိပါတယ်။ လူဦးရေအနည်းအများလိုက် ဆေးစိမ်ခြင်ထောင် များကို တစ်လုံး မှငါးလုံးအထိခွဲဝေပေး တာဖြစ်ပါတယ်”ဟု ပြောသည်။

**ချစ်လင်း**

# ရေပေးဝေရေးလုပ်ငန်းစစ်ဆေး

**ကျိုက်မရော အောက်တိုဘာ ၂၉**

မွေးမြူရေးလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကျိုက်မရောမြို့နယ် အတ္တရံကျေးရွာအုပ်စု ပေါလောကျွန်းနှင့် ပေါလောကုန်းကျေးရွာ ရေပေးရေးလုပ်ငန်းနှင့်ပတ်သက်၍ မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးရဲဝင်း၊ မုဒုံမြို့နယ်ဦးစီးမှူး ဦးမိုးရန်နိုင်၊ ကျိုက်မရောမြို့နယ်ဦးစီးမှူး ဦးပြည့်စုံဦးနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာတို့က ကွင်းဆင်းစစ်ဆေး၍ ညှိနှိုင်းခဲ့ကြောင်း သိရသည်။

**(ကျိုက်မရောကျေးလက်)**

## စာအုပ်စာပေ လှူမိတ်ဆွေ

**Gallivant Travel Service**
ပုဂံညောင်ဦး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ - Nov 13
၃ စတားဟိုတယ် / Scania (2+1) ဖြင့် စီစဉ်ပါသည်။
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော - Nov 20
မွန္တလေး၊ ပြင်ဦးလွင်၊ ဒီးဒုတ်ရေပြာအိုင်၊ ကျောက်စိမ်းဘုရား Dec 4
ဆက်သွယ်ရန် - ၀၁ ၈၆၁၀၄၃၂၊ ၀၉ ၂၅၃၈၀၁၃၉၀၃

တန်ဆောင်မုန်းလပြည့်နေ့ (26.11.2015)
ဗိန္ဒာဝိုရ်ဆရာတော်ကြီးများပူဇော်ပွဲ
အကောက်တောင် - နဂါးရစ်တောင်
မင်းကွန်းမြသလွန်၊ ကျောင်းတော်ရာ၊ မယ်ဘော့ကုန်းနှင့်ဆရာတော်ဦးပဏ္ဍိတ၊ ရွှင်ဥတ္တမကျော်၊ ဦးကောဝိဒ၊ စနေသားဆရာတော်၊ အဘဘိုးထွန်းအောင်ပူဇော်ကန်တော့မည်။ (၂၅.၁၁.၂၀၁၅)ထွက်မည်။
ရွှေစေတီ ဘုရားမှုးဖိုသောင်ရေး၊ ကျိုက္ကဆံဘုရားလမ်းဆုံထိုင်၊ (၂)ရက်ခရီး 33000/-Ks
အမှတ်(၁၂၄)၊ ဘုရင့်နောင်လမ်း၊ ဦးစံသေရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။ Ph:09 450024419

ကလေးနာမည်ပေးနာမည်ကျော်ဆရာကြီး ရာဇာဇော်ဝင်း(LL.B.) နှင့်သာဆက်သွယ်ပါ
ရေးမူမပျက်ခေတ်မှီလှပသောနာမည်လှလှလေးများကိုဖန်းသာ ဆက်လိုက်ပါ ကင်ပွန်းတပ်ရက်/မင်္ဂလာမော်ကွန်း/ဇာတာ/ဂဏန်းဗေဒင်အဟောများ/နက္ခတ်



အဟောများ/မိဘနာမည်တွဲသုံး ပုံလမ်းညွှန်/တစ်သက်တာဟောစာတမ်းများ/နာမည်ပေး ပါရဂူဆရာကြီးနှင့်ဆက်သွယ်လျှင် ထူးချွန်သောကလေး ဖြစ်စေရန် အာမခံသည်။ ရင်သွေးငယ်၏ အနာဂတ် အလုံးစုံ ပါဝင်သောအကြား အမြင် ဟောစာတမ်းပါဦးမည် ကလေးအတွက် အစုံပါသည်။ အိမ်ပို့ ၇၀၀၀ ကျပ် နယ်သို့စာတိုက်မှပို့မည်လူကြီးလိုရာမေးကွန်ပျူတာဖြင့်နာမည်မပေးပါ ကိုယ်ဝန်ဆောင်မိခင်ရက်ကောင်းရွေးစာအုပ်ချုပ်၍ပို့သည်။
အမှတ်(၃၅) မြေညီထပ် (၈၇)လမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့။
☎01-394727,01-399426,09-73009994, 095152521 (ပိတ်ရက်မရှိ)

**ရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း**

ပြည်တွင်းရေကြောင်းသွား ရေယာဉ်ပိုင်ရှင်များအသင်း၏ ရုံးခန်းအား ယခင်ဖွင့်လှစ်ထားသော Royal River View Comdominiumမှ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၈၂)၊ ပထမထပ်၊ (၁၀)လမ်းနှင့် လှည်းတန်းလမ်းကြား၊ မဟာဗန္ဓုလလမ်း၊ ဖုန်း-၀၁-၂၂၁၅၇၆သို့ ၁-၁၁-၂၀၁၅ရက်မှစ၍ ပြောင်းရွှေ့ဖွင့်လှစ်ပါမည်။ ရေယာဉ်ပိုင်ရှင်များ အထက်ပါလိပ်စာနှင့် ဖုန်းနံပါတ်သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။



ပြည်တွင်းရေးရာ

# သာသနိကအဆောက်အအုံ ဘက်စုံပြုပြင် ကျပ်သိန်း ၇၀ စုပေါင်းလှူဒါန်း

**ပင်လည်ဘူး အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ခေါင်ဘွားအုပ်စု ကြာအိုင်ကျေးရွာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတကြီးမှူး၍ သိမ်ကျောင်းတိုက်၊ ကုဋီ တိုက်တို့ဆောက်လုပ်နိုင်ရန်အတွက် အလှူငွေပေးအပ်ပွဲကို အောက်တိုဘာ ၂၇ ရက်က အဆိုပါကျောင်းတိုက်၌ပြုလုပ်ရာ ကျောင်းတိုက်ဦးစီးပဓာနဆရာတော် ဘဒ္ဒန္တပဏ္ဍိတအား ကချင်ပြည်နယ် ဖားကန့်မြို့နယ်မှ အလှူရှင် ဦးသန်းဌေး-ဒေါ်မိုးမိုးဝင်းမိသားစုက ကျပ် ၁၀ သိန်း၊ ကြာအိုင်ကျောင်းတိုက်သိမ်အလှူငွေ ကျပ်သိန်း ၄၀၊ ကုဋီအလှူငွေ ကျပ်သိန်း ၂၀၊ ကျောင်းတိုက်အလှူငွေ ကျပ် ၁၀ သိန်း စုစုပေါင်းကျပ်သိန်း ၇၀ကိုလှူဒါန်းရာ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတက အနုမောဒနာတရားချီးမြှင့်တော်မူခဲ့သည်။ **ရွှေလင်းပြည့်စုံ**

# ထယ်လှော်နှင့် ကျွန်းဒတ်ကျေးရွာတို့တွင် ဓာတ်ပုံပြပွဲ ကျင်းပ



**ဂန့်ဂေါ အောက်တိုဘာ ၂၉**

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ကျေးရွာနေပြည်သူများ လွယ်လင့်တကူ စာပေလေ့လာဖတ်ရှုနိုင်ရေး သုတ၊ ရသ၊ မဂ္ဂဇင်းများစာအုပ်ပြပွဲများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုမှတ်တမ်း ဓာတ်ပုံများပြသပွဲကို အောက်တိုဘာ ၂၇ ရက် နံနက်တွင် ဂန့်ဂေါမြို့နယ် ထယ်လှော်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ကျွန်းဒတ်ကျေးရွာစာသင်ကျောင်းတွင်လည်းကောင်း ကျင်းပရာ ကျေးရွာနေပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

ယင်းပြင် ရွေးကောက်ပွဲအကြောင်းဟောပြောပွဲကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးက ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **(၄၆၅)**

# ငှက်ဖျားရောဂါကာကွယ်ရေး ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေ



**မော်လူး အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးကျေးရွာအုပ်စု အုန်းဒုတ်ကျေးရွာ ဓမ္မာရုံတွင် နိုဝင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက ငှက်ဖျားရောဂါ ကာကွယ်ရေးအတွက် ဆေးစိမ်ခြင်ထောင်များကို အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အခမဲ့ဆေးစိမ်ခြင်ထောင်ဖြန့်ဝေခြင်းကို အုန်းဒုတ်ကျေးရွာရာအိမ်စုမှူးနှင့် ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများက ဝိုင်းဝန်းကူညီခဲ့ကြပြီး မော်လူးတိုက်နယ်ကျန်းမာရေးဌာနမှ ဘက်စုံသားဖွားဆရာမ ဒေါ်ခင်ထွေးကြိုင်နှင့် ကျန်းမာရေးဝန်ထမ်းများက အိမ်ထောင်စုလူဦးရေအနည်းအများပေါ်မူတည်ကာ အချိုးကျဖြန့်ဝေပေးခြင်း ဖြစ်သည်။

အုန်းဒုတ်ကျေးရွာအတွက် ဆေးစိမ်ခြင်ထောင်အလုံးရေစုစုပေါင်း ၅၁၈ လုံးကို ပေးဝေလျက်ရှိပြီး ဟဲနုကျေးရွာ၊ စီးမော်ကျေးရွာ၊ မန်ကျည်းကုန်းကျေးရွာများကိုလည်း ပေးဝေခဲ့ပြီးဖြစ်သည်။

ထို့နောက် အဆိုပါငှက်ဖျားရောဂါကာကွယ်ရေးအတွက်ဆေးစိမ်ခြင်ထောင် များကို ယူနီဆက်မှ အဓိကပံ့ပိုးမှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနက သက်ဆိုင်ရာမြို့နယ် ကျေးရွာအလိုက် အခမဲ့ဖြန့်ဖြူးပေးဝေလျက်ရှိ ကြောင်း သိရသည် ။ **(၀၅၈)**

# ကျေးရွာသုံးစိုက်ခင်းမှ စိုက်ပျိုးသစ်ပင်များ လွှဲပြောင်းပေးအပ်

**မကွေး အောက်တိုဘာ ၂၉**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး အစီအစဉ်ဖြင့် မကွေး-ရေနံချောင်း ကားလမ်းအနီး တဲကြီးကုန်းရွာနှင့် ဒေါင်းနေရွာများသို့ စိုက်ခင်းများပေးအပ်ခြင်းကို အောက်တိုဘာ ၂၆ ရက်က တဲကြီးကုန်းကျေးရွာနှင့် ဒေါင်းနေရွာများတွင် ကျင်းပခဲ့သည်။

လွှဲပြောင်းပေးအပ်ပွဲတွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန မကွေးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဦးက လွှဲပြောင်းပေးအပ်သည့် စိုက်ခင်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးဝေမျိုးလှက စိုက်ခင်းဆိုင်ရာ အချက်အလက်များကို လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ကျေးရွာသုံးစိုက်ခင်းမှ စိုက်ပျိုးပင်များလွှဲပြောင်းပေးအပ်ရာ မကွေးမြို့နယ် တဲကြီးကုန်းကျေးရွာတွင် ကျေးရွာသုံးစိုက်ခင်းဧက ၅၀၀ အားလည်းကောင်း၊ ဒေါင်းနေကျေးရွာတွင် ကျေးရွာသုံးစိုက်ခင်းဧက ၃၀၀ အားလည်းကောင်း လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျေးရွာစိုက်ခင်းကြီးကြပ်မှုကော်မတီ၏ အစီအမံဖြင့် ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အချိုးညီစွာဆောင်ရွက်သွားစေရေး ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ **ခင်မာလာ(မကွေး)**

# ပေါက်မြို့နယ် မွေးမြူရေးကဏ္ဍ၏တိရစ္ဆာန်အတွက် အာဟာရဗေဒသင်တန်းဖွင့်လှစ်

**ပေါက် အောက်တိုဘာ ၂၉**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော တိရစ္ဆာန်များအတွက် အာဟာရဗေဒသင်တန်းကို ယာကြီးပြင်ကျေးရွာ အခြေခံပညာမူလတန်း ကျောင်းတွင် အောက်တိုဘာ ၂၇ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

သင်တန်းတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာအောင်ဌေးလွင်က နွား၊ ဝက်၊ ဆိတ်မွေးမြူရေးကဏ္ဍတွင် အာဟာရဗေဒ စာကျက်ပင်များအကြောင်း၊ နေပီယာမြက်စိုက်ပျိုးခြင်း၊ မြက်ချဉ်ဖတ်ပြုလုပ်ခြင်း၊ ယူရီးယားသကာတုံးပြုလုပ်ခြင်းအကြောင်း ပညာပေးဆွေးနွေးခြင်းများနှင့် ဒုတိယဦးစီးမှူး ဒေါက်တာပြည့်ဖြိုးအောင်က နွား၊ ဝက်၊ ဆိတ်မွေးမြူရေးကဏ္ဍတွင် ကူးစက်ရောဂါဆိုင်ရာ ပြည်သူ့ကျန်းမာရေး (Public Health) အကြောင်း သိကောင်းစရာများကို ပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်ခဲ့ရာ သင်တန်းကာလမှာ အောက်တိုဘာ ၂၇ ရက် မှ ၃၁ ရက်ထိ သင်ကြားပို့ချသွားမည်ဖြစ်သည်။ **ညဏ်တိုး(ပြန်/ဆက်)**


**Trumpet Travels ၏ အထူးခရီးစဉ်များ**

| | | |
|---|---|---|
| ကျိုက်ထော်ရေတံခွန် (ဘားအံ) | 7 Nov | 35000/- |
| ပြည်အကောက်တောင် (ဘုရားစုံ) | 14 Nov | 35000/- |
| ဇင်းကျိုက်ရေတံခွန် (ဘုရားစုံ) | 21 Nov | 35000/- |
| ငွေဆောင် (၂ ည ၃ ရက်) | 27 Nov | 75000/- |

ဝန်ဆောင်မှုများ ရေသန့်ဘူး၊ စနိုးတာဝါ၊ VIP Air Con Car၊ ညလယ် စာ၊ မနက်စာ၊ နေ့လယ်စာ။ ၈ ဦးလျှင် ၁ ဦးအခမဲ့

Ph : 01 536975, 01 532238, 09 43089536၊

**ရွှေအနွယ်တော်** ... 09-43070240, 09-253522622

* မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ကျောက်စိမ်ဘုရား (၅)ရက် ——(50000)
* တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကံ့လုံ၊ ကလော (၅)ရက် ——(50000)
* ပုဂံ (စွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ (၅)ရက် ——(45000)
* ကယားပြည်နယ် လှိုင်ကော်၊ တောင်ကွဲစေတီ၊ ကလော (၃)ရက် ——(45000)
* ကျိုက်ထီးရိုး(နေ့စဉ်) (8000) * မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ(၃)ရက် (25000)
* ဇလွန် (12000) * ပြည်အကောက်တောင် (20000) * ချောင်းသာ (12500)

**ချစ်ပိုင်သစ္စာ** 562829,09-73198239 569782,09-45006779




# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသား(လူပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှတင်ပြသည့် နေ့မတိုင်မီ(၁)လအတွင်းရရှိသည့် ထောက်ခံစာမူရင်းနှင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၁၆ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ဃ) အနည်းဆုံးအရပ်(၅)ပေ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက် မနည်းရ၊ ပေါင်(၁၄၀)ထက် မကျော်ရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၈-၉-၂၀၁၅ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၃၀-၁၀-၂၀၁၅ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့်ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၁၄-၁၁-၂၀၁၅ရက်နေ့တွင် ဖြေဆို ကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၃-၁၂-၂၀၁၅ရက်နေ့မှ ၄-၁၂-၂၀၁၅ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁-၁-၂၀၁၆ရက်နေ့မှ ၈-၁-၂၀၁၆ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် (၁၄၀၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၄၅၀၀၀)ကျပ်၊ တတိယနှစ်(၁၅၀၀၀၀)ကျပ် စတုတ္ထနှစ်(၁၅၅၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ **B.N.Sc (Bachelor of Nursing Science)**

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ **B.Pharm(Bachelor of Pharmacy)**

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ) **B.Med.Tech (Medical Laboratory Technology)**

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) **B.Med.Tech (Physiotherapy)**

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) **B.Med.Tech (Medical Imaging Technology)**

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု(Nurse)**နှင့် **ဆေးဘက်ကျွမ်းကျင်သူများ**အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် **မဟာသိပ္ပံဘွဲ့(Master of Science)** နှင့် **ပါရဂူဘွဲ့(Ph.D)** သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ်ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် **ဒုတိယဗိုလ်(သူနာပြု/ဆေးဘက် ကျွမ်းကျင်သူ)**အဖြစ်စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်
## သူနာပြုသိပ္ပံဘွဲ့သင်တန်းသူအမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှတင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၁၆ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ဃ) အနည်းဆုံးအရပ်(၅)ပေ (၂)လက်မနှင့် ကိုယ်အလေးချိန်(၉၅)ပေါင်ထက်မနည်းရ။

(င) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၈-၉-၂၀၁၅ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၃၀-၁၀-၂၀၁၅ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာ ထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၂၈-၁၁-၂၀၁၅ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ အောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၂၉-၁၂-၂၀၁၅ရက်နေ့မှ ၃၀-၁၂-၂၀၁၅ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၈-၁-၂၀၁၆ ရက်နေ့မှ ၁၅-၁-၂၀၁၆ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ရွေးချယ်ခံရသူများသည် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်တွင် (၄)နှစ် တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက **သူနာပြုသိပ္ပံဘွဲ့(Bachelor of Nursing Science)** ရရှိမည်ဖြစ်ပါသည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၄၀၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၄၅၀၀၀)ကျပ်၊ တတိယနှစ်(၁၅၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၅၅၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု(Nurse)**အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက **သူနာပြုမဟာသိပ္ပံဘွဲ့(Master of Nursing Science)**နှင့် **သူနာပြုပါရဂူဘွဲ့(Ph.D Nursing)** သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၇။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြုအမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် **ဒုတိယဗိုလ်(သူနာပြု)**အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ ။အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်း မေးမြန်းနိုင်သည်။

# ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေး သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဂ) ၁-၁-၂၀၁၆ရက်နေ့တွင် အသက် (၁၆) နှစ်ပြည့်ပြီး (၁၉)နှစ်ထက်မကြီးရ။

၂။ လျှောက်လွှာများကို နီးစပ်ရာ စစ်ဌာနချုပ်များတွင် ၃၀-၉-၂၀၁၅ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၄-၁၂-၂၀၁၅ရက်နေ့မှ ၁၂-၁၂-၂၀၁၅ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက် သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ် ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)။

(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ။

၃။ သတ်မှတ်ချက်များနှင့် ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း)အမှတ်(၁) အရာခံနှင့် အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့်အင်္ဂလိပ်စာဘာသာရပ်တို့ကို (၂)နှစ်ကြာသင်ကြား လေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S(Diploma in Computer Studies)ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ် လစာ ၁၂၀၀၀၀ိ/-ကို လည်းကောင်း၊ ခြေလျင်တပ်သားသစ် သင်တန်းပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ ၁၂၅၀၀၀ိ/-ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)အဖြစ်ခန့်အပ်ပေးမည်။

၆။ လုပ်သက်(၂)နှစ်ပြည့်သည့်အခါ အဆင့်/အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ၊ စရိတ်များ ရရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) | ၁၇၀၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၈၄၀၀၀ |
| (ခ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ဒုတိယတန်း) | ၁၇၀၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၈၆၀၀၀ |
| (ဂ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၁၇၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၁၈၈၀၀၀ |
| (ဃ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၀၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၁၈၀၀၀ |
| (င) အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၁၅၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၃၃၀၀၀ |

**မှတ်ချက်။ ။ နှစ်တိုးလစာကို (၂)နှစ်လျှင် ၂၀၀၀ိ/-နှုန်းဖြင့် ၁၀၀၀၀ိ/-အထိ ခံစားခွင့်ရှိသည်။**

၇။ တာဝန်ထမ်းဆောင်စဉ် အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေးအတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် (၆)နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရ သေးသူများသည် စစ်မှုထမ်းသက် (၈)နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

မှတ်ချက်။ ။ အသေးစိတ်သိရှိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
# အင်ဂျင်နီယာသင်တန်းသားများ
# အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူး သူ (လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၇-၉-၂၀၁၅** ရက်နေ့မှ စတင်၍ **၂၁-၁၁-၂၀၁၅** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ မွန်းလွဲ ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့ (တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၂၇-၁၂-၂၀၁၅** မှ **၂၈-၁၂-၂၀၁၅** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၄၀၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၄၅၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၅၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည်အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းပြီးဆုံးပြီးနောက်တပ်မတော်တွင် အနည်းဆုံး ၁၀ နှစ်တာဝန်ထမ်းဆောင်ရမည်။

## ဂန္တဝင်ရွှေပုံ Travel & Tours

| | | | | | |
|---|---|---|---|---|---|
| ဗန်ကောက် | (၆)ရက် | USD 560 | တူရကီ | (၁၁)ရက် | USD 2200 |
| စင်ကာပူ | (၄)ရက် | USD 850 | ဂျာမနီ၊ချက်၊ဟန်ဂေရီ၊ပိုလန် | (၁၀)ရက် | USD 3900 |
| ပီကင်း၊ရှန်ဟိုင်း | (၆)ရက် | USD 1200 | ပြင်သစ်၊အီတလီ၊ဆွစ်ဇာလန် | (၁၀)ရက် | USD 3800 |
| ဂယာ | (၁၅)ရက် | ၁၂ သိန်း | ဥရောပနိုင်ငံကြီး (၆) နိုင်ငံ | (၁၀)ရက် | USD 4800 |
| လာအို | (၅)ရက် | USD 1300 | အမေရိကန် | (၁၅)ရက် | USD 6700 |
| ဗီယက်နမ် | (၆)ရက် | USD 850 | အမေရိကန် | (၁၀)ရက် | USD 4700 |
| ကမ္ဘောဒီးယား | (၅)ရက် | USD 700 | သြစတြေးလျ | (၁၁)ရက် | USD 4500 |
| ကိုရီးယား | (၈)ရက် | USD 1900 | ဒူဘိုင်း | (၆)ရက် | USD 1700 |
| ဂျပန် | (၈)ရက် | USD 2900 | ဘူတန် | (၄)ရက် | USD 2300 |
| ဟောင်ကောင်၊မကာအို၊ ကွမ်ကျိုး၊ရှန်ကျန်း | (၈)ရက် | USD 1600 | ရုရှား | (၉)ရက် | USD 3800 |

ကျောက်မျက်ဆိုင်၊ တိုင်းရင်းဆေးဆိုင် လည်ပတ်ခြင်း မပါဝင်ပါ။

ကုမ္ပဏီ၊ အဖွဲ့အစည်းများအား Corporate နှုန်းဖြင့် ရောင်းပေးနေပါသည်။ လူကြီးမင်းတို့ သီးသန့် မိတ်ကြိုက်ပုံဖော်ခရီးစဉ်များကို ဂန္တဝင်ရွှေပုံ၏ အတွေ့အကြုံများဖြင့် အမှန်ကန်ဆုံး လမ်းကြောင်းရွေးပေးပါသည်။ ကမ္ဘာအနှံ့ခရီးစဉ်များနှင့်ပတ်သက်၍ မိမိသိလိုသမျှကို အချိန်မရွေး မေးမြန်းနိုင်ပါသည်။

အမှတ် ၆၇၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်။ ရန်ကုန်မြို့။
Ph - 01 500191, 510491, 2304645,09-252281456
အမှတ် ၈၁၊ ၃၃ နှင့် ၃၄ လမ်းကြား၊ မန္တလေးမြို့။
Ph - 09 31693339, 09 730 13856

Hot Line
09 - 73003772



NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY

# LCCI(UK) Level I,II,III

For June 2016 Exam

ခုံနံပါတ်ကြိုတင်ယူပြီးကျောင်းအပ်နိုင်ပါပြီ။

လှည်းတန်းကျောင်း
အမှတ်(၁၈၊ ၃အေ-၆ဘီ)၊ သခြေညို(၂)တိုက်၊ ဦးထွန်းလင်းခြံလမ်း၊(Giordano)ဆိုင်အနီး၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ Ph: - 01 504737, 51 2900, 09 450022646, 09 73108409, 09 5170105

တာမွေကျောင်း
Tel: 01 556425, 09 30167272, 09 36173830



ကား မျိုးစုံ
(Alphard/Crown/MarkII/အနီးစတဝိုင်/Hiace ၉/၁၃ယောက်စီး၊ ၂၄/၂၈/၃၃/၄၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ချိုသာသောဈေးနှုန်းဖြင့် အငှားလိုက်ပါသည်။
Ph : 09795549249 , 095418126


### ကျန်းမာရေးဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### ခုတင်(၃၀၀)သင်ကြားရေးဆေးရုံကြီး၊ မန္တလေးမြို့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ မန္တလေးမြို့၊ ခုတင်(၃၀၀)သင်ကြားရေးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသည့် လူနာများအား ကုသပေးရန်လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ-၂-၁၁-၂၀၁၅ရက်
စတင်ရောင်းချမည့်ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန်-၁၃-၁၁-၂၀၁၅ရက်၊ ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**ခုတင်(၃၀၀)သင်ကြားရေးဆေးရုံကြီး၊ မန္တလေးမြို့**
**၆၂လမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၂-၈၀၃၉၁၊ ၀၂-၈၀၃၄၀**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ကျန်းမာရေးဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)တွင် လူနာများအား ကုသပေးရန် F.D.A အသိအမှတ်ပြုဆေးဝါးများ၊ ခွဲစိတ်မှုသုံးဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် -၂-၁၁-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် -၂၅-၁၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ပစ္စည်းများစာရင်းအသေးစိတ်ကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့**
**နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)**
**ဖုန်း-၀၆၇-၄၂၀၆၈၃၊ ၀၆၇-၄၂၀၉၇**

### ကျန်းမာရေးဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ၊ ရန်ကုန်မြို့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့၊ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံတွင် လာရောက်ကုသနေသောလူနာများအား လိုအပ်သောဆေးဝါးများ(FDAအသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ
စတင်ရောင်းချမည့်ရက် -၂-၁၁-၂၀၁၅ရက်(တနင်္လာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် -၂၀-၁၁-၂၀၁၅ရက်၊ ညနေ ၄:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ဆေးများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ**
**ဖုန်း-၀၁-၆၆၀၇၁၅**


သီတင်းကျွတ်ကာလအထူးအစီအစဉ်
(အောက်တိုဘာလ ၃၁ရက်နေ့အထိသာ)
SUZUKI Way of Life!
Kyat 67 Lakh++
(US$ 5,777++)
Kyat 199 Lakh++
(US$ 17,900 ++)




SUZUKI NEW SUPER CARRY TRUCK
အရေအတွက်အကန့်အသတ်(First come ,First served)
The Brand New ERTIGA with 3-Row, 7-Seats!
facebook/Suzuki Myanmar Motor Co., Ltd.
အောက်ပါဆုရှင်ကီး၏တရားဝင်အရောင်းကိုယ်စားလှယ်များထံတွင်ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

လွင်နှင့်စွမ်း မော်တော် | အောင် မော်တော် | မျိုး မော်တော် | ရဲနဒီ မော်တော် | အေဒိုင်ဂျီ မော်တော်


သုံးမျိုးပါဝင် အထူးအစီအစဉ်
အင်တာနက်၊ ပြည်တွင်းဖုန်းနံပါတ်အားလုံးကို အသုံးပြုနိုင်သည့် ဖုန်းခေါ်ဆိုမှုနှင့် SMS တို့ပါဝင်တဲ့ နေ့စဉ်သုံး၊ အပတ်စဉ်သုံး၊ လစဉ်သုံး 3 in 1 အစီအစဉ်များကို *150# သို့ ခေါ်ဆိုပြီး ရယူလိုက်ပါ။
ooredoo
နေ့စဉ်သုံး
၁၅ မိနစ် • 50MB
SMS ၁၀ စောင်
၅၀၀ကျပ်
*7070# ကိုခေါ်ဆိုပါ
အပတ်စဉ်သုံး
၈၀ မိနစ် • 300MB
SMS ၅၀ စောင်
၃,၀၀၀ကျပ်
*8080# ကိုခေါ်ဆိုပါ
လစဉ်သုံး
၂၅၀ မိနစ် • 1GB
SMS ၁၅၀ စောင်
၁၀,၀၀၀ကျပ်
*9090#ကိုခေါ်ဆိုပါ
3in1
စည်းမျဉ်းစည်းကမ်းအသေးစိတ်ကို www.ooredoo.com.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

ကြော်ငြာ

## စက်မှုဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ သံမဏိစက်ရုံများကြီးကြပ်ရေးဌာန အောက်ရှိ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)အတွက် (က) Dosing & Lab Chemical (10) Items၊ (ခ)ပလတ်စတစ်မိုးကာစ(အထူ)အဖြူ ပေ(၇×၁၅၀)၊ (၆၀၀)လိပ်၊ (ဂ) Lime Stone (5000)Ton၊ (ဃ) တာယာ(၈)မျိုး၊ (င)တာယာ(၃၀)လုံး ဝယ်ယူခြင်းလုပ်ငန်းတို့အား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက် - ၂-၁၁-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၀-၁၁-၂၀၁၅ရက်၊ ၁၃း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန် အတွင်း လာရောက်ထုတ်ယူနိုင်ပါ သည်။

နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
ရုံးအမှတ်(၃၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၁၆၇၊ ၀၆၇-၄၀၅၁၃၉


**ASIA KING** 01-543319, 09-420221257
+ ပုဂံ (ရွှေစည်းခုံစေတီ)၊ ပြည့်ငါးပြည်၊ ပုပ္ပါး၊ ပခုက္ကူ Guest 55000/-
(4star Hotel, Restaurant ဘူဖေး ) Special package .. 75000/-
+ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ကလော၊ အောင်ပန်း Guest 65000/-
Hotel Special package ..120000/-
+ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မင်းကွန်း၊ မုံရွာ၊ ရွှေဘို၊ ကျောက်စိမ်းစေတီ Guest 65000/-
Hotel Special package ..120000/-
+ ဖော်လမြိုင်၊ ကိုးကို(၅)ကျိုက် လမ်းဘုရားစုံ 30000/-
Oct 30, Nov 6, 13, 20, 24, 27 နေ့ထွက်မည်
+ ကျိုက်ထီးရိုး/ ရွှေသာ (နေ့စဉ်) ၅-ဦးဝယ် ၁-ဦး Discount + ဇလွန်ပြည်တော်ပြန်

**ရွှေလမ်းခရီး ...ကျိုက်ထီးရိုး(နေ့စဉ်)**
* ပုဂံ (ရွှေစည်းခုံဘုရား) (ပြည့်ငါးပြည်)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ
* တောင်ကြီး(မွေတော်ကက္ကူ) (ထမ်စမ်းလှိုဏ်ဂူ)၊ အင်းလေး၊ ပင်းတယ
* မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ဝေဠုဝန်ကျောက်စိမ်းဘုရား
* တယားပြည်နယ်(လွိုင်ကော်)၊ တောင်ကွဲစေတီ၊ ငွေတောင်ဆည်၊ ကလော
* မော်လမြိုင်၊ နွားလဘိုတောင်၊ ကျိုက်မရော၊ ကျိုက်ထွံ၊ စက်စဲကမ်းခြေ
* ဇလွန်ပြည်တော်ပြန် * ပြည် အကောက်တောင် * ရွှေသာ * ငွေဆောင်
သောကြာနေ့တိုင်း
အမှတ်(၃၁၅)၊ပန်းဆိုးတန်းလမ်း 095124678, 098627170, 09401589907

**စိုးမြင့်ကြယ်**
ကျိုက်ထီးရိုး (ဖြန်း) 33000
ချောင်းသာ Hotel(ဖြန်း) 35000 / 45000
ငွေဆောင် Hotel 45000
ကားမျိုးစုံစင်းလုံးငှားစီစဉ်ပေးသည်။
01-549380,09-5093704,09-450012971

**ရွှေနဂါး**
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209077, 209388

**မေမြန်မာ** အထင့်မြင့်ဘုရားဖူးဝိုင်ထောင်ရေး
*Consultative by Shwe Lon Kha Yee*
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ကလော Oct 30, Nov 6,13,20- 140000
▲ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး (ရွှေစည်းခုံ)၊ ပခုက္ကူ Oct 30, Nov 6,13,20- 120000
▲ မန္တလေး(ကျောက်စိမ်းစေတီ)၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ Oct 30, Nov 6,13,20- 140000
▲ ထားဝယ်(ရှင်ကိုရှင်)၊ မြိတ်၊ မောင်းမကန်ကမ်းခြေ Nov 20, 25- 180000
▲ မော်လမြိုင်၊ ကျိုက်ပွီ၊ စက်စဲ၊ ကျိုက်မရော Oct 30, Nov 6,13,20,25,27- 70000
Ph: 09250277491, 09-250622428, 09-791771537





ရည်မှန်းချက်ကြီးမားပြီးခိုင်မာသောအောင်မြင်မှုရရှိရန်အတွက်MHRတွင်ABEတက်ပါ

abe

MHR MANAGEMENT INSTITUTE
Developing People . Shaping Future

10% - 50%
Discount Enrollment
November 1st - 15th

* သင်ကြားမှုအတွေ့အကြုံဆယ်တစ်ဆယ့်ကိုးနှစ်ရှိခြင်း
* ကမ္ဘာ့အဆင့်မီအများဆုံးစာရင်းသွင်းဦးကိုအောင်မြင်စွာမွေးထုတ်နိုင်ခဲ့ခြင်း
* Level 4 Diploma မှ Level 6 Diploma အထိအဆင့်အားလုံးကိုတစ်နေရာထည်းတွင်သင်ကြားနိုင်ခြင်း
* Diploma ငါးမျိုးစလုံးကိုသင်ကြားနိုင်သောတစ်ခုတည်းသောသင်တန်းကျောင်းဖြစ်ခြင်း

ABE
Business Management Diploma
Travel, Tourism & Hospitality Management Diploma
Human Resource Management Diploma
Marketing Management Diploma
Financial Management Diploma

The best ABE Centre in Myanmar since 1998

Get info @ Centre 1
Room : 905, 9th Floor ,Thanzay Condo, Lanmadaw Street, Yangon, Myanmar
01-395802, 01-216168, 01-707822
mhr@myanmar.com.mm

Get info @ Centre 2
No. 27, Ground Floor, Eco Apartment, Building E, Pearl Condominium, Kabaraye Pagoda Road, Yangon, Myanmar
0973223777, 098628878
info@businessinstituteygn.com



မြန်မာ(ပြည်)စီးပွားရေး လမ်းညွှန်
မြန်မာပြည်မှာဆို ဘာပဲလိုလို ?
၂၀၁၆ ခုနှစ်အတွက်
အထက်ပိုင်း



ကြော်ငြာလက်ခံမည့်နောက်ဆုံးရက်မှာ ..
( ၃၀. ၁၀. ၂၀၁၅)

အောက်ပိုင်း

Myanmar Business DIRECTORY
Sales Direct Line | 01 - 373254, 245358 (Ext: 817), 01-250700
02 - 4000611

ကြော်ငြာ


# ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်

သံဝေဇနီယ အဝိဇဟိတ ဗုဒ္ဓဌာနများ၊ နယူးဒေလီ၊ အာဂရာ၊ တာဇ်မဟာ နေရာများသို့ (၁၄ ည / ၁၅ ရက်) ခရီးစဉ် နှင့် သံဝေဇနီယ ( ၄ )ဌာန ဗုဒ္ဓဌာနများ (၇ည/ ၈ ရက်) ခရီးစဉ်။
အနည်းဆုံး(၆)လသက်တမ်းကျန်သောနိုင်ငံကူးလက်မှတ် လက်ဝယ်ရှိသူများ ၃၀၀၀၀/ - ပေးပါသည်။
(နယူးဒေလီတွင် ဟိုတယ် ၂-ည အိပ် တည်းခိုပြီး အန္တရာယ်ရှိသော ညဖက် ကားမောင်းခရီးသွားခြင်း လုံးဝမရှိပါ။)
(၁၅)ရက်ခရီးစဉ်များ - အောက်တိုဘာ ၂၅ ( သီတင်းကျွတ်လပြည့် ဆီမီး ၁၀၀၀ ) နိုဝင်ဘာ ၁၅၊ ၂၂၊ ၂၉၊ ဒီဇင်ဘာ ၆၊ ၂၀၊ ဇန်နဝါရီ ၃၊ ၁၇၊ ဖေဖော်ဝါရီ ၇၊ ၁၄၊ ၂၁၊ ၂၈၊ မတ် ၆၊ ၁၃၊ ၂၀၊ ၂၇၊ ဧပြီ ၃၊ ၁၀။ (၈)ရက်ခရီးစဉ်များ - ဖေဖော်ဝါရီ ၇၊ မတ် ၂၃၊ ဧပြီ ၁၀။
ဒါနဘုရားဖူးအဖွဲ့ - အမှတ် (၂၅)၊ အခန်းအမှတ် (၃၀၃)၊ တာဝါထပ်၊ ...၊ ... စမ်းချောင်း။ ဖုန်း - 536348, 537707, 537708, 09 500 1763, 09 501 3727, 09 256174414, 09 516 4664
မဂ္ဂလာဒေသသာသနာပြုအဖွဲ့ - အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ... ရန်ကုန်။ ဖုန်း - 545215, 545216, 555173
မန္တလေးရုံး - (I-6) ... လမ်း ... ၊ မန္တလေး။ ဖုန်း - 09 402 64 8989, 09 5300305



Hmwe Taunggyi Business Group Co.,Ltd.

Hot Line - 01-200952

# သာကီနွယ် ဗုဒ္ဓဂယာ ဘုရားဖူးပို့ ဆောင်ရေး

(၁၀) ရက်ခရီး ကျသင့်ငွေကျပ် (၁၀.၅) သိန်း အား အထူးဈေးနှုန်း (၈) သိန်း ...
(၁၅) ရက်ခရီး ကျသင့်ငွေကျပ် (၁၀.၅) သိန်း အား အထူးဈေးနှုန်း (၉) သိန်း ...

အထူးPromotion ခရီးစဉ်ကြီး ဘုရားအစုံ၊ နေရာအစုံ၊ ဒေသအစုံအလင်ဖူးမြော်ခွင့်ရမည် ဈေးနှုန်းလျှော့ချထားပြီး ဝန်ဆောင်မှုလျှော့မည်မဟုတ် အများနည်းတူအတိုင်း ရန်ကုန်မှထွက်ခွါပြန်ရောက်သည့်အထိ စရိတ်ငြိမ်း (၁၆)ဦး လျှင်(၁)ဦး အခမဲ့

Special promotion ခရီးစဉ် ထွက်ခွါမည့်ရက်များ - ၂၄.၁၁.၂၀၁၅၊ ၂၅.၁၂.၂၀၁၅၊ ၁၃.၁.၂၀၁၆၊ ၃.၂.၂၀၁၆၊ ၂၉.၂.၂၀၁၆၊ ၂၀.၃.၂၀၁၆၊ ၁.၄.၂၀၁၆

ရန်ကုန်(ရုံးချုပ်) - အမှတ်(၁၀၅)၊ ၁၂၃ လမ်း၊ သိမ်ဖြူဘားမောင်းတွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၂၀၀၉၅၂၊ ၀၉-၅၂၀၁၄၀၂၊ မန္တလေးရုံး - ၀၉-၇၈၅၂၀၁၄၀၂၊ တောင်ကြီးရုံး - ၀၈၁-၂၀၀၁၇၃၊ ၀၈၁-၂၀၂၂၄၀၂



# NELC

"Don't Worry, Just Speak!"

Nelson English Language Centre

5 Fundamental Development: mental, critical, social, emotional, physical

Pre-school

★ 3 to 5 years old

Open in November Enroll Now !!

10% Discount until December!



... 09 730 65 345


## Call for Applications

**2015-16 KIS Program for Diploma in International Studies at University of Yangon**

Myanmar-Korea Centre for International Studies at University of Yangon calls for applications to its 4th batch of classes for *Diploma in International Studies* for the Academic Year of 2015-16.

**The Program and Benefits**

It is a full time teaching program for eighteen weeks, divided into two 9 weeks sessions (28 December 2015 – 26 February 2016; 27 June 2016 – 26 August 2016), for twelve courses on the subject of international studies including International Relations and International Development.

Those who successfully complete the program will receive Diploma in International Studies from University of Yangon and be qualified to apply for Masters of Arts in International Relations (MA(IR)) or Masters of Arts in International Studies (MA(IS)), even though her/his undergraduate major is not IR. Tuition is FREE.

**Who Can Apply?**

Those who hold BA from accredited universities in Myanmar or any country, and are proficient in English enough to take lessons and write assignments in English

**Application Procedure**

1. Application Deadline: 15 November 2015
2. Verbal Interview: 20 November 2015
3. Announcement of the Result: 27 November 2015

(Application form is available from KIS Office or Department of International Relations at University of Yangon)

Please contact Ms. Lee Jisun (Juju), Chief Administrator of KIS, or Prof. Dr. Yin Myo Thu of Dept. of International Relations at University of Yangon for futher inquiry.


# ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

၁။ လှည်းကူးမြို့ သာယာကုန်းကျေးရွာ၊ ပိုလ်ချုပ်အောင်ဆန်းလမ်း၊
(G)ဥယျာဉ်မြေကျပြီး၊ ရေပါ-မီးရှိ၊ (40'x60') 80 သိန်း၊ 120 သိန်း
၂။ (1)ထပ်တိုက်၊ (1560 sqft)၊ AC-2 ၊ဘိုထိုင်-3 (350)သိန်း

Ph: 09-31317560, 09-795518355, 09-30281874



ချောင်းသာခရီးစဉ်

AZURA Hotel & Hotel ACE

၁ည / ၂ ရက် 60,000 Ks
၂ည / ၃ ရက် 95,000 Ks

09-421013999, 09-421014999
09-975679511~44
09-799877850 ~ 51



# သွေးအချိုဓာတ်ကို Glucerna နှင့် အကောင်းဆုံးအနေအထားတွင် ထိန်းထားပါ။

No.1 Doctor Recommended Brand in USA*

ဆီးချိုသွေးချိုရောဂါရှင်များအနေဖြင့် သွေးအချိုဓါတ်၊ သွေးပေါင်ချိန်နှင့် ခန္ဓာကိုယ်အလေးချိန်တွေကို ပုံမှန် အနေအထား ရောက်အောင် ထိန်းသိမ်းဖို့လိုအပ်ပါတယ်။ ... Glucerna ကို သောက်သုံးခြင်းက ... Glucerna သည် ဆီးချိုသွေးချိုရောဂါရှိသူများအတွက် ... Triple Care System ဖြင့် ထုတ်လုပ်ထားသောကြောင့် အောက်ပါအကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။



*Market research by Rothstein-Tauber, Inc. 2012

Distributed By PAHTAMA

Abbott Nutrition Careline 01-8551428, 09 260 35 62 62, abbottnutrition@pahtama.com

Abbott



# ဂုဏ်ရည်ဆေးတိုက်

ဂုဏ်ရည် ® အမှတ်တံဆိပ်

ကြော်ငြာခွင့်ပြုချက်အမှတ်- တဆဝက (စာနယ်ဇင်း) ၀၅၄/၀၇၁၃

ရ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အောက်ပါရောဂါများအတွက် အစွမ်းထက် တိုင်းရင်းဆေးများ ရရှိနိုင်ပါသည်။

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊ အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊ အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊ အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့် အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။



အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။) ဖုန်း - ၀၁ ၆၄၂၆၈၂၊ ၀၁ ၆၄၁၅၀၁၊ ၀၉၉၇၀၀၀၅၀၀၅၀

Hot Line No-0930500100

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရေးစည်းဝေး

စာမျက်နှာ ၈

## ယနေ့ မာတိကာ

### တရုတ်နိုင်ငံတွင် ကလေးတစ်ယောက်သာ မွေးဖွားရမည့် မူဝါဒ ဖျက်သိမ်းလိုက်ပြီ

စာမျက်နှာ - ၄

### မိမိအနာဂတ်နှင့် တိုင်းပြည်အနာဂတ်အတွက် မဲပေးရွေးချယ်ကြပါစို့

စာမျက်နှာ - ၈

### ဖီဖာဥက္ကဋ္ဌရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်း ခုနစ်ဦး ယှဉ်ပြိုင်မည်

စာမျက်နှာ - ၁၃

# တက်ခုတ်၊ တက်ပုံ့ယိမ်းများနှင့် ရောင်စုံမီးကြာခွက်လေးများဖြင့် အထူးစည်ကားစွာ ကျင်းပခဲ့သည့် ရွှေကျင်သီတင်းကျွတ် မီးမျှောပူဇော်ပွဲ

သတင်း
ကိုသက်(ဗိုလ်တထောင်)၊ ရာမည
ဓာတ်ပုံ - ငွေအောင်



မြန်မာနိုင်ငံ၏ ၁၂ လရာသီပွဲတော်များရှိသည့်အနက် သီတင်းကျွတ်မီးထွန်းပွဲတော်ကို နိုင်ငံတစ်ဝန်း၌ ကျင်းပသည့် ဓလေ့ရှိကြသည်။ ပွဲတော်များကျင်းပသည့် ဓလေ့များအနက် တစ်နိုင်ငံလုံးသိရှိကြသည့် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ရွှေကျင်မြို့၏ သီတင်းကျွတ်မီးမျှောပူဇော်ပွဲတော်(အပေါ်ပုံ)သည် တစ်ခုအပါအဝင်ဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✿

# Myanmar Wave Rider Cup and KTA Race Open 2015 ပြိုင်ပွဲ ပထမနေ့ ငွေဆောင်ကမ်းခြေတွင် စတင်ယှဉ်ပြိုင်

**ငွေဆောင် အောက်တိုဘာ ၂၉**

ပုသိမ်ခရိုင် ငွေဆောင်မြို့ ငွေဆောင်ကမ်းခြေရှိ ပင်လယ်ပြင် ရွက်လှေကလပ်၌ ကျင်းပလျက်ရှိသည့် Myanmar Wave Rider Cup and KTA Race Open 2015 ရွက်လှေပြိုင်ပွဲများကို ပထမနေ့ ပြိုင်ပွဲအဖြစ် ယနေ့နံနက်ပိုင်းတွင် စတင်ယှဉ်ပြိုင်ခဲ့သည်။

Myanmar Wave Rider Cup and KTA Race Open 2015 ပြိုင်ပွဲသည် ကလပ်ပြိုင်ပွဲအဖြစ် မြန်မာနိုင်ငံ ငွေဆောင်ကမ်းခြေတွင် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး Windsurfing၊ Stand Up Paddle (SUP) နှင့် Kiteboarding အားကစားနည်းအမျိုးအစား သုံးမျိုး ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲ၏ ပထမနေ့အဖြစ် Stand Up Paddle (SUP) ကလပ်ပြိုင်ပွဲကို နံနက် ၉ နာရီတွင် စတင်ယှဉ်ပြိုင်ခဲ့သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖



ငွေဆောင်ကမ်းခြေတွင် Kiteboarding ရွက်လှေကစားနည်းယှဉ်ပြိုင်ရန် လေ့ကျင့်စဉ်။

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**နေပြည်တော် အောက်တိုဘာ ၂၉**

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလား ပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

## အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ဒီမိုကရေစီနိုင်ငံတော်သစ် (၅)နှစ်တာကာလ "ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ" အထူးကဏ္ဍအချပ်ပိုလေးမျက်နှာပါရှိပါသည်။




themirror.npt@gmail.com
www.facebook.com/themirrordaily

ကြေးမုံ
The Mirror
ဒီမိုကရေစီနိုင်ငံတော်သစ် (၅) နှစ်တာကာလ
ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ
အထူးကဏ္ဍအချပ်ပို
အောက်တိုဘာ ၃၀ ရက်၊ ၂၀၁၅ ခုနှစ် (သောကြာနေ့)

## ပြည်သူလူထုအသံကို နားထောင်

ပြောင်းလဲတိုးတက်မှုတွေကို အားရကျေနပ်နေလို့မရဘဲ တိုးတက်သည်ထက် တိုးတက်အောင်၊ အောင်မြင်သည်ထက် အောင်မြင်အောင် အားသွန်ခွန်စိုက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားဖို့နဲ့ အားနည်းချက်တွေကို ဖော်ထုတ်ပြီး ပြင်ဆင်ဆောင်ရွက်သွားဖို့ လိုပါတယ်။ လက်တွေ့ဖြစ်ပျက်နေမှုတွေအပေါ် ကိုယ်တိုင်သိအောင်လုပ်ဖို့၊ ပြည်သူလူထုအသံကို နားထောင်ဖို့နဲ့ ဝေဖန်မှုတွေအပေါ် လက်ခံသုံးသပ်ဖို့ဖြစ်ပြီး ဒါမှသာ အမှားအမှန်ကို ခွဲခြားသိရှိဆောင်ရွက်နိုင်မှာဖြစ်တယ်။

**(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့ နိုင်ငံတော် သမ္မတရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြုပြင်ပြောင်းလဲရေး ဦးဆောင်ကော်မတီအစည်းအဝေးတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

# ၂၀၁၅ ခုနှစ် ဩဂုတ်လကုန်အထိ မိုဘိုင်းတယ်လီဖုန်း ၃၃ ဒသမ ၇၇၇ သန်း တိုးချဲ့တပ်ဆင်ပေးနိုင်ခဲ့



ပြည်ပအော်ပရေတာတစ်ခုဖြစ်သည့် အော်ရီဒူးမြန်မာမှ ဝန်ဆောင်မှု ပေးထားသော စမတ်ဖုန်းကို အသုံးပြုနေသည့် လယ်သူမတစ်ဦး။

**တယ်လီဖုန်းသိပ်သည်းဆ(Tele Density)**

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစ၍ မိုဘိုင်းတယ်လီဖုန်း တိုးချဲ့တပ်ဆင်ရေးလုပ်ငန်းများကို နှစ်စဉ် စီမံကိန်းများရေးဆွဲ၍ ၂၀၁၅-၂၀၁၆ ခုနှစ်ကုန်တွင် တယ်လီဖုန်းသိပ်သည်းဆကို ၇၅ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိလည်းကောင်း၊ အင်တာနက်ထိုးဖောက်မှုကို ၅၀ ရာခိုင်နှုန်းအထိလည်းကောင်း တိုးတက်ရောက်ရှိအောင် ရည်မှန်းချက်ထားရှိပြီး ဆောင်ရွက်လျက်ရှိသည်။

**အော်ရီဒူးနှင့် တယ်လီနော**

နိုင်ငံတစ်ဝန်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် ၁၅ နှစ်သက်တမ်းရှိသော Nationwide Telecommunication Service License ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် Ooredoo Myanmar Limited နှင့် Telenor Myanmar Limitedသို့ လည်းကောင်း ၂၀၁၅ ခုနှစ် မတ် ၂၃ ရက်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ လည်းကောင်း ပေးအပ်ခဲ့သည်။

Ooredoo Myanmar Limited သည် မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှု(3G)စနစ်ကို ၂၀၁၄ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် လည်းကောင်း၊ Telenor Myanmar Limited သည် မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှု(2G/3G) စနစ်ကို **စာမျက်နှာ ၂ သို့ »»**

စက်မှုဝန်ကြီးဌာန

# စက်မှုကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဦးစားပေးဆောင်ရွက်

**အကြီးစားစက်ရုံစီမံကိန်းများ**

စက်မှုကဏ္ဍ ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးဆောင်ရွက်ရာတွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ရသလို အခြေခံအုတ်မြစ်များဖြစ်သည့် အကြီးစားစက်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန် လိုအပ်သဖြင့် ဆောင်ရွက်ဆဲအကြီးစားစက်ရုံစီမံကိန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ယခင်အစိုးရလက်ထက်က မပြီးပြတ်သေးသည့် ဆောင်ရွက်ဆဲစီမံကိန်းသုံးခု၊ ယခင်အစိုးရလက်ထက် ညှိနှိုင်းဆွေးနွေးခဲ့မှုများအရ စတင်ဆောင်ရွက်ရမည့် စီမံကိန်းသုံးခု၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းထံမှ လွှဲပြောင်းယူခဲ့သည့် စီမံကိန်းနှစ်ခုနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ထံမှ လွှဲပြောင်းရယူခဲ့သည့် စီမံကိန်းတစ်ခုတို့ကို ဆက်လက်အကောင်အထည်ဖော်ခဲ့သည်။

**ယခင်အစိုးရလက်ထက်မပြီးပြတ်သေး၍ ဆက်လက်ဆောင်ရွက်သည့် စီမံကိန်းများ**

အကြီးစားဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစီမံကိန်း(သာဂရ)ကို ၆-၁၂-၂၀၁၃ ရက်နှင့် Float Glass မှန်ထုတ်လုပ်မှုစီမံကိန်း(ကျောက်ဆည်)ကို ၁၁. ၁. ၂၀၁၄ ရက်တွင် ဖွင့်လှစ်ပြီးဖြစ်သည်။ သတင်းစာစက္ကူစက်ရုံစီမံကိန်း(သာပေါင်း)မှာမူ ဆောင်ရွက်ဆဲဖြစ်သည်။

**ယခင်အစိုးရလက်ထက် ညှိနှိုင်းဆွေးနွေးခဲ့မှုအရ စတင်ဆောင်ရွက်သည့် စီမံကိန်းများ**

မော်တော်ယာဉ် မိုလ်နှင့် ဒိုင်ထုတ်လုပ်မှုစီမံကိန်း(မြိုင်)ကို ၁၃. ၆. ၂၀၁၅ ရက်တွင် ဖွင့်လှစ်ပြီးဖြစ်သည်။ ကုန်တင်ယာဉ်ဘီးဝင်ရိုးထုတ်လုပ်မှုစီမံကိန်း(မြင်းခြံ)နှင့် **စာမျက်နှာ ၃ သို့ »»**



စက်မှုဝန်ကြီးဌာန အကြီးစားစက်မှုလုပ်ငန်း၏ ကားထုတ်လုပ်မှုမြင်ကွင်း။

»»» အထူးကဏ္ဍ အချပ်ပို စာမျက်နှာ ၁ မှ

၂၀၁၄ခုနှစ် စက်တင်ဘာလ ၂၇ရက်နေ့တွင်လည်းကောင်း ပြည်သူများသို့ တရားဝင်စတင်၍ ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးနိုင်ခဲ့ပြီ ဖြစ်သည်။

**မိုဘိုင်းတယ်လီဖုန်း ၃၃ သန်းကျော်**

၂၀၁၀-၂၀၁၁ ခုနှစ်တွင် မိုဘိုင်းတယ်လီဖုန်းလုံးရေ စုစုပေါင်း ၁ ဒသမ ၆၄ သန်းမျှသာရှိခဲ့သည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပြည်ပအော်ပရေတာများဖြစ်သည့် Ooredoo Myanmar Limited နှင့် Telenor Myanmar Limited တို့က ၂၀၁၅ ခုနှစ် ဩဂုတ်လကုန်အထိ မိုဘိုင်းတယ်လီဖုန်းလုံးရေ ၃၃ ဒသမ ၇၈၇ သန်းကို တိုးချဲ့တပ်ဆင်ပေးနိုင်ခဲ့သဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် တယ်လီဖုန်းသိပ်သည်းဆ ၂ ဒသမ ၇၇ ရာခိုင်နှုန်းသာရှိရာမှ ၂၀၁၅ ခုနှစ် ဩဂုတ်လအထိ ၆၅ ဒသမ ၃၅ ရာခိုင်နှုန်း (လူတစ်ရာလျှင် ၆၅ ဦးသုံးစွဲနိုင်သည်)အထိ ရှိလာခဲ့သည်။

**အင်တာနက်အသုံးပြုသူ ၂၇ သန်းကျော်**

အင်တာနက်ဝန်ဆောင်မှုများကို ဖိုက်ဘာလိုင်း၊ MPT Satellite Terminal၊ E1 Line၊ ADSL Line၊ Mobile စသည်တို့ဖြင့် အင်တာနက်နှင့် ချိတ်ဆက်အသုံးပြုနိုင်ရန် ဖြည့်ဆည်းပေးခဲ့ရာ ၂၀၁၀-၂၀၁၁ခုနှစ်တွင် အင်တာနက်အသုံးပြုသူ ၃၈၇၁၅ ဦးသာရှိခဲ့ရာမှ ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် စုစုပေါင်း ၂၇၅၇၅၄၂၈ ဦးအထိ တိုးတက်များပြားလာသည်။

ပြည်သူလူထု၏ သတင်းအချက်အလက်နည်းပညာဆိုင်ရာ သုံးစွဲမှုလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် အင်တာနက် Bandwidth ကို နှစ်စဉ်တိုးချဲ့ခဲ့ရာ ၂၀၁၀-၂၀၁၁ ခုနှစ်၌ အင်တာနက် Bandwidth ၃ ဒသမ ၉၂ Gbps ရှိရာမှ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလကုန်အထိ အင်တာနက် Bandwidth ကို ၅၅ ဒသမ ၈၂ Gbps အထိ တိုးချဲ့ပေးနိုင်ခဲ့သည်။




**Maximum Capacity 1300 Gbps ရှိ SMW-5 ရေအောက်ကေဘယ်လ်ဆက်ကြောင်းနှင့် ချိတ်ဆက်နိုင်ရေးဆောင်ရွက်နေသည်။**

တယ်လီဖုန်းနှင့် အင်တာနက်သုံးစွဲမှုများ ပိုမိုလွယ်ကူအဆင်ပြေချောမွေ့စွာ ဆက်သွယ်အသုံးပြုနိုင်ရန် အဝေးဆက်သွယ်ရေးလုပ်ငန်းများဖြစ်သည့် မိုက်ကရိုဝေ့ဗ်စခန်းပေါင်း ၃၄၉ ခုထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ဖိုက်ဘာကေဘယ်လ်ဆက်ကြောင်း ကီလိုမီတာပေါင်း ၂၉၄၇၅ ဒသမ ၅၁ ကီလိုမီတာနှင့် ပြည်နယ်/တိုင်းဒေသကြီး အသီးသီးတွင် ဆက်သွယ်ရေးတာဝါပေါင်း ၇၃၆၂ တိုင်ကို တိုးချဲ့တည်ဆောက်ခဲ့ပြီးဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ တယ်လီဖုန်းဆက်သွယ်ရေးနှင့် အင်တာနက်ချိတ်ဆက်သုံးစွဲမှုများ အဆင်ပြေချောမွေ့နိုင်စေရန် Maximum Capacity 1300 Gbps ရှိ SMW-5 ရေအောက်ကေဘယ်လ်ဆက်ကြောင်းနှင့် ချိတ်ဆက်နိုင်ရေး ၂၀၁၆ ခုနှစ် နှစ်ကုန်အပြီး လျာထားဆောင်ရွက်လျက်ရှိသည်။

SMW-5 ဆက်ကြောင်းတစ်စုံတစ်ရာ ချို့ယွင်းမှုဖြစ်ပေါ်ပါက ဆက်သွယ်မှုမပြတ်တောက်စေရေးအတွက် အရန်ဆက်ကြောင်းအဖြစ် AAE-1 (Asia-Africa-Europe-1) ပင်လယ်ရေအောက်ကေဘယ်လ်နှင့် ချိတ်ဆက်နိုင်ရေးဆောင်ရွက်လျက်ရှိသည်။

မူလကအပြည်ပြည်ဆိုင်ရာ အိတ်ချိန်း Gateway မှာ ရန်ကုန် TDM & IP နှင့် တပ်ကုန်း TDM တို့သာရှိခဲ့ရာ ၂၀၁၃ ခုနှစ်တွင် IGW-NGN-IP အပြည်ပြည်ဆိုင်ရာ အိတ်ချိန်းအသစ်ကို နေပြည်တော်တွင် တည်ဆောက်ထားပြီးဖြစ်သည်။

အခြားနိုင်ငံများမှ Operator များ၏ GSM/WCDMA အသုံးပြုသူများသည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ Mobile Network တွင် လာရောက်အသုံးပြုနိုင်ပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ GSM/WCDMA အသုံးပြုသူများသည်လည်း အခြားနိုင်ငံများသို့သွားရောက်စဉ် အသုံးပြုနိုင်သော International Roaming ချိတ်ဆက်မှုစနစ်ကို ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံပေါင်း ၆၅ နိုင်ငံမှ Operator ၁၀၉ ဦး၏ မိုဘိုင်းဖုန်းသုံးစွဲသူများမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ မိုဘိုင်း Network တွင် Inbound Roaming လာရောက်သုံးစွဲနိုင်သကဲ့သို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ GSM /WCDMA အသုံးပြုသူများသည် နိုင်ငံပေါင်း ၅၆ နိုင်ငံမှ Operator ၇၃ ဦး၏ မိုဘိုင်း Network တွင် Outbound Roaming အဖြစ် သုံးစွဲနိုင်ပြီ ဖြစ်သည်။

**အမြန်စာပို့လုပ်ငန်း**

နေရာဒေသမရွေး အလွယ်တကူ သုံးစွဲနိုင်သော (At all points in the Territory) ဝန်ဆောင်မှုဖြစ်စေရန်အတွက် စာတိုက်များကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ် ဩဂုတ်လအထိ လုပ်ငန်းပြည့် စာတိုက်ရုံး ၇၇၉ ရုံး၊ စာတိုက်ခွဲ ၂၁၂ ရုံး၊ ကျေးရွာကိုယ်စားလှယ် စာတိုက် ၃၉၀၊ စုစုပေါင်း ၁၃၈၁ ရုံး ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်တွင်း/ပြည်ပစာပို့ခ အခြေခံနှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်း၊ အပြည်ပြည်ဆိုင်ရာ အမြန်စာပို့လုပ်ငန်း (EMS International တွင် Hand Free Barcode Scanner) စာဝေစနစ်ကို ဆောင်ရွက်ခဲ့ခြင်း၊ ပြည်တွင်း အမြန်ချောပို့လုပ်ငန်းကို ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီ သုံးခုနှင့် Registered Service Provider အဖြစ် လုပ်ငန်းဆောင်ရွက်ခြင်းတို့ ဆောင်ရွက်နိုင်ခဲ့သည်။

အရည်အသွေးကို အခြေပြုသော စာတိုက်ဝန်ဆောင်မှုများဖြစ်စေရေးအတွက် JICA နှင့် ပူးပေါင်း၍ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စာတိုက်များအား စီမံကိန်းကာလသုံးနှစ်သတ်မှတ်ပြီး ချောသယ်ယူပို့ဆောင်ရေး အမိကကွန်ရက် တိုးတက်ရန်၊ ချောစာသိမ်းဆည်းမှုနှင့် ပေးဝေမှုတို့ တိုးတက်ရန်၊ စာတိုက်အတွင်း လုပ်ငန်းဆောင်ရွက်မှုတိုးတက်ရန်၊ စာတိုက်ဝန်ဆောင်မှုလုပ်ငန်း တိုးတက်ရေးအတွက် နှစ်လတ်-နှစ်ရှည်စီမံချက်များ ချမှတ်ရန်တို့ ဆောင်ရွက်လျက်ရှိသည်။

ပြည်ပစာပို့လုပ်ငန်း၏ ပြည်ပစာရွေးဌာနတွင် ပြည်ပမှတ်ပုံတင်စာအဝင်/အထွက် ကဏ္ဍတို့တွင် Barcode အသုံးပြု၍ IPS Light System ဖြင့် Track and Trace ဆောင်ရွက်သော RAQUEL Project ကိုလည်းကောင်း၊ မြန်မာ့စာတိုက်လုပ်ငန်း၏ ပြည်တွင်းအမြန်ချောပို့လုပ်ငန်းအား နေပြည်တော်၊ ရန်ကုန် ၁၀ မြို့နယ်၊ မန္တလေး ခြောက်မြို့နယ်တို့တွင် နံနက် ၁၁ နာရီမတိုင်မီ ပေးပို့သည့် ပြည်တွင်းအမြန်ချော ပစ္စည်းများအား နေ့ချင်းရောက်စာဝေစနစ် Same Day Delivery လုပ်ငန်းကိုလည်းကောင်း၊ နေပြည်တော်အပါအဝင် မြို့ကြီး ရှစ်မြို့တွင် ပြည်တွင်းအမြန်ချောပို့ပစ္စည်းများကို ယနေ့ပို့ မနက်ဖြန်ရောက် အထူးဝန်ဆောင်မှုကိုလည်းကောင်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**အာဆီယံအိုင်စီတီ ဆု**

ASEAN ICT Master plan AIM 2015 ၏ နည်းဗျူဟာ ၆ ရပ်အနက် Innovation Thrust အရ ဆောင်ရွက်သည့် အစီအစဉ်ဖြစ်သော အာဆီယံအိုင်စီတီဆု ချီးမြှင့်ခြင်းကို ၂၀၁၂ ခုနှစ်မှစတင်၍ နှစ်စဉ်ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံရှိ အိုင်စီတီကုမ္ပဏီများအနေဖြင့် Civil Society Responsibility(CSR) ခေါင်းစဉ်အောက်မှ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ၂၀၁၂ ခုနှစ်တွင် Myanmar Creadiant Co., Ltd.၊ ၂၀၁၄ ခုနှစ်တွင် Blue Ocean Management Co., Ltd. တို့ ပထမဆုများရရှိခဲ့သည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနသည် နိုင်ငံတော်အတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် စဉ်ဆက်မပြတ် ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

»»» အထူးကဏ္ဍ အချပ်ပို စာမျက်နှာ ၄ မှ

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ၊ ၂၀၁၄ ခုနှစ် တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလားအားကစားပြိုင်ပွဲတွေ၊ ၂၀၁၅ ခုနှစ် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်တွေကို ပြုလုပ်ပေးနိုင်ခဲ့ပါတယ်။

မေး။ ။ ပြည်ပနိုင်ငံတွေကို သွားရောက်ယှဉ်ပြိုင်ရာမှာ အောင်မြင်ခဲ့မှုအခြေအနေကိုလည်း သိချင်ပါတယ်။

**ဖြေ။** ။ ၂၀၁၁-၂၀၁၂ ခုနှစ်မှာ ပြည်ပပြိုင်ပွဲပေါင်း ၆၂ ပွဲကနေ ရွှေတံဆိပ် ၆၄ ခု၊ ၂၀၁၂-၂၀၁၃ မှာ ပြည်ပပြိုင်ပွဲပေါင်း ၄၀ ကနေ ရွှေတံဆိပ် ၂၂ ခု၊ ၂၀၁၃-၂၀၁၄ မှာ ပြည်ပပြိုင်ပွဲပေါင်း ၅၂ ပွဲကနေ ရွှေတံဆိပ် ၅၀ ဆွတ်ခူးရရှိခဲ့ပါတယ်။

မေး။ ။ B.Sc (Sport) ဖွင့်လှစ်ဆောင်ရွက်နေတဲ့ အခြေအနေကိုလည်း သိပါရစေ။

ဖြေ။ ။ ၂၀၁၃ ခုနှစ်မှစတင်၍ B.Sc (Sport) သင်တန်းတွေကို ရန်ကုန်နဲ့ မန္တလေးတွေမှာ စတင်ဖွင့်လှစ်ပေးခဲ့ပါတယ်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ ဒဂုံ တက္ကသိုလ်မှာ ပထမနှစ်သင်တန်းသား သင်တန်းသူ ၂၉ ဦး၊ ဒုတိယနှစ် သင်တန်းသား သင်တန်းသူ ၄၃ ဦး စုစုပေါင်း ၇၂ ဦးနဲ့ ရတနာပုံတက္ကသိုလ်မှာ ပထမနှစ်သင်တန်းသား သင်တန်းသူ ၃၄ ဦး၊ ဒုတိယနှစ် သင်တန်းသား သင်တန်းသူ ၅၈ ဦး စုစုပေါင်း ၉၂ ဦး တက်ရောက်နေပါတယ်။

ဒဂုံတက္ကသိုလ်က ပထမနှစ် ကျောင်းသား ၂၂ ဦးနဲ့ ရတနာပုံတက္ကသိုလ်က ကျောင်းသား ကျောင်းသူ ၁၁ ဦး ထပ်မံတက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်နေပါတယ်။

အားကစားတက္ကသိုလ် ဖွင့်လှစ်ဖို့အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ငွေကျပ် သန်း ၁၂၀၀၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ငွေကျပ်သန်း ၃၅၀၀ ခွင့်ပြုရန်ပုံငွေရရှိပြီး လုပ်ငန်းများတင်ဒါခေါ်ယူပြီး ဆောင်ရွက်လျက်ရှိတာမှာ ၇၉ ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ တည်ဆောက်ရေးလုပ်ငန်းများ အားလုံးပြီးစီးသွားရင် ဆောလျင်စွာဖွင့်လှစ်နိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အားကစားတက္ကသိုလ် တည်ဆောက်ပြီးပါက သတ်မှတ်ပညာအရည်အချင်းနဲ့ပြည့်မီတဲ့ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားတွေကို တက္ကသိုလ်မှာ အားကစားနည်းပြအရာရှိများအဖြစ် ပြန်လည်ခန့်အပ်တာဝန်ပေးသွားဖို့လည်း စီစဉ်နေပါတယ်။

မြန်မာ့အားကစားဖြစ်ပေါ်တိုးတက်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်အတွင်းရေးမှူး ဦးမြသန်းထိုက်နှင့်လည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ ။ လက်ရှိ မြန်မာ့အားကစားကဏ္ဍ တိုးတက်ပြောင်းလဲရေးနဲ့ပတ်သက်ပြီး ဘာတွေလိုအပ်ချက်ရှိနေသလဲ၊ ဘာတွေလုပ်ဖို့ လိုအပ်နေသလဲဆိုတာ ပြောပြပေးစေလိုပါတယ် ခင်ဗျာ။

**ဖြေ။** ။ ကျွန်တော် အဓိကအချက် နှစ်ချက် ပြောလိုပါတယ်။ နည်းပြအပိုင်းနဲ့ မျိုးဆက်သစ်မွေးထုတ်ရေးအပိုင်းနှစ်ပိုင်းပါ။

ပထမအပိုင်းအနေနဲ့ မြန်မာ့အားကစား တိုးတက်ဖို့ဆိုရင် အားကစားနည်းတိုင်းမှာ နည်းပြကောင်းတွေ လိုပါတယ်။ နည်းပြကောင်းဆိုတာ အခြေခံအားကစားနည်းစနစ်ကို အခြေခံကျကျ နိုင်ငံတကာအဆင့်မီ နားလည်တတ်ကျွမ်းတဲ့ နည်းပြကောင်းတွေ လိုပါတယ်။ ဖြစ်နိုင်ရင် နိုင်ငံတကာအားကစားသင်တန်းတွေမှာ တက်ရောက်ပြီး အားကစားနည်းစနစ်မှန်မှန်ကျွမ်းကျင်တတ်မြောက်တဲ့ နည်းပြတွေ လိုပါတယ်။

အားကစားမှာ နည်းစနစ်ဟာ အလွန်အရေးကြီးပါတယ်။ နည်းစနစ်မှန်မှ တိုးတက်မှုရနိုင်ပါတယ်။ ဒုတိယအချက်ကတော့ မျိုးဆက်သစ်အားကစားသမားတွေ မွေးထုတ်ရေးပါ။ ကျွန်တော်တို့နိုင်ငံမှာ ၁၉၉၈ ခုနှစ် ကျောင်းသားအားကစားပွဲတော်ပြီးတဲ့နောက် မျိုးဆက်သစ်အားကစားသမားပေါ်ထွက်မှုဟာ ရပ်တန့်သွားခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ တစ်ချိန်က အားကစားအောင်မြင်တယ်ဆိုတာက ကျောင်းသားအားကစားပွဲတော်တွေကနေ ပေါ်ထွက်ခဲ့တာဖြစ်ပါတယ်။ ရွှေပုန်းသီးအားကစားသမားအများစုကို အားကစားပွဲတော်တွေ၊ ကျောင်းလက်ရွေးစင်တွေထဲက ပေါ်ထွက်ခဲ့တာဖြစ်ပါတယ်။ ဒီနှစ်ချက်ကို ပြုပြင်ပြောင်းလဲနိုင်မယ်ဆိုရင် မြန်မာ့အားကစားအောင်မြင်ဖို့ မဝေးပါဘူး။

တစ်ဖန်အားကစားသမားများ၏ လိုအပ်ချက်များနှင့်စပ်လျဉ်း၍ မြားပစ်အားကစားနည်းပြ ဦးဇော်လင်းထိုက်နှင့်လည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ ။ အားကစားနည်းတစ်ခုအောင်မြင်ဖို့ အားကစားသမားတွေအတွက် ဘယ်အချက်က အရေးအကြီးဆုံးလို့ ထင်ပါသလဲခင်ဗျာ။

**ဖြေ။** ။အားကစားနည်းတစ်ခု အောင်မြင်ဖို့ဆိုရင် စိတ်ဓာတ်၊ နည်းစနစ်နဲ့ ကြိုးစားအားထုတ်မှုပါပဲ။

ဒီသုံးခုက အရေးအကြီးဆုံးပါပဲ။ စိတ်ရောကိုယ်ပါ လေ့ကျင့်မယ်။ နည်းစနစ်လည်း မှန်မယ်။ ကိုယ်ကိုယ်တိုင်က နိုင်လိုစိတ်ဓာတ်ပြင်းပြမယ်ဆိုရင် အောင်မြင်ဖို့ အလှမ်းမဝေးပါဘူး။

ဒါပေမယ့်အခုဟာက အားကစားသမားအများစုက ဒီမှာ Camp သွင်းတာကို သိပ်မကြိုက်ကြဘူး။ သင်ပေးတဲ့ဝန်ထမ်းအများစုက နေပြည်တော်မှာရှိတယ်။ အားကစားသမားတွေက ဒီကိုလာပြီး လေ့ကျင့်မှုတွေ၊ စခန်းသွင်းလေ့ကျင့်မှုတွေလုပ်ရတော့ စိတ်မပျော်ရွှင်ကြဘူး။

ပြီးတော့ နည်းပြအပိုင်းမှာဆိုရင်လည်း နိုင်ငံခြားနည်းပြတွေကျတော့ တစ်လဒေါ်လာ ၁၈၀၀-၂၀၀၀ ပေးငှားရပါတယ်။ ပြည်တွင်းနည်းပြကျတော့ ငွေကျပ်တစ်သိန်းကျော်လောက်နဲ့ ထောက်ပံ့ကြေးလောက်ပဲရတယ်ဆိုတော့ စိတ်အားထက်သန်စွာလုပ်ဖို့ဆိုတာ အတော်လေးအခက်အခဲတွေရှိပါတယ်။

အားကစားထဲမှာစိတ်ဝင်စားမှု အားနည်းကြတယ်။ ကစားသမားတွေက ဒီမှာ ဘယ်လိုမှမပျော်ကြဘူး။ ဒီအတွက် သူတို့ စိတ်ထွက်ပေါက်မရကြဘူး။ အားကစားမှာက စိတ်ဓာတ်အရေးကြီးပါတယ်။ စိတ်ပျော်ရွှင်ပြီး အနိုင်ရလိုတဲ့ စိတ်ဓာတ်နဲ့ လေ့ကျင့်မယ်၊ ယှဉ်ပြိုင်မယ်ဆိုရင် မြန်မာ့အားကစားတိုးတက်ဖို့ဆိုတာ လက်တစ်ကမ်းမှာပဲရှိပါတယ်။ ။

»»» အထူးထုတ် အချပ်ပို စာမျက်နှာ ၁ မှ



အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ၌ မော်တော်ယာဉ်အစိတ်အပိုင်းများ တပ်ဆင်နေစဉ်။

ကုန်တင်မော်တော်ယာဉ်ထုတ်လုပ်မှု စီမံကိန်း(ရန်ကုန်)တို့မှာ ဆောင်ရွက်ဆဲ ဖြစ်သည်။

**မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းထံမှ လွှဲပြောင်းယူခဲ့သည့်စီမံကိန်းများ**

အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ) တိုးချဲ့စီမံကိန်းများနှင့် အမှတ် (၂) သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းတို့မှာ ဆောင်ရွက်ဆဲဖြစ်သည်။

**မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ထံမှ လွှဲပြောင်းယူခဲ့သည့်စီမံကိန်း**

ကော့စတစ်ဆိုဒါ စက်ရုံစီမံကိန်းမှာ ဆောင်ရွက်ဆဲဖြစ်သည်။

**နိုင်ငံပိုင်စက်ရုံအလုပ်ရုံများအား ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်မှု**

နိုင်ငံတော်၏ စက်မှုကဏ္ဍတွင် ပုဂ္ဂလိကကဏ္ဍပါဝင်မှု အချိုးအစားမြင့်မားလာရေး၊ နိုင်ငံတော်ဘတ်ဂျက်ကို ပြည်သူလူထုအတွက် လက်ငင်းလိုအပ်သည့်နေရာများတွင် ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်ရေးနှင့် အစိုးရအဖွဲ့၏ အသုံးစရိတ်များလျှော့ချချွေတာနိုင်ရေးတို့ကို ရည်ရွယ်ပြီး စက်မှုဝန်ကြီးဌာနရှိ နိုင်ငံပိုင်စက်ရုံများအနက် နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှု ပမာဏအရပုဂ္ဂလိကလုပ်ငန်းရှင်များ လုပ်ကိုင်နိုင်စွမ်းရှိသည့် စက်ရုံ၊ အလုပ်ရုံများကို ပုဂ္ဂလိကသို့ငှားရမ်းလွှဲပြောင်းပေးခြင်း၊ ဖက်စပ်ဆောင်ရွက်ခြင်းနှင့် အကျိုးတူပူးပေါင်းခြင်းတို့ ဆောင်ရွက်ခဲ့သည်။

**အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး**

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် လူနေမှုဘဝမြှင့်တင်နိုင်ရေးတို့အတွက် အရေးကြီးသော ကဏ္ဍတစ်ရပ်ဖြစ်ရာ စက်မှုဝန်ကြီးဌာနက အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Focal Ministry အဖြစ် ဆောင်ရွက်ခဲ့သည်။

အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနကို ၂၀၁၂ ခုနှစ် ဧပြီလတွင် စတင်တည်ထောင်ခဲ့ပြီး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများချမှတ်နိုင်ရေး၊ နည်းပညာအကူအညီနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ ကျွမ်းကျင်သူများ/အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ငွေကြေးအရင်းအနှီးထောက်ပံ့ပေးနိုင်ရေးအတွက် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေရရှိရေးတို့ကိုဆောင်ရွက်ပေးခဲ့သည်။

**အသေးစားနှင့် အလတ်စား လုပ်ငန်းရှင်များ ချေးငွေလျှောက်ထားရာတွင် လွယ်ကူလျင်မြန်စေရေးအတွက် ဖြေလျှော့ပေးမှု**

ချေးငွေထုတ်ချေးနိုင်ရန် အခွန်ပေးဆောင်ပြီးစီးမှုပြေစာအား ယခင်သုံးနှစ်အတွက် တင်ပြမှသာ လက်ခံသော်လည်း ယခုအခါ တစ်နှစ်အတွက်သာ တင်ပြလက်ခံခဲ့သည်။

အရှုံးအမြတ်စာရင်းအား ယခင်ပြည်သူ့လက်မှတ်ရ စာရင်းကိုင်၏ ထောက်ခံချက်ဖြင့် ရေးဆွဲတင်ပြရန်လိုအပ်သော်လည်း ယခုအခါ SMIDB မှ သတ်မှတ်ပုံစံအတိုင်း တစ်နှစ်အတွက်သာ ရေးဆွဲတင်ပြရန်လိုအပ်သည်။

SME ချေးငွေထုတ်ချေးရာအတွက် အာမခံထားရှိမည့် လုပ်ငန်းရှင်အမည်ပေါက် မြေဂရန်သည် အနည်းဆုံးသက်တမ်း ငါးနှစ်ရှိပါက ဘဏ်မှ လက်ခံသည်။

SME ချေးငွေထုတ်ချေးခွင့်ပြုသည့် ကာလသည် သုံးနှစ်ဖြစ်သောကြောင့် အာမခံမြေဂရန်လက်ကျန်သက်တမ်းသုံးနှစ်မပြည့်ပါက ဘဏ်မှ လက်မခံကြောင်း၊ သို့သော် ထပ်မံ၍ တစ်နှစ်သက်တမ်းတိုးခွင့်ပြုကြောင်း သက်ဆိုင်ရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဦးစီးမှူး၏ ထောက်ခံစာပူးတွဲပါရှိပါက ဘဏ်မှ ဖြေလျှော့လက်ခံသည်။

SMIDB မှ အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် SME ချေးငွေထုတ်ချေးရာတွင် အာမခံထားရှိမည့်မြေအား ယခင်က လုပ်ငန်းရှင်အမည်ပေါက် ဂရန်မြေနှင့် ဘိုးဘွားပိုင်မြေကိုသာ လက်ခံခဲ့သော်လည်း ယခု လန-၃၉ မြေကိုပါ ဖြေလျှော့လက်ခံခဲ့သည်။

**စက်မှုဆိုင်ရာကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးမှု**

စက်မှုကဏ္ဍအတွက် အခြေခံလိုအပ်ချက်ဖြစ်သော စက်မှုဆိုင်ရာလူ့စွမ်းအားအရင်းအမြစ် ကျွမ်းကျင်လုပ်သားများ တိုးတက်လာစေရန် ရည်ရွယ်၍ စက်မှုသင်တန်းကျောင်းခြောက်ကျောင်းမှ နှစ်စဉ်သင်တန်းသား ၁၀၀၀ ခန့်ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည် -

**- အမှတ် (၁) စက်မှုသင်တန်းကျောင်း(ဆင်တဲ)**

**- အမှတ် (၂) စက်မှုသင်တန်းကျောင်း(မန္တလေး)**

**- အမှတ် (၃) စက်မှုသင်တန်းကျောင်း(သာဂရ)**

**- အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ)**

**-အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး)**

**-အမှတ် (၆) စက်မှုသင်တန်းကျောင်း (မြင်းခြံ)**

စက်မှုလုပ်ငန်းများတွင် အသုံးပြုသော ဘွိုင်လာများကို ဘေးအန္တရာယ်ကင်းရှင်းစွာအသုံးပြုနိုင်ရေးအတွက် ဘွိုင်လာကိုင်တွယ်သူများ သင်တန်းနှင့် ဘွိုင်လာကျွမ်းကျင်မှု အထူးသင်တန်းများကိုလည်းကောင်း အရည်အချင်းပြည့်မီသော လျှပ်စစ်ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာရေးအတွက် လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများကိုလည်းကောင်း သင်တန်းများဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

**Mobile Vocational Training**

စက်မှုနှင့် သက်မွေးပညာရွေ့လျားသင်တန်း အစီအစဉ်ဖြင့် ကျေးလက်ဒေသများသို့ အရောက်သင်ကြားရေးယာဉ်များဖြင့် သွားရောက်၍ သံဂဟေဆက်သင်တန်း၊ စိုက်ပျိုးရေးသုံးအင်ဂျင်နှင့် မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းခြင်းသင်တန်း၊ အခြေခံလျှပ်စစ်ပညာသင်တန်းစသည့် စက်မှုနှင့် သက်မွေးပညာ ရက်တိုသင်တန်းများကို ဖွင့်လှစ်ပို့ချပေးခဲ့သဖြင့် ကျေးလက်ဒေသရှိ လူငယ်လူရွယ်များကို ၎င်းတို့ဒေသများအရောက် သင်တန်းများဖွင့်လှစ်ပို့ချ၍ အလုပ်အကိုင်အခွင့်အလမ်းသစ်များကို ဖော်ဆောင်ပေးနိုင်ခဲ့သည်။


**အလုပ်အကိုင်ကျွမ်းကျင်မှု စံသတ်မှတ်**

သတ္တုနှင့် အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှုစံသတ်မှတ်ရေး ရှေ့ပြေးစီမံချက် (Pilot Project)များအဖြစ် ဂဟေဆက်လုပ်သား(Welder) အမျိုးသားအဆင့် ကျွမ်းကျင်မှုလက်မှတ်များ (National Level 1 & 2) ကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် ပူးပေါင်း၍ လည်းကောင်း၊ သွန်းလောင်းလုပ်သား(Foundry Worker) အမျိုးသားအဆင့် ကျွမ်းကျင်မှုလက်မှတ် (National Level 1)ကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ လည်းကောင်း ကျွမ်းကျင်မှုလက်မှတ် Certificate များထုတ်ပေးလျက်ရှိသည်။

NSSA အသိအမှတ်ပြု ကျွမ်းကျင်မှုစစ်ဆေးရေးဌာန (Testing Center)များကို ရန်ကုန်မြို့၊ မန္တလေးမြို့တို့ရှိ စက်မှုဝန်ကြီးဌာနပိုင် အဆောက်အအုံများနှင့် စက်မှုသင်တန်းကျောင်းများတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ဘတ်ဂျက်ခွင့်ပြုငွေဖြင့် တိုးချဲ့ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၆-၂၀၁၇ ခုနှစ်မှ စတင်၍ မကွေး၊ ပခုက္ကူ၊ ပြည်မြို့နှင့် အခြားဒေသများတွင်ပါ ဖွင့်လှစ်နိုင်ရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်သည်။

စက်မှုဝန်ကြီးဌာနသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများနှင့်အညီ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း မှတ်တမ်းပြု ရေးသားတင်ပြလိုက်ရပါသည်။ ။

အလုပ်အကိုင်ရရှိမှု






အမှတ် (၃) စက်မှုသင်တန်းကျောင်း (သာဂရ)။
ဓာတ်ပုံ - itcthagaya.blogspot.com

# မြန်မာ့အားကစားအောင်နိုင်မှု သမိုင်းမှတ်တိုင်ပုံရိပ်များ

အမေးအရေး – မြင့်မောင်စိုး

ခေတ်တစ်ခေတ်မှတစ်ခေတ်သို့ ကူးပြောင်းရာတွင် တိုးတက်မှုများရှိရမည် ဖြစ်ပါသည်။ သို့မဟုတ် တိုးတက်ပြောင်းလဲမှုများအတွက် အုတ်မြစ်ချပေးနိုင်ခဲ့ရမည် ဖြစ်ပါသည်။

လက်ရှိအစိုးရလက်ထက်တွင် အားလုံးပြီးပြည့်စုံသော တိုးတက်ပြောင်းလဲမှုများ မဖြစ်ခဲ့သည့်တိုင် တိုးတက်ပြောင်းလဲမှုများစွာရှိနေသည်က အမှန်ပင်ဖြစ်ပါသည်။

ယင်းတို့တွင် မြန်မာ့အားကစား အောင်မြင်မှုများသည်လည်း တစ်ခုအပါအဝင်ပင်ဖြစ်ပါသည်။ လက်ရှိအစိုးရလက်ထက်တွင် အားကစားနှင့်ပတ်သက်၍ မည်သည့်အရာများ တိုးတက်အောင်ဆောင်ရွက်နိုင်သည်၊ မည်သည်တို့အတွက် အုတ်မြစ်ချပေးနိုင်ခဲ့သည်ကို စေ့ငုရေးသားတင်ပြနိုင်ရန်အတွက် အားကစားဝန်ကြီးဌာန ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ အတွင်းရေးမှူးလည်းဖြစ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်လည်းဖြစ်သည့် ဦးကျော်ဦးနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး။ ။** လက်ရှိအစိုးရလက်ထက် အားကစားဝန်ကြီးဌာနရဲ့ အောင်မြင်တိုးတက်မှုတွေ ဘယ်လောက်အတိုင်းအတာအထိ ဆောင်ရွက်နိုင်ခဲ့တာဆိုတာ ဦးစွာရှင်းပြပေးပါခင်ဗျာ။

**ဖြေ။ ။** လက်ရှိမှာ အားကစားဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်က ပေးအပ်ထားတဲ့ တာဝန်ကြီးတွေဖြစ်တဲ့ "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနဲ့ နိုင်ငံတကာအားကစားပြိုင်ပွဲတွေမှာ အောင်မြင်မှုရရှိစေရေး"ဆိုတဲ့ ရည်မှန်းချက်တာဝန်တွေ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်စေဖို့အတွက် အဓိကအထောက်အကူပြုဆောင်ရွက်ရတဲ့ အားကစားနည်းအလိုက် ထူးချွန်ထက်မြက်တဲ့ အားကစားသမားကောင်းတွေ စဉ်ဆက်မပြတ်ပေါ်ထွက်လာအောင် လုပ်နေပါတယ်။

အဲဒီလိုလုပ်တဲ့နေရာမှာ တိုင်းဒေသကြီး/ပြည်နယ်အားကစားပြိုင်ပွဲတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ကလပ်အသင်းတွေ ပါဝင်တဲ့ Champion Challenge Cup ပြိုင်ပွဲ၊ 27th SEA Games ပြိုင်ပွဲအကြို ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲနဲ့ Pre SEA Games အားကစားပြိုင်ပွဲတွေ၊ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အားကစားပြိုင်ပွဲတွေ၊ ၂၀၁၅ ခုနှစ် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော် TSDP (Township Development Program)အစီအစဉ်အရ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ ဦးစားပေးမြို့နယ် ငါးမြို့နယ်စီမှာဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ် အစရှိတဲ့ အားကစားပြိုင်ပွဲများ ကျင်းပခဲ့ပါတယ်။

အဓိကကျတဲ့ အောင်မြင်မှုအနေနဲ့ နှစ်ပေါင်း ၄၄ နှစ်ကြာမှ အိမ်ရှင်အဖြစ် ပြန်လည်လက်ခံ ကျင်းပနိုင်ခဲ့တဲ့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ ရွှေတံဆိပ် ၈၆ ခု၊ ငွေတံဆိပ် ၆၂ ခု၊ ကြေးတံဆိပ် ၈၅ ခုစုစုပေါင်းဆုတံဆိပ် ၂၃၃ ခု ရရှိခဲ့ပြီး နိုင်ငံအလိုက်ဒုတိယအဆင့် ရရှိခဲ့ပါတယ်။

ဒီထက်ထူးခြားတာကတော့ ဒီပြိုင်ပွဲကြီးရဲ့ ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားတွေကိုလည်း နိုင်ငံတကာအဆင့်မီပြုလုပ်နိုင်ခဲ့ပြီး ပြည်ပနိုင်ငံများရဲ့ အထင်ကြီးလေးစားချီးကျူးမှုတွေ ရရှိခဲ့တဲ့အထိ အောင်မြင်မှုများရရှိခဲ့ပါတယ်။

**မေး။ ။** အခု ဘယ်အားကစားနည်းတွေမှာ အောင်မြင်အောင် လုပ်ဆောင်နေပါသလဲခင်ဗျာ။

**ဖြေ။ ။** အားကစားဝန်ကြီးဌာနအနေနဲ့ ပြည်တွင်း၊ ပြည်ပအားကစားပြိုင်ပွဲတွေ လက်ခံကျင်းပခြင်းနဲ့ သွားရောက်ယှဉ်ပြိုင်မှုများအပေါ် အားသာချက်၊ အားနည်းချက်တွေကို သုံးသပ်ပြီး အောင်မြင်မှုမရရှိဘဲ အားနည်းချက်များရှိတဲ့ အားကစားနည်းများကို ပိုမိုအောင်မြင်မှုရရှိစေဖို့နဲ့ အောင်မြင်မှုရရှိပြီးဖြစ်တဲ့ အားကစားနည်းတွေရဲ့ အောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းရေးတို့အတွက် စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

ဒါပေမယ့် Mass Sports လို့ခေါ်တဲ့ လူထုအားလုံးပါဝင်လှုပ်ရှားတဲ့ အားကစားမအောင်မြင်ဘဲ Excellent Sports ဆိုတဲ့ ထူးချွန်ထက်မြက်တဲ့ အားကစားသမားတွေ မပေါ်ထွက်နိုင်ပါဘူး။

Mass Sports ဖြစ်တဲ့ လူထုအားလုံးပါဝင်လှုပ်ရှားတဲ့ အားကစားပြိုင်ပွဲတွေအဖြစ် ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်ဖလား အားကစားပြိုင်ပွဲတွေ၊ CCC (Champion Challenge Cup)ပြိုင်ပွဲတွေနဲ့ အမျိုးသားအားကစားပြိုင်ပွဲတွေကို စဉ်ဆက်မပြတ်ကျင်းပပါတယ်။ အဲဒီမှာ ထူးချွန်ထက်မြက်တဲ့ ရွက်ပုန်းသီးအားကစားသမားတွေကို Excellent Sports အဖြစ် ရွေးချယ်ပြီး နိုင်ငံတကာအားကစားပြိုင်ပွဲတွေမှာ အားကစားနည်းအလိုက် အောင်မြင်မှုရရှိစေရေးအတွက် ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

အထူးသဖြင့် အဓိကကျတဲ့ အားကစားနည်းတွေ အောင်မြင်မှုရရှိစေဖို့ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပြေးခုန်ပစ်၊ အလေးမ၊ လက်ဝှေ့၊ တိုက်ကွမ်ဒို၊ ကရာတေးဒို အားကစားနည်းတွေကို မြို့နယ်အဆင့်ကစ၍ TSDP အစီအစဉ်အရ ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။** မျိုးဆက်သစ်အားကစားသမားတွေ ပြုစုပျိုးထောင်ပေးနေမှုအခြေအနေကိုလည်း သိပါရစေခင်ဗျာ။

**ဖြေ။ ။** နိုင်ငံတကာ အားကစားပြိုင်ပွဲတွေမှာ အောင်မြင်မှုများရရှိစေဖို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးက အားကစားနည်းအလိုက် ထူးချွန်ထက်မြက်တဲ့ အားကစားသမား လူငယ်မျိုးဆက်သစ်တွေကို ရွေးချယ်စုစည်းပါတယ်။

ရေရှည်ပြုစုပျိုးထောင်မှုအဖြစ် အားကစားနဲ့ ကာယပညာသိပ္ပံ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်နဲ့ တောင်ကြီးတို့မှာ ပြုစုပျိုးထောင်လေ့ကျင့်ပေးနေတဲ့အပြင် လာမယ့်ဘဏ္ဍာရေးနှစ်မှာလည်း အားကစားနဲ့ ကာယပညာသိပ္ပံ မုံရွာနဲ့ လွိုင်ကော်တို့ကို တိုးချဲ့ဖွင့်လှစ်မှာဖြစ်တဲ့အတွက် အားကစားသိပ္ပံခြောက်ခုအထိ ရှိလာပါတယ်။

ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်မြင့်မားတဲ့ မျိုးဆက်သစ်လူငယ်တွေကို ပိုမိုပြုစုပျိုးထောင်သွားနိုင်တော့မှာ ဖြစ်ပါတယ်။ ဒါ့အပြင် သက်တမ်းအလိုက် လူငယ်မျိုးဆက်သစ်အားကစားသမားတွေ ရရှိစေဖို့အတွက် သက်တမ်းအလိုက် အားကစားပြိုင်ပွဲတွေ၊ နွေရာသီအားကစားသင်တန်းတွေ၊ အိုလံပစ်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲတွေကနေ တစ်ဆင့် အရည်အချင်းပြည့်ဝတဲ့ မျိုးဆက်သစ်တွေ ဖြည့်တင်းပေးနိုင်ဖို့အတွက် အသက်အရွယ် ငယ်ရွယ်ပြီး အလားအလာရှိသူတွေကို စိစစ်ရွေးချယ်ပြီး နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)မှာရှိတဲ့ အားကစားလေ့ကျင့်ရေးစခန်းမှာ ဆက်လက်စခန်းသွင်း လေ့ကျင့်ပျိုးထောင်ပေးနေပါတယ်။

**မေး။ ။** စင်ကာပူ SEA Games မှာ အောင်မြင်မှုအတွေ့အကြုံတွေလည်း ရှင်းပြပေးစေလိုပါတယ်ခင်ဗျာ။

**ဖြေ။ ။**(၂၈) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာတော့ ရွှေ ၁၂ ခု၊ ငွေ ၂၆ ခု၊ ကြေး ၃၁ ခု စုစုပေါင်း ၆၉ ခုဖြင့် နိုင်ငံအလိုက် အဆင့် (၇)ရရှိခဲ့ပါတယ်။ နောင်လာမယ့် အားကစားပြိုင်ပွဲတွေမှာတော့ အောင်မြင်မှုရရှိစေဖို့အတွက် အားနည်းချက်တွေကို ပြုပြင်ပြီး အောင်နိုင်လိုစိတ်ပြင်းပြမှု၊ စည်းကမ်းရှိမှု၊ ပြင်းထန်တဲ့လေ့ကျင့်မှုတွေကို ယခုထက် ပိုကြိုးစားဆောင်ရွက်ပြီး အားကစားနည်းအလိုက် နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲတွေကို စဉ်ဆက်မပြတ်လက်ခံကျင်းပပါမယ်။ နိုင်ငံတကာပြိုင်ပွဲတွေကို စေလွှတ်ယှဉ်ပြိုင်စေပါမယ်။

အားကစားနည်းအလိုက် အကဲသာတဲ့ နိုင်ငံတွေကို ပူးတွဲလေ့ကျင့်မှုတွေ စေလွှတ်ပါမယ်။ နိုင်ငံခြားနည်းပြကောင်းတွေ ခေါ်ယူငှားရမ်းပြီး နှစ်လုံးပေါက် စခန်းသွင်းလေ့ကျင့်မှုတွေ ပြုလုပ်ပါမယ်။ ဒီလိုဆိုရင် အောင်မြင်မှုတွေ ပြန်လည်ရရှိနိုင်မှာ ဖြစ်ပါတယ်။

**မေး။ ။** အားကစားနည်းအလိုက် အောင်မြင်မှု၊ အနာဂတ်အတွက် ပြင်ဆင်လေ့ကျင့်မှုအခြေအနေကိုလည်း သိပါရစေခင်ဗျာ။

**ဖြေ။ ။** ရေကူး၊ ပြေးခုန်ပစ်၊ ဘောလုံး အားကစားနည်းတွေမှာ အရင်က အရှေ့တောင်အာရှအဆင့်သာမက အာရှအဆင့်အထိပါ အောင်မြင်မှုတွေရရှိခဲ့ပါတယ်။ လက်ရှိအခြေအနေမှာ ရိုးရာလေ့၊ ဝူရှူး၊ ပိုက်ကျော်ခြင်း၊ ခြင်းလုံး၊ ဂျူဒိုအားကစားနည်းတွေမှာ အောင်မြင်မှုအများဆုံး ရရှိခဲ့ပါတယ်။ မြားပစ်၊ ဘိလိယက်၊ စနူကာ၊ လက်ဝှေ့၊ တိုက်ကွမ်ဒို၊ အလေးမတွေက ဒုတိယအောင်မြင်တဲ့ အားကစားနည်းများ ဖြစ်ပါတယ်။

အနာဂတ်အတွက် ပြင်ဆင်လေ့ကျင့်မှုများအနေနဲ့ အခြေခံကျတဲ့ အားကစားကွင်း/အားကစားရုံတွေ အသစ်တည်ဆောက်ပေးပါတယ်။ ပြုပြင်မွမ်းမံပေးပါတယ်။ အားကစား အထောက်အကူပြုပစ္စည်းတွေ ထောက်ပံ့ပေးပါတယ်။ အားကစားနည်းအလိုက် နည်းပြ၊ ဒိုင်သင်တန်းတွေ၊ မြို့နယ် အားကစားမှူးလုပ်ငန်းကျွမ်းကျင်မှုသင်တန်းတွေ ဖွင့်လှစ်ပေးပါတယ်။

ပညာရေးဝန်ကြီးဌာနနဲ့ ပေါင်းစပ်ပြီး ပြိုင်ပွဲတွေလည်း စဉ်ဆက်မပြတ် ကျင်းပပေးနေပါတယ်။ အားကစားအဖွဲ့ချုပ်တွေကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းပြီး အားကစားနဲ့ ကာယပညာသိပ္ပံကျောင်းတွေကို တိုးချဲ့ဖွင့်လှစ်ပါတယ်။

နည်းပြတွေရဲ့ စွမ်းရည်တိုးတက်စေဖို့အတွက် နိုင်ငံခြားပညာတော်သင်စေလွှတ်ပြီး လေ့ကျင့်ပျိုးထောင်ပေးပါတယ်။ အားကစားနည်းအတွက် နှစ်အလိုက် အားကစားပြက္ခဒိန်ရေးဆွဲပြီး ပြိုင်ပွဲတွေလည်း ကျင်းပပေးနေပါတယ်။ TSDP အစီအစဉ်အရ သတ်မှတ်ကာလများအတိုင်း ပြိုင်ပွဲတွေကျင်းပပေးခြင်း၊ ဒေသအလိုက် အားကစားလေ့ကျင့်ရေးစခန်းများ တည်ထောင်ဖွင့်လှစ်ပေးခြင်း စတာတွေလုပ်ပေးပြီး အနာဂတ်မှာထူးချွန်ထက်မြက်တဲ့ လူငယ်မျိုးဆက်သစ်များ ပေါ်ထွက်လာဖို့၊ အားကစားနည်းအလိုက် အောင်မြင်မှုရရှိစေဖို့ ပြင်ဆင်လေ့ကျင့်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။** ပြေးခုန်ပစ်၊ ဝူရှူး၊ တိုက်ကွမ်ဒို၊ အလေးမ၊ ကရာတေးဒို၊ လက်ဝှေ့၊ ရေကူး၊ ဂျူဒိုအစရှိတဲ့ ပြင်းပြင်းထန်ထန် ကစားရတဲ့ အားကစားနည်းတွေ အောင်မြင်မှုပြန်လည်ရရှိအောင် ဘယ်လိုကြိုးစားနေပါသလဲခင်ဗျာ။

**ဖြေ။ ။** ဒီအားကစားနည်းတွေ အောင်မြင်မှုရရှိစေရေးမှာ အဓိကအရေးပါတဲ့ မျိုးဆက်သစ်အားကစားသမားတွေ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေဖို့အတွက် လူရွေးချယ်ရေးကဏ္ဍကို "ဒေါက် ငါးဒေါက်"နဲ့ ဆောင်ရွက်နေပါတယ်။

အဖွဲ့ချုပ်တွေက ကျင်းပတဲ့ပြိုင်ပွဲတွေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အားကစားပြိုင်ပွဲတွေ၊ အားကစားနဲ့ ကာယပညာသိပ္ပံတွေ၊ ကျောင်းသားအားကစားပြိုင်ပွဲတွေ၊ တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အားကစားပြိုင်ပွဲတွေကနေ ထူးချွန်ထက်မြက်တဲ့ အားကစားသမားတွေကို ရွေးချယ်ပြီး နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)မှာ စနစ်တကျ စုဖွဲ့လေ့ကျင့်စေလျက်ရှိပါတယ်။

ဒါအပြင် သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်တွေကိုလည်း ပြင်ဆင်ဖွဲ့စည်းခြင်း၊ ပူးတွဲလေ့ကျင့်မှုတွေ စေလွှတ်ခြင်း၊ ဖိတ်ခေါ်ပြိုင်ပွဲတွေ၊ ပြည်တွင်း၊ ပြည်ပ ပြိုင်ပွဲတွေ ဝင်ရောက်ယှဉ်ပြိုင်စေခြင်း၊ Test Match ပြိုင်ပွဲတွေကျင်းပပေးခြင်း အစရှိတဲ့ အားကစားနည်းအလိုက် အောင်မြင်မှုများပြန်လည်ရရှိအောင် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။** တစ်နိုင်ငံလုံး အားကစားကွင်း၊ အားကစားရုံတွေ တိုးတက်မှုအခြေအနေကိုလည်း သိပါရစေခင်ဗျာ။

**ဖြေ။ ။** ၂၀၁၁ ခုနှစ်မှာ အားကစားကွင်း ၃၇၀၊ အားကစားခန်းမ ၂၁၀ စုစုပေါင်း ၅၈၀ ရှိခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ အားကစားကွင်း ၃၈၉ ကွင်း၊ အားကစားခန်းမ ၂၈၈ ခု၊ စုစုပေါင်း ၆၇၇ ရှိတဲ့အတွက် အားကစားကွင်း ၁၉ ကွင်း၊ အားကစားခန်းမ ၉၇ ခုနဲ့ ရုံ စုစုပေါင်း ၁၁၆ ရုံ တိုးချဲ့တည်ဆောက်ပေးခဲ့ပါတယ်။

ဒါအပြင် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးအတွက် တည်ဆောက်ခဲ့တဲ့ နေပြည်တော်မှာ ဝဏ္ဏသိဒ္ဓိနဲ့ ဇေယျာသီရိ Sports Complex၊ မန္တလေးမြို့မှာ မန္တလာသီရိအဆင့်မြင့်အားကစားကွင်း၊ နေပြည်တော်မှာ အားကစားရွာနဲ့ Sports Training Center (1)/(2) Mount Pleasant စက်ဘီးကွင်း၊ ပြင်ဦးလွင် အားကစားလေ့ကျင့်ရေးစခန်း၊ ငွေဆောင်ရွက်လှေ အားကစားလေ့ကျင့်ရေးစခန်း၊ ချောင်းသာ လေ့ကျင့်ရေးစခန်းနှင့် ဒဂုံ (မြောက်) မသန်စွမ်းအားကစားလေ့ကျင့်ရေးစခန်းတို့လည်း ရှိနေပါတယ်။

**မေး။ ။** တိုင်းဒေသကြီး/ပြည်နယ် အားကစားပြိုင်ပွဲတွေ ကျင်းပနိုင်ခဲ့မှုအခြေအနေနဲ့ ပတ်သက်ပြီးတော့လည်း ရှင်းပြပေးစေလိုပါတယ်။

**ဖြေ။ ။** တိုင်းဒေသကြီး/ပြည်နယ် အားကစားပြိုင်ပွဲ ၂၉ မျိုးကို ၂၀၁၁ ခုနှစ်က ကျင်းပခဲ့ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှ ကလပ်အသင်းတွေပါဝင်တဲ့ ပြိုင်ပွဲတွေ၊ တိုင်းဒေသကြီး၊ ပြည်နယ်တွေကနေ ပါဝင်ယှဉ်ပြိုင်တဲ့

**စာမျက်နှာ ၂ သို့ »»**



(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးခဲ့သော ဝူရှူးအတွဲလိုက်လက်နက်မဲ့ အတိုက်ပြိုင်ပွဲဝင် ဝေဖြိုးအောင်တို့အတွဲ။